# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

**ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)**


၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၁၃ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၅၃)


## သံတမန်နှင့်အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် သဘောတူစာချုပ် လက်မှတ်ရေးထိုး

### သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အစ္စရေးနိုင်ငံအစိုးရတို့သည် နှစ်နိုင်ငံ၏ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရန် ဆန္ဒရှိသည်ဖြစ်၍ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ နှစ်နိုင်ငံ၏ သံတမန်နှင့် အထူး/ ဝန်ထမ်း နိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူများအတွက် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်သဘောတူစာချုပ်ကို အင်္ဂလိပ်၊ မြန်မာ၊ ဟီဘရူး သုံးဘာသာဖြင့် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူစာချုပ်အရ နှစ်နိုင်ငံ၏ သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ အတွက် ရက် ၉၀ ထက်မကျော်လွန်သည့် နေထိုင်ခွင့် ရရှိမည်ဖြစ်ပြီး နှစ်နိုင်ငံ သံတမန်နှင့် အထူး/ဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအကြား ခရီးသွားလာ ရေးကိုလည်း အဆင်ပြေလွယ်ကူချောမွေ့စေမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်

## ဆေးရုံကြီးပရဝဏ်အတွင်း ကျန်းမာသန့်ရှင်းသည့် ဆိုင်များ ဖြစ်ရန်လိုနေ


စာ » ၉


## အစ္စလာမ္မစ်စစ်သွေးကြွများအား တိုက်ထုတ်ရာတွင် အမေရိကန်၏ ကူညီမှုကို သတိမထားမိကြောင်း ဒူတာတေးပြောကြား


စာ » ၁၀




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွီဒင်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စ မာဂတ်စ် ဝဲလ်စတောင်းနှင့်အတူ တွေ့ရစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

**စတော့ဟုမ်း ဇွန် ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ မာဂတ်စ် ဝဲလ်စတောင်းတို့သည် ဇွန် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် စတော့ဟုမ်းမြို့ရှိ ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

## အမြန်လမ်းမကြီးဘေးရှိ ကျူးကျော်တဲများ ရှင်းလင်း

**သတင်း - သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ - သစ္စာ**

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် သုံးမိုင်မှ ငါးမိုင် နှစ်ဖာလုံကြားရှိ ကျူးကျော်တဲများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဇွန် ၁၂ ရက် နံနက် ၉ နာရီခွဲက ရှင်းလင်းခဲ့ရာ ပထမနေ့အဖြစ် အမြန်လမ်းမကြီးနှင့် ဆည်ရေမြောင်းကြားရှိ တဲများကို ရှင်းလင်းခဲ့ကြောင်းသိရသည်။

"ကျွန်မတို့ ရွှေပြည်သာကနေ ပြောင်းလာတာပါ။ မိသားစု ရှစ်ဦးရှိတယ်။ မြေဝယ်တုန်းက ငွေကျပ် သုံးသောင်းခွဲပေးရတယ်။ မြေရောင်းစားတဲ့၊ အမြတ်ကြီးစားတဲ့သူတော့ မဟုတ်ဘူး။ ရတနာအောင်ရပ်ကွက်မှာအိမ်ခြေ ၁၃၄၆ အိမ်ရှိတယ်။ နေစရာ မရှိလို့ လာနေတာ။ ခိုနားခွင့်နေရာလေးပေးမယ်ဆိုရင် အလွန် ဝမ်းသာမှာပါ"ဟု ရွှေပြည်သာမှ ပြောင်းရွှေ့နေထိုင်သော ဒေါ်ဌေးဌေးမြင့်က ပြောသည်။

အဆိုပါအမြန်လမ်းမကြီးဘေးရှိမြေနေရာသည် ယခင်က


*စာမျက်နှာ ၃ ကော်လံ ၁ ❍*





မြန်မာ့အလင်း

# တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု

"ကျွန်မတို့နိုင်ငံမှာ လမ်းတွေဖောက်တဲ့အခါမှာ ဖောက်လိုက်၊ မိုးကျတော့ ပျက်လိုက်၊ တစ်ခါပြန်ဖောက်လိုက်၊ ပျက်လိုက်၊ အဲဒီလိုပြန်ပြန်ပြီး ပြင်ရတဲ့ လမ်းတွေလည်းရှိပါတယ်။ ကျွန်မတို့အစိုးရတာဝန်ယူပြီးတဲ့အခါမှာ လမ်းနဲ့ ပတ်သက်လို့ ချမှတ်တဲ့ မူဝါဒတစ်ခုကတော့ တစ်နှစ်တစ်နှစ်တိုးတက်မှုရှိရမယ်။ ဒီနှစ်လည်း ဒါပဲလုပ်၊ မိုးပြီးတော့ ဒီဟာပဲပြန်လုပ်ဆိုတာ မဖြစ်ရဘူး။ တစ်နှစ်မှာ မြေသားဆိုရင် နောက်တစ်နှစ်မှာ ကျောက်ခင်းလမ်း၊ နောက်ကတ္တရာလမ်း စသည်ဖြင့် တစ်ဆင့်တစ်ဆင့် တက်သွားနိုင်ဖို့ဆိုပြီး ရည်ရွယ်ပြီး ဆောက်လုပ်ရေးဘက်ကို အားပေးပါတယ်"

အထက်ပါ စကားစုမှာ ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် နေထိုင်ကြသည့် မြန်မာအသိုက်အဝန်းနှင့် ဇွန် ၉ ရက်က တွေ့ဆုံရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဥပမာပုံဆောင်၍ ပြောကြားခဲ့ခြင်းဖြစ်သည့်တိုင်အောင် အမှန်တကယ်အားဖြင့်လည်း ဖောက်လိုက်၊ ပျက်လိုက်၊ ပြန်ဖောက်လိုက်၊ ပြန်ပျက်လိုက်နှင့် ပြန်ပြန်ပြင်နေရသည့် အခြေအနေများကို လမ်းတံတားလုပ်ငန်းများမှာသာမက တာတမံလုပ်ငန်း၊ ကျောင်း၊ ဈေး၊ ရုံး၊ ဆေးရုံ၊ စာကြည့်တိုက်၊ အိမ်ရာအစရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင်ပါ မကြာခဏဆိုသလို တွေ့မြင်ကြားသိနေကြရသည်။ တစ်ခါတစ်ရံတွင် အသုံးပင်မပြုရသေးသည့် အခြေအနေတွင် ပျက်စီးမှုများ ဖြစ်ပေါ်နေခြင်းကြောင့် လုပ်ငန်းအပ်နှံသူနှင့် ဆောက်လုပ်သူတို့အကြား အချေအတင်ဖြစ်ပွားရခြင်းများကိုလည်း တွေ့ရသည်။

တည်ဆောက်မှုများ အရည်အသွေးညံ့ဖျင်းခြင်း၊ ဆောက်လိုက်၊ ပျက်လိုက်၊ ဖောက်လိုက်၊ ပျက်လိုက်၊ ပြန်ပြင်လိုက်ဖြစ်ရခြင်းတို့၏ အဓိကအကြောင်းရင်းကို အရည်အသွေးကောင်းမွန်ခြင်းမရှိသည့် ပစ္စည်းများသုံးစွဲခြင်းကြောင့်၊ အကျင့်ပျက်ခြစားမှုများကြောင့်၊ ကျွမ်းကျင်မှုမရှိသော အလုပ်သမားများကြောင့်၊ နည်းပညာအားနည်းမှုကြောင့်၊ ရာသီဥတုကြောင့် စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကြသည့်တိုင်အောင် အဓိကနှင့် ပဓာနအကျဆုံးမှာ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နည်းပါးခြင်း (သို့မဟုတ်)လုံးဝမရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု ရှုမြင်မိသည်။

လမ်းတစ်လမ်းကိုဖောက်လုပ်ရာတွင် အမြင့်ဆုံး၊ တာဝန်အရှိဆုံး တစ်ယောက်နှင့် ကဏ္ဍအလိုက်၊ အဆင့်အလိုက် တာဝန်ရှိသူများရှိကြသည်။ အဆိုပါပုဂ္ဂိုလ်များအနေဖြင့် ကိုယ့်တာဝန်ကိုယ်သိကြရမည်ဖြစ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုတို့လည်းရှိကြရမည်ဖြစ်သည်။ ပေးအပ်ထားသည့် တာဝန်ကိုလည်း ကျေပွန်ကြရမည်ဖြစ်သည်။ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းသည် ကောင်းမွန်သော စီမံအုပ်ချုပ်မှု၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်ရာ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းတည်ဆောက်နေရဆဲ၊ ရုန်းကန်နေရဆဲနိုင်ငံတစ်နိုင်ငံအဖို့ မရှိမဖြစ်သော လိုအပ်ချက်ပင်ဖြစ်သည်။

တာဝန်သိခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းတို့သည် ပြင်ပမှ တင်သွင်းယူရသော ကုန်ပစ္စည်းမျိုးမဟုတ်ဘဲ ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးများဖြစ်သည့်အလျောက် မိမိ ကိုယ်ကိုထူထောင်ကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အတွက်၊ ဒေသအတွက် အရေးပါသည့် နေရာအသီးသီး၊ လုပ်ငန်းအရပ်ရပ်တို့တွင် တာဝန် သိသူ၊ တာဝန်ယူသူ၊ တာဝန်ခံသူတို့သည်သာ တာဝန်အပ်နှင်းမှုကို ခံယူသင့်သူဟု ရှုမြင်ပါကြောင်း။ ။

## တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇွန် ၁၂**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန် အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် တို့တွင် မိုးဆက်လက်ပိုနေမည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သံတွဲမြို့တွင် ၆ ဒသမ ၅၀ လက်မ၊ မြောက်ဦးမြို့တွင် ၆ ဒသမ ၃၄ လက်မ၊ ကျောက်တော်မြို့တွင် ၄ ဒသမ ၄၉ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၉၈ လက်မ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၁၈ လက်မ၊ ပလက်ဝမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ဟသ်ာတမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ တမူးမြို့တွင် ၂ ဒသမ ၇၆ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၅၅ လက်မနှင့် ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၅၂ လက်မတို့ ဖြစ်ကြသည်။

(မိုး/ဇလ)




# "အ"သုံးလုံးအဖွဲ့ဝင်ဟောင်းများ မျက်နှာစုံညီအစည်းအဝေးကျင်းပမည်

**နေပြည်တော် ဇွန် ၁၂**

တက္ကသိုလ် ကောလိပ် သိပ္ပံကျောင်း ပေါင်းစုံ "အ"သုံးလုံးအဖွဲ့ဝင်ဟောင်းများ ဦးစီးသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့၏အသင်းဝင်များ မျက်နှာစုံညီအစည်းအဝေးနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် တောင်ငူဆောင်မြေညီထပ် မြန်မာစာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မျက်နှာစုံညီအခမ်းအနားသို့ ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့ဝင်များ၊ မည်သည့်ပညာသင်နှစ် မည်သည့်ကျောင်းမှ ဖြစ်စေ "အ"သုံးလုံးလုပ်အားပေးခဲ့သူများ၊ စိတ်ပါဝင်စားသူများအားလုံး တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် ထူထောင်ခြင်း အသိပေးရှင်းလင်းပွဲကျင်းပ

**လင်းခေး ဇွန် ၁၂**

ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် ထူထောင်ခြင်း အသိပေးရှင်းလင်းပွဲကို ဇွန် ၁၂ ရက် နံနက် ၈ နာရီခွဲက ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် လင်းခေးမြို့ နွယ်ဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုင်းဇော်ဝင်းလှိုင်က ဆေးလိပ်ငွေ့ ကင်းစင်ရှမ်းပြည်တစ်ခွင် ထူထောင်ခြင်းအကြောင်း အသိပေး ဆွေးနွေးရှင်းလင်းခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် ထူထောင်ခြင်းဆောင်ရွက်ရေးအတွက် စီမံချက်ပစ္စည်းများကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေး၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မျိုးမင်းသန်း စစ်ဗျူဟာအဖွဲ့ (အခြေချ) လင်းခေး၊ လင်းခေး၊ မိုးနဲ၊ မောက်မယ်မြို့နယ်နှင့် မိုင်းပန်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ခရိုင်စီမံကိန်း ဦးစီးမှူးနှင့် လင်းခေးအခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့ထံသို့ ပစ္စည်းများ ပေးအပ်ခဲ့သည်။

**စိုင်းဇော်လတ်(လင်းခေး)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၂-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၅၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၀၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၇၅/၇၀၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၈၀/၇၀၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၉၅/၇၂၀ ကျပ် (လက်လီဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၅ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၁၈ ·၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၈ ·၉၈ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ·၇၇၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၀၉ |
| တရုတ် | တစ်ယွမ် | ၁၉၉ ·၃၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ ·၇၀ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၂

**ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၉)ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ကေတုမတီခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)





သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း၊ အဖွဲ့ဝင် ဦးဝင်းမော်နှင့် ဒေါက်တာဦးပွား၊ မလေးရှားနိုင်ငံ EDS Business School မှ ပညာရှင်များ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးအဆင့် သင်တန်းသား သင်တန်းသူ ၅၈ ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌက သင်တန်းဖွင့်မိန့်ခွန်းပြောကြားရာတွင် ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၏ စီမံခန့်ခွဲအုပ်ချုပ်မှုပိုင်းတွင် အဓိကတာဝန်ထမ်းဆောင်နေကြပြီး အနာဂတ်တွင် နိုင်ငံတော်၏ ပိုမိုကြီးမားသည့်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အဆင့်မြင့်အရာရှိကြီးများ၏ အရည်အသွေးများ မြင့်မားထက်မြက်လာစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလရက်သတ္တ ရှစ်ပတ်အတွင်းတွင် အရာရှိကြီးများကို ပြည်ပဘာသာပို့ချမှုအနေဖြင့် EDS Business School (Malaysia)က "Developing a Good to Great Culture for Civil Service၊ Effective Supervision and Team Leadership Methods for Civil Service၊ Strategic and Corporate Planning for a Public sector Organization" တို့ကိုလည်းကောင်း၊ UNDP က "Public Administration Responsiveness Trainings၊ Code of Ethics Anti-Corruption၊ Competency Frameworks" ကို လည်းကောင်း၊ EU (GOPA)က "Irish Competency Frameworks and Health Management" ဘာသာရပ်များကို လည်းကောင်း ပို့ချသွားမည် ဖြစ်ကြောင်း။

ပြည်တွင်းဘာသာရပ်ပို့ချမှုအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ကျွမ်းကျင်ပညာရှင်ပုဂ္ဂိုလ်များက ခေတ်စနစ်နှင့် လျော်ညီပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ အဆင့်အတန်းရှိရှိဖြင့် ပြုစုထားရှိသည့် သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးဇယားများကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ မိမိဝန်ကြီးဌာနနှင့် နိုင်ငံ့ဂုဏ်သိက္ခာ မြှင့်တင်နိုင်ရန်အတွက် ကြိုးကြိုးစားစား စိတ်ဝင်တစား ပါဝင်ဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်း။

သင်တန်းတွင် ပို့ချမည့် သင်ရိုးညွှန်းတမ်း၊ သင်ရိုးဇယားများကို ပြီးခဲ့သည့် သင်တန်းများက ရရှိလာသည့် အတွေ့အကြုံ၊ အားနည်းချက်၊ အားသာချက်များကို အခြေခံပြီး တက္ကသိုလ်အကြံပေးအဖွဲ့ (Advisory Group)၊ တက္ကသိုလ်ပညာရပ်အဖွဲ့ (Board of Studies) ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဖွဲ့စည်းထားသည့် ပညာရပ်ဆိုင်ရာဗဟိုအဖွဲ့ (Core Group)တို့၏ ဆွေးနွေးအကြံပြုချက်များနှင့်အညီ ပိုမိုသင့်တော်ကောင်းမွန်အောင် ဆောင်ရွက်ထားရှိပါကြောင်း၊ သင်တန်းတက်ရောက်ပြီးသည့်အခါ သင်တန်းဆင်းအရည်အချင်းအဆင့်များကို နိုင်ငံတော် သမ္မတရုံးကို တင်ပြ၍ သင်တန်းသားများ၏ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများကို ပေးပို့ဖြန့်ဝေနေခြင်းကြောင့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ကြိုးကြိုးစားစားသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

---

*❍ ရွှေဖုံးမှ*

စိုက်ပျိုးရေးစီမံကိန်းဆောင်ရွက်သောနေရာဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ယခုလို ကျူးကျော်ဆောက်လုပ်သည့်အတွက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရှင်းလင်းဖယ်ရှားပြီးသောနေရာဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့နေတာ သုံးလရှိပြီ။ ကျွန်တော်တို့ကို အာမခံရောင်းတဲ့သူက ကုမ္ပဏီနဲ့ ဘာမှ မပတ်သက်ဘူး။ မြေပိုင်ရှင်ဆီကနေ တစ်ကေသိန်း ၄၀ နဲ့ဝယ်ပြီး အကွက်ရိုက်ပြန်ရောင်းတာလို့ ပြောတယ်။ ဘာအရှုပ်အရှင်းမှမရှိဘူး။ အာမခံတယ်ဆိုလို့ တစ်ကွက် ၁၅ သိန်းနဲ့ဝယ်ပြီး အုတ်တိုက်လေးဆောက်ပြီးတာ သုံးရက်ပဲရှိသေးတယ်။ အာမခံအတွက် စာအုပ်ထုတ်ပေးတယ်။ အခုလိုပြဿနာဖြစ်တော့ ဘယ်ရောက်ကုန်မှန်းမသိဘူး။ အရင်ကတည်းက မမှန်ကန်ဘူးဆိုရင် ကျွန်တော်တို့လည်း ဝယ်ဖြစ်မှာမဟုတ်ဘူး။ အားလုံးဒေါသထွက်နေကြတာ။ လိမ်လည်ရောင်းတဲ့သူတွေကို ဥပဒေအရ အရေးယူနိုင်အောင်လုပ်မှာပါ။ ချွေးနဲစာငွေတွေ ကုန်သွားပြီ"ဟု တက္ကစီယာဉ်မောင်းအလုပ်ဖြင့် အသက်မွေးသော ကိုမြင့်ထွေးကပြောသည်။

ယနေ့ကျူးကျော်တဲများ ရှင်းလင်းရာတွင် အမှန်တကယ်နေထိုင်သူအနည်းငယ်သာရှိပြီး တစ်ဆင့်ပြန်လည်ရောင်းချရန် ဝယ်ယူထားသည့်အတွက် တဲအများစုမှာ တဲလွတ်များဖြစ်၍ မြေကွက်ရောင်းချသူအုပ်စုအချို့မှ အမှတ်(၉)ရဲ့တပ်ရင်းတပ်ဖွဲ့ဝင်အချို့အား နှောင့်ယှက်အော်ဟစ်ခဲ့သော်လည်း ရှင်းလင်းမှုလုပ်ငန်းကို ပုံမှန်အတိုင်းသာလုပ်ဆောင်နိုင်ခဲ့ပြီး အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာသော ခရီးသည်တင်မှန်လုံယာဉ်တို့အား ပိတ်ဆို့တားဆီးသည့် နှောင့်ယှက်သူက ရဲတပ်ဖွဲ့ဝင်တစ်ဦးအား လေးခွဖြင့် ပစ်ခတ်၍ ထိခိုက်ဒဏ်ရာရခဲ့သည့်အတွက် အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးအား ထိန်းသိမ်းထားကြောင်း သိရသည်။

**တရားစွဲနိုင်**

ဒီတစ်ရက်တည်းတော့ မပြီးနိုင်ဘူး။ စီမံကိန်းနေရာတွေကို ပြန်လည်ရှင်းလင်းသွားမှာပါ။ နားမလည်လို့ ဝယ်ယူထားသူတွေက ရောင်းတဲ့သူတွေကို တရားစွဲနိုင်ပါတယ်"ဟု မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အမြန်လမ်းမကြီးယာဘက်တွင် ကျူးကျော်တဲ ၄၀၀ ခန့်ကို ရှင်းလင်းခဲ့ပြီး ဇွန် ၁၃ ရက်တွင် ဆက်လက်ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။ အမြန်လမ်းမကြီး၏ဝဲဘက်တွင်လည်း အိမ်ခြေ ၁၆၀၀၀ ကျော်ရှိ၍ ဝယ်ယူထားသူများ လူမနေလျှင် ပြန်လည်သိမ်းမည်ဆိုသောကြောင့် ဝယ်ယူထားသူများမှာ ရန်ကုန်မြို့တွင်းမှဖြစ်ပါက လာရောက်နေထိုင်လျက်ရှိပြီး နယ်ဝေးမှဖြစ်ပါက လူငှားဖြင့် နေထိုင်လျက်ရှိကြောင်း သိရသည်။



ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးရှိ ကျူးကျော်နေရာများကို လူအင်အားဖြင့် ရှင်းလင်းနေမှုကို တွေ့ရစဉ်

ကျူးကျော်တဲများ ရှင်းလင်းမှုနှင့်ပတ်သက်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးယုခိုင်ကလည်း "ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်နဲ့ သွားတဲ့ စီမံကိန်းနေရာလည်း ဖြစ်ပါတယ်။ အမြန်လမ်းမကြီး သုံးမိုင်လေးဖာလုံနဲ့ လေးမိုင် ငါးဖာလုံအတွင်းက ဘယ်/ညာမှာရှိတဲ့ ၁၄၅၃ ဒသမ ၇၂ ဧကမြေကို နိုင်ငံတော်စီမံကိန်းလုပ်ဆောင်ဖို့ရှိပါတယ်။ နိုင်ငံပိုင်မြေကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ထိန်းသိမ်းပေးရတယ်။ ဥပဒေကြောင်းအရ နစ်နာသူကပဲ ဆက်လက်ဆောင်ရွက်ရမှာပါ။ ရောင်းမှားဝယ်မှားဖြစ်ကြရင် သက်ဆိုင်ရာရဲစခန်းမှာ ဥပဒေအတိုင်းအမှုဖွင့် ဆောင်ရွက်နိုင်ပါတယ်။ အခက်အခဲရှိရင်ကျွန်တော်တို့ ဌာနဆိုင်ရာက အကူအညီပေးမှာပါ။ နွမ်းပါးတဲ့သူတွေကို လုပ်သွားတဲ့အတွက် ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး။ လူတွေကလည်း ဒီဈေးနဲ့ မရနိုင်မှန်းသိရက်နဲ့ဝယ်ကြတော့ ငွေဆုံးရှုံးတာပေါ့။ ကျူးကျော်ဖြစ်တဲ့အတွက် နေရာပြန်ပေးဖို့ အစီအစဉ်မရှိပါဘူး။ နိုင်ငံတော်စီမံကိန်းလုပ်မယ်ဆိုတော့ လူနေအိမ်ခြေရှိမယ်။အိမ်ရာမြေကွက်ရှိမယ်။ နိုင်ငံတကာစာသင်ကျောင်းတွေရှိမယ်။ ဆေးရုံရှိမယ်။ အပန်း ဖြေအနားယူဖို့ ဥယျာဉ်ရှိမယ်။ ဂေါက်ကွင်းနဲ့ ၁၁၅ မိုင်လို ဆောင်ရွက်ဖို့ရှိမယ်။ အခုလိုရှင်းဖို့ ကြိုတင်ကြေညာပြီးသားပါ။ လွန်ခဲ့တဲ့တစ်ကြိမ်ကလည်း အခုလိုရှင်းလင်းပြီးသားပါ။ ဒါဟာထပ်ပြီး ကျူးတဲဆောက်ကြတာ"ဟု ပြောကြားသည်။

ယင်းနေ့နံနက်ရှင်းလင်းမှုတွင် စက်ယန္တရားမပါဘဲ လူအင်အားဖြင့်သာ ရှင်းလင်းခြင်းဖြစ်၍ နံနက်ပိုင်းတွင် ကြိုတင်ကြေညာထားပြီးမှသာ ဝင်ရောက်ရှင်းလင်းခြင်းဖြစ်ကြောင်း၊ မနက်ဖြန်တွင် နံနက် ၉ နာရီကျော်၊ ၁၀ နာရီတွင်သာ ရှင်းလင်းမည်ဖြစ်ပြီး နစ်နာသူများက ဥပဒေအတိုင်းရဲစခန်းတွင် အမှုဖွင့်ပါက ဌာနဆိုင်ရာကလည်း ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တိုင်ကြားမှုမရှိပါက ကူညီဆောင်ရွက်ပေး၍မရကြောင်း၊ နံနက်ပိုင်းက အမြန်လမ်းပေါ်တွင် ဖမ်းဆီးခံရသူများမှာလည်း ၎င်းတို့၏စိတ်ဆန္ဒဖြင့် လုပ်ဆောင်ခြင်းဖြစ်၍ ခေတ္တထိန်းသိမ်းထားခြင်းဖြစ်ပြီး ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်ကြောင်း ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။



အမြန်လမ်းမကြီးဘေးရှိ ကျူးကျော်တဲများကို လူအင်အားဖြင့် ရှင်းလင်းနေမှုကို တွေ့ရစဉ်

---

# အချိန်ပိုင်းဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့အသိပေးပန်ကြား

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ ၂၃၀/၃၃ ကေဗွီ၊ ၁၀၀ အမ်ဗွီအေဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ တည်ဆောက်ပြီးဖြစ်ပါ၍ ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်နိုင်ရေး ၂၃၀ ကေဗွီ လှိုင်သာယာ-ဘုရင့်နောင် လိုင်းနှင့် ၂၃၀ကေဗွီ လှိုင်သာယာ(ကနောင်) ဓာတ်အားခွဲရုံ အဝင်/အထွက်လိုင်းများ ဆက်သွယ်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ယင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၂၃၀ ကေဗွီ လှိုင်သာယာဘုရင့်နောင်ဓာတ်အားလိုင်းအပါအဝင် ရပ်ကွက်များသို့ ဖြန့်ဝေသော ဓာတ်အားလိုင်းများအား ဇွန် ၁၇ ရက် မွန်းတည့် ၁၂ နာရီမှ ဇွန် ၁၈ ရက် ညနေ ၆ နာရီအထိ နာရီ ၃၀ အကြာ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဓာတ်အားလိုင်းများ ဓာတ်အားပိတ်မှုကြောင့် လှိုင်သာယာမြို့နယ်ရှိအမှတ် (၅၃၆)ခြေမြန်တပ်ရင်း စက်မှုဇုန်(၁၊ ၆)၊ စက်မှုဇုန် (၂)၏ အချို့နေရာများ၊ (၂၊ ၃၊ ၅၊ ၉၊ ၈၊ ၁၂၊ ၁၃၊ ၁၄) ရပ်ကွက်များ၊ ကျန်စစ်သားအိမ်ရာ၊ အောင်ဇေယျအိမ်ရာ၊ ရွှေဘုံသာအိမ်ရာ၊ ရှမ်းချောင်း၊ ဒိုင်စု၊ ညောင်ရွာ၊ အတွင်းပဒံ၊ အပြင်အဒံကျေးရွာများ၊ ကမာရွတ်မြို့နယ်ရှိ (၁၇၊ ၁၈၊ ၁၉၊ ၂၀) ရပ်ကွက်များ၊ လှိုင်မြို့နယ်ရှိ (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆) ရပ်ကွက်များ၊ စမ်းချောင်းမြို့နယ်ရှိ မြေနီကုန်း(တောင်၊ မြောက်)၊ မုန့်လက်ဆောင်းကုန်း(တောင်၊ မြောက်) ရပ်ကွက်၊ ဝေဠုဝန်(တောင်) ရပ်ကွက်၊ ကျွန်းတော (တောင်၊ လယ်၊ မြောက်) ရပ်ကွက်)နှင့် ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ရပ်ကွက်များ၊ တွံတေးမြို့နယ်၊ ဒလမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တို့မှာ အချိန်ပိုင်းဓာတ်အားပြတ်တောက်မည်ဖြစ်ပါသည်။

ယခုပန်ကြားလွှာ၌ ပါဝင်သောလုပ်ငန်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာရရှိရေးအတွက် မဖြစ်မနေဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သောကြောင့် အထက်ဖော်ပြပါမြို့နယ်များအတွင်း ယာယီဓာတ်အားပြတ်တောက်ရခြင်း အတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူ များထံသို့ လေးစားစွာအသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရှေးဟောင်းစာပေပစ္စည်း ပေပုရပိုက်များအားစုဆောင်း၊ ထိန်းသိမ်းဝန်ဆောင်မှုပေးခြင်း မူဝါဒဆိုင်ရာသင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၂



**"ရှေးဟောင်း စာပေပစ္စည်း ပေပုရပိုက်များအား စုဆောင်း၊ ထိန်းသိမ်းဝန်ဆောင်မှုပေးခြင်း မူဝါဒဆိုင်ရာသင်တန်း"ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားစာကြည့်တိုက် (ရန်ကုန်)၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်သည်။** (ယာပုံ)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ဖွဲ့စည်းထားသော ပေ၊ ပုရပိုက် စုဆောင်းထိန်းသိမ်းရေးအဖွဲ့၏ လုပ်ငန်းလိုအပ်ချက် အရေးကြီးလုပ်ငန်းတစ်ရပ်ကို ဖြည့်ဆည်းအကောင်အထည်ဖော်ရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာကြည့်တိုက်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ဘုန်းတော်ကြီးကျောင်းများတွင် ထိန်းသိမ်းထားသော ပေ၊ ပုရပိုက်များကို စနစ်တကျ စာရင်းကောက်ယူမှတ်တမ်းပြုစုနိုင်ရန်၊ ထိုသို့ ဆောင်ရွက်ရာတွင် ပျက်စီးနေသော (သို့မဟုတ်) ပျက်စီးရန်အလားအလာရှိသော ရှေးဟောင်းစာပေများကို စနစ်တကျပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် စုဆောင်းထိန်းသိမ်းထားသော ရှေးဟောင်းလက်ရေးစာများကို ခေတ်မီ သတင်း အချက်အလက်နည်းပညာများဖြင့် ထိန်းသိမ်းဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ထဲထဲဝင်ဝင်ဆောင်ရွက်နေသော ပညာရှင်ဆရာကြီး၊ ဆရာမကြီးများက လက်တွေ့ဆောင်ရွက်နေသူများထံသို့ လက်ဆင့်ကမ်းပေးနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် "ရှေးဟောင်းစာပေပစ္စည်း ပေ၊ ပုရပိုက်များအားစုဆောင်း၊ ထိန်းသိမ်းဝန်ဆောင်မှုပေးခြင်း မူဝါဒဆိုင်ရာသင်တန်း"ကို ဖွင့်လှစ်ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပေ၊ ပုရပိုက်များစုဆောင်းထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ သင်တန်းတွင် ဟောပြောပို့ချမည့် ဆရာ၊ ဆရာမများနှင့် ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား/သူများ စုစုပေါင်း ၂၂ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇွန် ၁၂ ရက်မှ ၂၃ ရက်အထိ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# JICA အထောက်အပံ့ဖြင့် ရန်ကုန်မြို့တွင် အထူးကုဆေးရုံကြီးတစ်ရုံ တည်ဆောက်နိုင်ရေးဆွေးနွေး



**နေပြည်တော် ဇွန် ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဧည့်ရိပ်သာ၌ ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်း၊ ဦးလုထွန်းကင်ဆာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ The Union for International Cancer Control (UICC) အဖွဲ့၏ "C/Can 2025: City Cancer Challenge" အစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်သည်။ ရန်ကုန်မြို့တော်တွင် ကင်ဆာရောဂါကာကွယ်ရေး၊ စောစီးစွာရှာဖွေဖော်ထုတ်ကုသရေးလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ စံနမူနာပြဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲကို ပြုလုပ်သည်။

UICC အဖွဲ့သည် "C/Can 2025: City Cancer Challenge" အစီအစဉ်အရ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးများအနက် သုံးမြို့ကို ရွေးချယ်ခဲ့ရာ မြန်မာနိုင်ငံ ရန်ကုန်မြို့တော်၊ ပါရာဂွေးနိုင်ငံ Asunción မြို့နှင့် ကမ္ဘောဒီးယားနိုင်ငံ Cali မြို့တို့သည် ၎င်းအစီအစဉ်တွင် ပါဝင်ရန်အတွက် ရွေးချယ်ခံရခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်လမ်းရှိ Vantage Tower သို့ သွားရောက်၍ MPRL E & P Group of Com-panies မှ ထူထောင်ထားသော Data Center သို့ သွားရောက်ကြည့်ရှုခဲ့ရာ ကုမ္ပဏီ၏အစည်းအဝေးခန်းမ၌ Chief Executive Officer ဦးမိုးမြင့်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ၎င်းနောက် Country Manager ဦးစည်သူမိုးမြင့်က ကုမ္ပဏီ၏ Telecoms Services နှင့် Data Center တည်ထောင်ထားမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စီမံခန့်ခွဲရာတွင် တိကျမှန်ကန်သော၊ အချိန်နှင့် တစ်ပြေးညီဖြစ်သော Data နှင့် Information သည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ Data Center နှင့် Online မှတစ်ဆင့် ချိတ်ဆက်၍ ဆေးဝါးစာရင်း၊ ကျန်းမာရေးစောင့်ရှောက်မှု သတင်းအချက်အလက်များကို လိုအပ်သည့်အချိန်တွင် လွယ်လင့်တကူ ရရှိနိုင်မည်ဖြစ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးနှောက်နှင့် အာရုံကြောစနစ်သဖွယ်ဖြစ်သော ကျန်းမာရေးသတင်းပို့စနစ်ကြီးတစ်ခုလုံးကို အဆင့်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ Data Center အား အသုံးပြုနိုင်ရန် စီမံချက်များ စနစ်တကျရေးဆွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကာ Data Center အတွင်းရှိ Racks and Servers, Network Operation Center, Man-Trap Area များကို လှည့်လည်လေ့လာကြည့်ရှုသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ Training Center သို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းခွင်လုံခြုံရေး အကာအကွယ်ပေးသည့် ဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် ရှေ့လုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ဇွန် ၇ ရက်က ပြည်သူ့လွှတ်တော်တွင် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသော သူနာပြုလောကအား ပြုပြင်ပြောင်းလဲမှုများပြုလုပ်၍ နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍကို မြှင့်တင်ပေးပါရန်ဟူသော အဆိုနှင့်ပတ်သက်၍ သူနာပြု၊ သားဖွားအပါအဝင် ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းခွင်ပျော်ရွှင်နိုင်ရေး ဆောင်ရွက်မှုများ၊ အရည်အသွေးပြည့်ဝစေရန် ဆောင်ရွက်မှုများ၊ ဘဝတက်လမ်းအတွက် ဆောင်ရွက်ထားမှုများစသည်ဖြင့် ဘက်ပေါင်းစုံမှ အဆင်ပြေနိုင်ရေးအတွက် ယခုလက်ရှိလုပ်ဆောင်နေသည့် လုပ်ငန်းစဉ်များ၊ ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၌ Japanese International Collaboration Agency (JICA)အဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ JICA အထောက်အပံ့ဖြင့် ရန်ကုန်မြို့တွင် အထူးကုဆေးရုံကြီးတစ်ရုံ တည်ဆောက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ဂျာမနီသံရုံးမှ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတိုင်ပင်ခံအရာရှိ ဒေါက်တာ Katharina Spiess နှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံမှ KFW ဖွံ့ဖြိုးရေးဘဏ် အရှေ့အာရှပစိဖိတ်ဆိုင်ရာညွှန်ကြားရေးမှူး ဒေါက်တာ Christine Heimburger တို့လည်း တက်ရောက်ကြသည်။

မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအား ထုတ်ချေးရန်အတွက် ဂျာမနီအစိုးရမှ ယူရိုငွေ ၄ ဒသမ ၄၅ သန်းရရှိထားကြောင်း၊ ယင်းချေးငွေကို ဂျာမနီအခြေစိုက် KFW ဘဏ်နှင့် ပြည်တွင်းဘဏ် CB ဘဏ်တို့ ပူးပေါင်းပြီး ချေးငွေများထုတ်ပေးရန် စီစဉ်ခြင်းဖြစ်ကြောင်း၊ ချေးငွေအတွက် အပေါင်ပစ္စည်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ထုတ်ပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အသေးစားနှင့် အလတ်စားစီးပွားရေးစတင်လုပ်ကိုင်မည့်သူများလည်း လုပ်ငန်းခိုင်မာမှုရှိပါက ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

## မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် ဇွန် ၁၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် ၁ နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့်နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**(မိုး/ဇလ)**



**ဇွန် ၁၂ ရက်က မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညစာခံပွဲအခမ်းအနား တက်ရောက်လာသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဇနီး ဒေါ်ခင်သီတာတို့အား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Eduardo E.Kapunan Jr နှင့်ဇနီး ကြိုဆိုနှုတ်ဆက်စဉ်** (သတင်းစဉ်)

✻ *ကျောဖုံးမှ*

ပိုပြီး နစ်နာလှသည်။ ထို့ကြောင့် ယနေ့ယှဉ်ပြိုင်ကစားရမည့်ပွဲမှာ မြန်မာအသင်းအတွက် အရေးပါလာခဲ့ပြီး နိုင်ပွဲရယူနိုင်မှသာ ခြေစစ်ပွဲအောင်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းနှင့် မကာအိုအသင်းသည် ၂၀၁၀ ပြည့်နှစ် AFC Challenge Cup ခြေစစ်ပွဲတွင် တွေ့ဆုံဖူးပြီး မြန်မာအသင်းက လေးဂိုးပြတ်အနိုင်ရထားသည်။ မြန်မာအသင်းသည် မကာအိုနှင့် ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စင်ကာပူနိုင်ငံ၌ သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲ နှစ်ပွဲယှဉ်ပြိုင်ကစားခဲ့ရာ စင်ကာပူလက်ရွေးစင်အသင်းနှင့် တစ်ဂိုးစီသရေကျပြီး စင်ကာပူကလပ်နီဂါတာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ယခုဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဝါရင့်ကစားသမားများ ပြန်လည်ပါဝင်လာပြီး လူငယ်ကစားသမားများလည်း ရွေးချယ်ထားသည်။

ယခုခြေစစ်ပွဲတွင် အာရှဘောလုံးအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျခဲ့ရာတွင် အသက် ဆုံးရှုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် ပွဲမစမီ ၁ မိနစ် ငြိမ်သက်မည်ဖြစ်သည်။ ယခုပွဲကို MRTV မှ တိုက်ရိုက်ပြသမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က " နှစ်သင်းစလုံးက အဖွင့်ပွဲမှာ ရလဒ်မကောင်းခဲ့ကြလို့ ဒီပွဲက အရေးကြီးပါတယ်။ အနိုင်ရဖို့ အကောင်းဆုံးကြိုးစားသွားမှာပါ။ အဖွင့်ပွဲမှာ အိန္ဒိယကို နောက်ဆုံးမိနစ် သွင်းဂိုးနဲ့ အရှုံးပေးခဲ့ရတာကို အခဲမကျေနိုင်သေးပါဘူး။ မကာအိုနဲ့ပွဲမှာ ဒီလိုမဖြစ်အောင် ကစားသမားတွေကို တစ်ပွဲလုံးအာရုံစူးစိုက်မှုအပြည့်နဲ့ကစားဖို့ မှာကြားထားပါတယ်" ဟု ပြောကြားသည်။

# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကာတာသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ ကာတာသံအမတ်ကြီး H.E. Mr. Hassan bin Mohamed Rafei Al Emadi အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကာတာသံအမတ်ကြီးက ကာတာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းလျက်ရှိနေပါကြောင်း၊ ကာတာနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည်လည်း ဘေးကင်းလုံခြုံမှုရှိကြပါကြောင်း၊ စားရေရိက္ခာများလည်း ဖူလုံမှုရှိပါကြောင်း၊ ကာတာနိုင်ငံသည် ဖြစ်ပေါ်နေသည့် အခြေအနေများကို မှန်ကန်စွာဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အခြားသော ကမ္ဘာ့မိတ်ဆွေနိုင်ငံများကလည်း နားလည်မှုရှိစွာဖြင့် အားပေးကူညီလျက်ရှိကြပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် ကာတာနိုင်ငံသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ကျရာအခန်းကဏ္ဍမှ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**



## တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျရာတွင် ပါဝင်သွားခဲ့သူများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၁၂**

ပျက်ကျသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် လေယာဉ် အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၂၂၀၀၀၀ ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံသည်။ **(အပေါ်ပုံ)**

အလားတူ ပျောက်ဆုံးလေယာဉ်တွင် ပါဝင်သွားသူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၇၀ ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦးက လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မိုးထိ ၊ မိုးမိဒေသ ရွှေသတ္တုတူးဖော်မှုလုပ်ငန်းများကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးဇာနည်အောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်နှင့် တာဝန်ရှိသူများသည် ဇွန် ၁၀ ရက်က ရမည်းသင်းမြို့ မိုးထိ၊ မိုးမိဒေသ ရွှေသတ္တုတူးဖော်မှု အမျိုးသားကြီးပွားတိုးတက်ရေး ရွှေသတ္တုတူးဖော်မှုအုပ်စု ကုမ္ပဏီလီမီတက် ရှင်းလင်းဆောင်သို့ရောက်ရှိကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များကို အမျိုးသားကြီးပွားတိုးတက်ရေး ရွှေသတ္တုတူးဖော်မှု အုပ်စုကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးထွန်းအောင်စိုးက ရွှေသတ္တုတူးဖော်နေမှု လည်ပတ်ပုံအဆင့်ဆင့်ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ထုတ်လုပ်မှုကိုမြှင့်တင်ကာ နိုင်ငံတော်အခွန်ဘဏ္ဍာငွေများ မှန်ကန်စွာ ထမ်းဆောင်စေရေး၊ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး၊ အလုပ်သမားများ အခွင့်အရေးအပြည့်အဝရရှိရေးတို့ကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးထိ၊ မိုးမိဒေသ ရွှေသတ္တုတူးဖော်လျက်ရှိသည့် ရွှေစင် Adit (8)လုပ်ကွက်၊ ထုံးကြီးလုပ်ကွက်၊ ရွှေစက်ရုံ တန်(၅၀၀ + ၅၀၀) နှင့် Tailing Dum၊ ရွှေစက်ရုံတန် ၂၀ တို့နှင့် ရွှေသန့်စင်အလုပ်ရုံတို့အား ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။



**ဇော်ဝင်းအောင် (ပြန်/ဆက်)**

## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် ဇွန် ၁၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့နံနက် ၁၁ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression) သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

**(မိုး/ဇလ)**

# ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆက်လက်လုပ်ဆောင် ပျက်ကျလေယာဉ်မှ ရုပ်အလောင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဇွန် ၁၂**

တပ်မတော် Y-8 လေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ ယနေ့တွင် ပင်လယ်ပြင်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ခဲ့ရာ နံနက်ပိုင်းတွင် ရုပ်အလောင်း ၁၇ လောင်းနှင့် ညနေပိုင်းတွင် ရုပ်အလောင်းခုနစ်လောင်း စုစုပေါင်းရုပ်အလောင်း ၂၄ လောင်းအား ရှာဖွေတွေ့ရှိခဲ့သဖြင့် ယခုအချိန်အထိ စုစုပေါင်း ရုပ်အလောင်း ၈၃ လောင်းအား ရှာဖွေတွေ့ရှိထားပြီး ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပျက်ကျလေယာဉ်ကိုလည်း ဆိုနာစနစ်တပ်ဆင်ထားသည့် တပ်မတော် (ရေ)မှ စစ်ရေယာဉ်များဖြင့် နေရာဖြန့်ခွဲရှာဖွေခြင်းများနှင့် ကျွမ်းကျင်ရေငုပ်စစ်သည်များဖြင့် ရေငုပ်ရှာဖွေခြင်းများ လုပ်ဆောင်လျက်ရှိသည်။


ယနေ့တွင် မောင်းမကန်-မရင်းကြီး ကမ်းခြေတစ်လျှောက် ဖြန့်ခွဲနေရာချထားပြီး ရှာဖွေရေးလုပ်ဆောင်နေသည့် မြေပြင်တပ်များနှင့် ဒေသခံပြည်သူများက အမျိုးသားရုပ်အလောင်း ကိုးလောင်း၊ အမျိုးသမီးရုပ်အလောင်း လေးလောင်း၊ ကလေးရုပ်အလောင်း နှစ်လောင်းနှင့် ကျား၊ မ မခွဲခြားနိုင် ရုပ်အလောင်း သုံးလောင်း၊ ရှာဖွေကယ်ဆယ်ရေး လုပ်ဆောင်နေသည့် တပ်မတော်စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများက အမျိုးသားရုပ်အလောင်း သုံးလောင်း၊ အမျိုးသမီးရုပ်အလောင်း တစ်လောင်း၊ ကလေးရုပ်အလောင်း တစ်လောင်းနှင့် ကျား၊ မ မခွဲခြားနိုင် ရုပ်အလောင်း တစ်လောင်း ရှာဖွေတွေ့ရှိခဲ့သဖြင့် စုစုပေါင်း ရုပ်အလောင်း ၂၄ လောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

စုစုပေါင်း ရှာဖွေတွေ့ရှိခဲ့သည့် ရုပ်အလောင်း ၈၃ လောင်းမှာ အမျိုးသားရုပ်အလောင်း ၃၈ လောင်း၊ အမျိုးသမီးရုပ်အလောင်း ၂၈ လောင်း၊ ကလေးရုပ်အလောင်း ၁၅ လောင်းနှင့် ကျား၊မ မခွဲခြားနိုင် ရုပ်အလောင်းနှစ်လောင်းတို့ ဖြစ်ကြသည်။



Y-8လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ ပင်လယ်ပြင်အတွင်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်

ယနေ့အထိ ပင်လယ်ပြင်အတွင်းမှ ရှာဖွေတွေ့ရှိခဲ့သည့် ရုပ်အလောင်းများအား ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပြီး လိုအပ်သည့် ဆေးဘက်ဆိုင်ရာ စစ်ဆေးမှုများ၊ ကျန်ရစ်သူ မိသားစုများက ကြည့်ရှုစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိရာ ယခုအချိန်အထိ တပ်မတော်သားအရာရှိ ရုပ်အလောင်း လေးလောင်းနှင့် စစ်သည်ရုပ်အလောင်း ကိုးလောင်း အပါအဝင် အမျိုးသား ရုပ်အလောင်း ၁၅ လောင်း၊ အမျိုးသမီး ရုပ်အလောင်း ၁၆ လောင်းနှင့် ကလေးရုပ်အလောင်း လေးလောင်း၊ စုစုပေါင်း ရုပ်အလောင်း ၃၅ လောင်းအား ရုပ်အမည်ခွဲခြားမှု ပြုလုပ်နိုင်ခဲ့သည်။ ယနေ့တွင် အမျိုးအမည်ခွဲခြားနိုင်ပြီး ကျန်ရစ်သူ မိသားစုများက အတည်ပြုနိုင်သည့် ရုပ်အလောင်း ၁၂ လောင်းကို ဗုဒ္ဓဘာသာ ထုံးတမ်းအစဉ်အလာများ၊ တပ်မတော် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ရာ စုစုပေါင်း ရုပ်အလောင်း ၃၅ လောင်းအား သင်္ဂြိုဟ်ပြီးစီးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



# လူသားဘဝအစ ရက်ပေါင်း(၁၀၀၀)နှင့် အမ်(မ)စီစီတီ

— — ခင်ပံသု(လူမှု) — —

**၂၀၁၇ ခုနှစ်ကတော့ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေ အစပျိုးတဲ့နှစ် ဖြစ်တယ်လို့ သမိုင်းတွင်နိုင်ခဲ့မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့လူမှုကာကွယ်စောင့်ရှောက်ရေးကို ဘဝတစ်သက်တာချဉ်းကပ်မှုပုံစံနဲ့ ရေးဆွဲထားတာပါ။ လူသားဘဝအစကနေ သက်ကြီးရွယ်အိုအထိပေါ့။တကယ်တမ်းကတော့ ဘဝတစ်လျှောက်လုံးအတွက် လူမှုအထောက်အပံ့တွေကို လိုအပ်တဲ့သူတွေဆီ မှန်မှန်ကန်ကန်ရရှိရေးကို ဦးတည်ပါတယ်။ ဒါပေမယ့် နိုင်ငံရဲ့ ဆောင်ရွက်ပေးနိုင်မှု၊ ငွေအင်အားစတာတွေအပေါ်မူတည်ပြီး အသက်အငယ်ဆုံးပိုင်းနဲ့ အသက်အကြီးဆုံးပိုင်းတို့ကို ဦးစားပေးအနေနဲ့ စတင်ဆောင်ရွက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်။**

ပထမဦးစွာ လူသားဘဝအစ ရက်ပေါင်း ၁၀၀၀ ကိုရှင်းပြချင်ပါတယ်။ လူသားဘဝအစလို့ပြောရရင် အမိဝမ်းဗိုက်ထဲမှာနေရတဲ့ သန္ဓေသားဘဝကစပြီးရေတွက်ရမှာဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင်ရတာကို ကိုးလလွယ် ဆယ်လဖွားဆိုပြီး လူကြီးသူမများ ပြောလေ့ရှိကြပါတယ်။ အဲဒါကို ရက်အနေနဲ့ တွက်မယ်ဆိုရင် ရက်ပေါင်း ၂၇၀ ကနေ ၃၀၀ အတွင်းမှာရှိပါမယ်။ ပြီးရင် သန္ဓေသားလေးမွေးဖွားချိန်ကစပြီး ကလေးအသက်ကိုရက်သားလေးဘဝကနေ တစ်လ၊ သုံးလ၊ ခြောက်လစသဖြင့် နှစ်ပြည့်သွားရင် တစ်နှစ်သားဆိုပြီးရေတွက်ကြမှာပါ။ ဒီနေရာမှာကလေးအသက်နှစ်နှစ်ကို ရက်အနေနဲ့ပြန်တွက်ကြည့်ရင် ရက်ပေါင်း ၇၃၀ ရှိမှာပါ။ အမိဝမ်းဗိုက်အတွင်းမှာနေရတဲ့ရက် ၂၇၀ နဲ့ ကလေးအသက် နှစ်နှစ်အထိ ရက်ပေါင်း ၇၃၀ တို့ပေါင်းလိုက်ရင် ရက်ပေါင်း ၁၀၀၀ ရမှာဖြစ်ပါတယ်။ ဒါကို အကျယ်တဝင့်ရှင်းပြနေရတဲ့အကြောင်းက လူသားဘဝအစ ရက်ပေါင်း ၁၀၀၀ အတွင်းမှာ အာဟာရဖွံ့ဖြိုးရေးဟာ အရေးကြီးတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

ဖွံ့ဖြိုးတိုးတက်မှုနောက်မကျစေရေးအတွက် ရှေးဦးအရွယ်မှာ အလေးထားဆောင်ရွက်ပေးဖို့လိုပါတယ်။ ကလေးသူငယ်တွေရဲ့ဦးနှောက်အကောင်းဆုံးဖွံ့ဖြိုးဖို့အတွက် ဘယ်လိုလုပ်ပေးသင့်သလဲဆိုတာကို လွန်ခဲ့တဲ့ ရာစုနှစ်ဝက်ကျော်ကပင်စပြီးလေ့လာဖော်ထုတ်မှုတွေလုပ်ခဲ့ပါတယ်။ အဲဒီ သုတေသနတွေအရ အနာဂတ်ကိုစိုးမိုးမယ့်ကလေးများ အကောင်းဆုံးဖွံ့ဖြိုးဖို့ ရင်းနှီးမြှုပ်နှံခြင်းသည်သာ နိုင်ငံတစ်ခု၏ အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုဖြစ်တယ်လို့ ပြဆိုနေပါတယ်။ စီးပွားရေးနိုဘယ်ဆုရှင် Dr. James Heckman ကလည်း “ ကလေးဘဝကနဦးအစကပင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးခြင်းဟာနိုင်ငံအတွက် အကျိုးအမြတ် သုံးဆကနေ ၁၇ ဆအထိပင် ရရှိနိုင်မယ့် ရင်းနှီးမှု”လို့ ဆိုပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကလေးသူငယ်များ၏ ရှေးဦးအရွယ်ကာလအရေးကြီးပုံကို “ကလေးမမွေးဖွားခင်မှစ၍ မိခင်ကျန်းမာရေး၊ အာဟာရပြည့်ဝရေးတို့ကို ဂရုစိုက်ရမှာဖြစ်ပြီး မွေးလာတဲ့ကလေးကို ကောင်းစွာပြုစုစောင့်ရှောက်ရေးကိစ္စဟာ လူ့အသိုင်းအဝိုင်းအတွက် အလွန်တရာမှ အရေးကြီးတဲ့ကိစ္စဖြစ်ကာ အကျိုးအမြတ်လည်းရှိလှပါတယ်”ဆိုပြီးမှတ်ချက်ပြုထားပါတယ်။ ဦးနှောက်အာရုံကြောသိပ္ပံပညာသုတေသနတွေအရ ကိုယ်ဝန်ဆောင်ချိန်မှ စတင်ကာ ကလေးဘဝအစောပိုင်းစောင့်ရှောက်မှုတွေဟာ ဘဝတစ်သက်တာအတွက် အခြေခံကျတယ်လို့ဆိုပါတယ်။ [ကျမ်းကိုး-အီးစီအိုင်(Early Childhood Intervention-ECI) နစ်တည်ထောင်မှုမှတ်တမ်းဗီဒီယို]

လူသားဘဝအစ ရက်ပေါင်း ၁၀၀၀ အတွင်းမှာ ကလေးငယ်အတွက် အရေးအကြီးဆုံးဟာ အာဟာရပြည့်ဝရေးဖြစ်ပါတယ်။ အာဟာရပြည့်ဝမှသာ ဦးနှောက်ဖွံ့ဖြိုးပြီး ခန္ဓာကိုယ်ကြီးထွားတဲ့ ကလေးသူငယ်တွေဖြစ်လာပါမယ်။ ဒီနေရာမှာကလေးသူငယ်အတွက် ဖွံ့ဖြိုးကြီးထွားဖို့ဆိုရင် ကိုယ်ဝန်ဆောင်မိခင်တွေအနေနဲ့ လက်ရှိစားနေကျအစာအာဟာရတွေအပြင် ထပ်လောင်းဖြည့်စွက်စားပေးကြရန် လိုအပ်ပါတယ်။ ကိုယ်ဝန်ဆောင်စဉ်ကာလကစပါမယ်။ ကလေးအသက် နှစ်နှစ်ပြည့်သည်အထိပေါ့။ အဲဒီအတွက် ကိုယ်ဝန်ဆောင်ကာလကစပြီး အဲဒီကိုယ်ဝန်ဆောင်မိခင်ကနေ မွေးဖွားလာမယ့် ကလေးတွေအသက် နှစ်နှစ်အထိ အစာအာဟာရထပ်လောင်းဖြည့်စွက်စားနိုင်ဖို့ ငွေကြေးပံ့ပိုးမှုတွေကို ဆောင်ရွက်ပေးတော့မှာဖြစ်ပါတယ်။ ဒါကိုတော့ အမ်(မ)စီစီတီ (Maternal and Child Cash Transfer – MCCT)အစီအစဉ်လို့ အမည်ပေးထားပါတယ်။ မြန်မာလိုတော့ “ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသောအသက်နှစ်နှစ်အထိကလေးသူငယ်များအား ငွေကြေးထောက်ပံ့ရေးအစီအစဉ်” ဖြစ်ပါတယ်။

အမ်(မ)စီစီတီအစီအစဉ်မှာ ကိုယ်ဝန်ဆောင်မှန်းသိရှိသည့် ကာလမှစတင်၍ ကလေးအသက် နှစ်နှစ်အထိ တစ်လလျှင်ငွေကျပ် ၁၅၀၀၀ (ကျပ်တစ်သောင်းခွဲတိတိ) ကိုလစဉ် ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ အမ်(မ)စီစီတီရဲ့အဓိကရည်ရွယ်ချက်ကတော့ တစ်လကိုငွေ ၁၅၀၀၀ ထောက်ပံ့ရုံသာမဟုတ်ပါဘူး။ ငွေကြေးထောက်ပံ့မှုနဲ့အတူ ကိုယ်ဝန်ဆောင်မိခင်တွေက အာဟာရပြည့်ဝအောင် ဖြည့်စွက်စားသုံးပေးရမှာဖြစ်ပါတယ်။ အာဟာရပညာပေးလုပ်ငန်းများနဲ့ ဒေသခံတွေရဲ့ အာဟာရဆိုင်ရာ အပြုအမူတွေထဲက ပြောင်းသင့်တာတွေပြောင်းဖို့အထိ ကြိုးပမ်းရမှာဖြစ်ပါတယ်။ ဒီနေရာမှာပြောင်းသင့်တဲ့ အပြုအမူကိုသာဆိုလိုပါတယ်။ အဲဒီအတွက် သုတေသနလုပ်ငန်းတွေလည်းလိုပါမယ်။ ဒါ့အပြင် သက်ဆိုင်တဲ့ ဒေသတွေမှာအာဟာရဖြစ်တဲ့ အစားအစာတွေ ကိုယ်ဝန်ဆောင်မိခင်တွေရဲ့ အနီးအနားမှာရနေရဖို့ အတွက်လည်း လိုအပ်ပါတယ်။ ဒီအတွက်ကြောင့် အမ်(မ)စီစီတီအစီအစဉ်ဟာ ဝန်ကြီးဌာနတစ်ခုတည်း အကောင်အထည်ဖော်ရမှာ မဟုတ်ပါဘူး။ သက်ဆိုင်တဲ့ ဝန်ကြီးဌာနတွေ ပညာရှင်အဖွဲ့တွေနှင့် ပူးပေါင်းဆောင်ရွက်ရမယ့်အပြင် ပြည်သူလူထုပါပါဝင်ဖို့ လိုအပ်ပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်မှုတွေကို နိုင်ငံအတော်များများမှာလည်း ဆောင်ရွက်နေကြပါတယ်။

မြန်မာနိုင်ငံမှာလည်း လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံကိန်းကို ရေးဆွဲစဉ်ကတည်းက သက်ဆိုင်ရာဝန်ကြီးဌာနတွေနှင့် အဖွဲ့အစည်းများအားလုံးတက်ကြွစွာ ပါဝင်ခဲ့ကြတာဖြစ်ပါတယ်။ အခု ၂၀၁၇ ခုနှစ်မှာ စတင်ဆောင်ရွက်နိုင်ဖို့အတွက် မတိုင်မီနှစ်တွေမှာအစီအစဉ်ရေးဆွဲပြင်ဆင်တာတွေလုပ်ခဲ့ရပါတယ်။ ၂၀၁၇-၂၀၁၈ ယခုဘဏ္ဍာနှစ်မှာ အမ်(မ)စီစီတီ အထောက်အပံ့တွေပေးနိုင်တော့မှာဖြစ်ပါတယ်။ ဒီနေရာမှာ သက်ကြီးလူမှုရေးပင်စင်ထောက်ပံ့သလို တစ်နိုင်ငံလုံးအတိုင်းအတာအထိ ဆောင်ရွက်နိုင်ဦးမှာ မဟုတ်ပါဘူး။ ငွေကြေးကုန်ကျမှုများတဲ့အတွက် အာဟာရဖွံ့ဖြိုးမှုနိမ့်ကျပြီး ဆင်းရဲနွမ်းပါးမှုများတဲ့ဒေသတွေကိုဦးစားပေးရွေးချယ်ရပါတယ်။ အဲဒီအပြင် သဘာဝဘေးအန္တရာယ်တွေခံစားရမှုများတဲ့ ဒေသတွေလည်းဖြစ်ပါတယ်။ သဘာဝဘေးတွေဖြစ်လာရင် ကြံ့ကြံ့ခံနိုင်ဖို့အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်တွေကို မဖြစ်ခင်ကတည်းက ကြိုတင်ဆောင်ရွက်ထားဖို့လိုပါမယ်။ အမ်(မ)စီစီတီကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ ဆောင်ရွက်မှာဖြစ်ပါတယ်။ အမ်(မ)စီစီတီ အစီအစဉ်ဆောင်ရွက်မယ့် ဒေသသုံးခုမှာနေထိုင်ကြတဲ့ ကိုယ်ဝန်ဆောင်အားလုံး အကျုံးဝင်သွားမှာဖြစ်ပါတယ်။ လတ်တလောမှာ ပထဝီဝင် ဒေသအရသာ လူမှုကာကွယ်စောင့်ရှောက်ရေးအထောက်အပံ့ကိုပံ့ပိုးပေးမှာမို့ အကြောင်းတစုံတရာကြောင့် အမ်(မ)စီစီတီအစီအစဉ်ဝင်မယ့် ဒေသ(၃)ခုကနေ ပြောင်းသွားရမယ်ဆိုရင် အစီအစဉ်မှာအကျုံးဝင်တော့မှာမဟုတ်ပါဘူး။ အဲဒီလိုတွေ မဖြစ်ရအောင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆောင်ရွက်ပေးချင်ပေမယ့်လိုအပ်တဲ့ ဒေသတွေမှာ အရင်ဆောင်ရွက်လိုက်တာဟာ တိုက်ရိုက်အကျိုးပြုလိုတဲ့အတွက် ဖြစ်ပါတယ်။ အမ်(မ)စီစီတီတို့၊ လူမှုရေးပင်စင်ထောက်ပံ့မှုတို့ဆိုတာတွေဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တစ်နှစ်ထဲနဲ့ ပြီးမယ့်ကိစ္စတွေမဟုတ်ပါဘူး။ ရေရှည်ထောက်ပံ့ရမှာ ဖြစ်တဲ့အတွက် အဆင့်အလိုက်တိုးမြှင့်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အမ်(မ)စီစီတီကို ဘယ်ဒေသတွေမှာ စတင်တော့မှာဆိုတာတော့သိရပြီ၊ ဘယ်လိုတွေလုပ်မလဲဆိုတာ ဆက်ပြီးရှင်းပြချင်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတယ်လို့ ပြောတဲ့အတွက် ဧပြီလကနေစပြီး အကျုံးဝင်ပါပြီ။ မေလနှင့် ဇွန်လအတွင်း သက်ဆိုင်ရာဒေသသုံးခုမှာ ကိုယ်ဝန်ဆောင်ဦးရေစာရင်းကို ကောက်ယူပါမယ်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွေမှာ နေထိုင်တဲ့ ကိုယ်ဝန်ဆောင်တွေအနေနဲ့ မဖြစ်မနေဆောင်ရွက်ပေးရမှာရှိပါတယ်။ အဲဒါကတော့ သက်ဆိုင်ရာဒေသကကျန်းမာရေးဌာနတွေမှာ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုမှတ်တမ်းစာအုပ်ရှိအောင် ဆောင်ရွက်ထားဖို့လိုပါမယ်။ ကိုယ်ဝန်ဆောင်မှတ်တမ်းစာအုပ်ကိုင်ဆောင်ထားသူ ကိုယ်ဝန်ဆောင်များဟာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေထံမှာ စာရင်းပေးသွင်းပြီး ဖြစ်ရပါမယ်။ အဲဒီလိုမဖြစ်မနေ ဆောင်ရွက်ခိုင်းရတာလည်း လိုအပ်လို့သာလုပ်ခိုင်းရတာဖြစ်ပါတယ်။ ကိုယ်ဝန်ဆောင်စဉ်ကာလမှာ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုခံယူစေချင်လို့ ဖြစ်ပါတယ်။ ဒါ့အပြင် သက်ဆိုင်ရာကျန်းမာရေးဌာနတွေက အာဟာရအသိပညာပေးတွေ ပြောကြားပေးမှာပါ။ အဲဒီအသိပညာတွေအပေါ်မူတည်ပြီး သက်ဆိုင်ရာဒေသတွေမှာ အာဟာရပြည့်ဝတဲ့ အစားအစာတွေ ဖြည့်စွက်ဝယ်ယူစားသုံးနိုင်ဖို့ ငွေကြေးပံ့ပိုးမှာဖြစ်ပါတယ်။


အမ်(မ)စီစီတီအတွက် ဒေသသုံးခုက ကိုယ်ဝန်ဆောင်ကိုစပြီး ထောက်ပံ့မှုတွေပေးမှာဖြစ်ပါတယ်။ တကယ်တမ်းက တစ်လတစ်ကြိမ်ထောက်ပံ့မှုတွေ ဆောင်ရွက်ပေးချင်ပေမယ့်လည်း စီမံခန့်ခွဲမှုဆိုင်ရာအခက်အခဲတွေကြောင့် သုံးလတစ်ကြိမ် ပုံမှန်ထောက်ပံ့မှုတွေ လုပ်သွားမှာဖြစ်ပါတယ်။ ဧပြီ၊ မေ၊ ဇွန် သုံးလအတွက် မေလနဲ့ ဇွန်လအတွင်းမှာ ကောက်ခံရရှိတဲ့ ကိုယ်ဝန်ဆောင်စာရင်းဇယားအရ သက်ဆိုင်ရာဒေသသုံးခုကို ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ပထမဆုံးအကြိမ် အမ်(မ)စီစီတီ အထောက်အပံ့ကို ဇွန်လကုန်မှာကိုယ်ဝန်ဆောင်တစ်ဦးလျှင် ဧပြီ၊ မေ၊ဇွန်သုံးလစာအတွက်ငွေကျပ် ၁၅၀၀၀/ × ၃ လ= ၄၅၀၀၀ိ ပံ့ပိုးပေးသွားမှာပါ။ ချင်းပြည်နယ်အတွက်တော့ ပထမအကြိမ်ထောက်ပံ့မှုကို ဇူလိုင်လမှ ပေးနိုင်ပါမယ်။ငွေကြေးပံ့ပိုးပေးမှုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကတစ်ဆင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတွေက ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ အဆင့်ဆင့်ဖွဲ့စည်းထားတဲ့ လူမှုကာကွယ် စောင့်ရှောက်ရေးကော်မတီတွေကလည်းပါဝင်ကူညီပေးမှာဖြစ်ပါတယ်။ ဒီနေရာမှာ ပထမဆုံးအစဖြစ်တဲ့အတွက် ကိုယ်ဝန်ဆောင်စာရင်းကောက်တဲ့အချိန်မှာ ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုမှတ်တမ်းကိုင်ဆောင်ထားပြီး မီးမဖွားရသေးတဲ့ ကိုယ်ဝန်ဆောင်တွေပါဝင်မှာပါ။ ဆိုလိုတာကစာရင်းကောက်တဲ့ အချိန်မှာ ကိုယ်ဝန်သုံးလကနေ၊ကိုယ်ဝန်ရှစ်လ သို့မဟုတ် ကိုးလဖြစ်ပါစေ မမွေးရသေးဘူးဆိုရင် စာရင်းမှာပါလာမှာပါ။ ပထမဆုံးစာရင်းကောက်သည့် မေလနဲ့ ဇွန်လမှာ ကလေးဦးရေစာရင်း ကောက်မှာမဟုတ်ပါဘူး။ အမ်(မ)စီစီတီ၏ အမည်ကိုက “ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသောအသက်နှစ်နှစ်အထိ ကလေးသူငယ်များကို ငွေကြေးအထောက်အပံ့ပေးရေး”အစီအစဉ်ဖြစ်၍ ကိုယ်ဝန်ဆောင်စာရင်းနှင့်သာစတင်ရမှာဖြစ်ပါတယ်။ နောင်လာမယ့် သုံးလအတွက် စာရင်းကောက်တဲ့အခါမှာတော့ ပထမအကြိမ် စာရင်းထဲမှာပါခဲ့တဲ့ ကိုယ်ဝန်ဆောင် စာရင်းထဲကမီးဖွားပြီးကိုယ်ဝန်ဆောင်တွေရဲ့ ကလေးစာရင်းတွေက အကျုံးဝင်သွားမှာပါ။

ဒီအစီအစဉ်ကို မဆောင်ရွက်ခင်ကတည်းက ငွေကြေးထောက်ပံ့ရမယ့်ဘတ်ဂျက်ကို ကြိုတင်ခန့်မှန်းတွက်ချက်ရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အမ်(မ)စီစီတီအတွက် ဘတ်ဂျက်ရရှိမှုကိုပြည်သူသို့ အသိပေးလိုပါတယ်။


| ဒေသ | အကျိုးခံစားခွင့်ရှိသူ(ခန့်မှန်း) | ထောက်ပံ့ငွေ |
|---|---|---|
| (၁) ချင်းပြည်နယ် | ၁၈၇၆၈ ဦး | ၃၃၇၈.၂၄၀သန်း |
| (၂) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၂၉၂၀ ဦး | ၅၂၅.၆၀၀ သန်း |
| (၃) ရခိုင်ပြည်နယ် | ၄၂၇၈၁ ဦး | ၇၇၀၀.၅၈၀သန်း |

ဒါတွေက အကျုံးဝင်သူတွေကိုထောက်ပံ့ပေးမယ့် ငွေကြေးသာဖြစ်ပါတယ်။ အစီအစဉ်ကို အကောင်အထည်ဖော်ရေးအတွက် ရပ်ရွာလူထုကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးခြင်း၊ အကျိုးခံစားခွင့်ရှိသူများကို စာရင်းသွင်းခြင်း၊ အတည်ပြုခြင်း၊ ထောက်ပံ့ကြေးပေးအပ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ ကြီးကြပ်ခြင်းနှင့် ဆန်းစစ်ခြင်းဆိုပြီး လုပ်ငန်းများအဆင့်ဆင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းအဆင့်တိုင်းကို အစိုးရရဲ့ယန္တရားအတိုင်း ဖော်ဆောင်မှာဖြစ်ပါတယ်။ ဒါမှသာ စနစ်အဖြစ် ရေရှည်တည်တံ့မှာဖြစ်ပါတယ်။ လုပ်ငန်းစဉ် အစမှာမိတ်ဖက်အဖွဲ့အစည်းတွေက စနစ်တစ်ရပ်အဖြစ်ပေါ်ပေါက်ရေးအတွက် ငွေကြေး၊ နည်းပညာစတာတွေပံ့ပိုးပေးကြပါတယ်။

အမ်(မ)စီစီတီအတွက် ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ ၎င်းတို့ကမွေးလာမယ့် ကလေးအသက် နှစ်နှစ်အထိထောက်ပံ့ပေးဖို့ တစ်နှစ်စာခန့်မှန်းဘတ်ဂျက်နဲ့ စီမံခန့်ခွဲမှုအတွက် လိုအပ်မယ့်ခန့်မှန်းဘတ်ဂျက်တွေကို အောက်ပါအတိုင်းတင်ပြအပ်ပါတယ်-




ထောက်ပံ့မှုဘတ်ဂျက်နဲ့ စီမံခန့်ခွဲမှုဘတ်ဂျက်တို့ကိုရရှိတဲ့ အရင်းအမြစ်တွေပေါ်မူတည်ပြီး အောက်ပါအတိုင်းတင်ပြအပ်ပါတယ်-




အမ်(မ)စီစီတီအတွက် ထောက်ပံ့မှုနဲ့ စီမံခန့်ခွဲမှုနှစ်မျိုးစလုံးကို အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာအဖွဲ့ (LIFT) အဖွဲ့အစည်းက ထောက်ပံ့ပေးပြီး စီမံခန့်ခွဲမှုအတွက် LIFT, UNICEF, ARC စတဲ့အဖွဲ့တွေက ထောက်ပံ့ပေးပါတယ်။ UNICEF ကတော့ နည်းပညာပံ့ပိုးမှုအပိုင်းတွေပါပေးပါတယ်။

ပြည်သူကိုတိုက်ရိုက်ပံ့ပိုးပေးမယ့် ထောက်ပံ့မှုအပိုင်းမှာ နိုင်ငံတော်အစိုးရရဲ့ ဘတ်ဂျက်ကပိုပြီးများတဲ့အတွက် အမ်(မ)စီစီတီက တာထွက်ကောင်းတယ်လို့ ဆိုရပါမယ်။ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းတွေအလယ်မှာလည်း မျက်နှာပန်းတင့်လှပါတယ်။ ဂုဏ်လည်းယူရပါတယ်။ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေဆိုတာ ကိုယ့်ပြည်သူတွေနဲ့ အမြဲရှိနေမယ့် သူတွေမဟုတ်ပါဘူး။ သူတို့ရဲ့တာဝန်ကအစိုးရတွေမှာ ရေရှည်တည်တံ့မယ့်စနစ်တစ်ခုဖြစ်ပေါ်ရေးပါ။ အားလုံးဝိုင်းဝန်းကြိုးပမ်းကြတဲ့အတွက် အမ်(မ)စီစီတီကစနစ်တစ်ရပ်အနေနဲ့ ပေါ်လာတော့မှာပါ။ သားသားမီးမီးလေးတွေအတွက် ရက်ပေါင်း ၁၀၀၀ အစီအစဉ်နဲ့ အနာဂတ်မျိုးဆက်သစ်လေးတွေ ကျန်းမာသန်စွမ်း ဉာဏ်ရည်မြင့်မားအောင် အာဟာရအပိုဆောင်းထောက်ပံ့မှု၊ အာဟာရအသိပညာပေးမှုတွေနဲ့ ရင်းနှီးမြှုပ်နှံတော့မှာဖြစ်ပါတယ်။

အမ်(မ) စီစီတီ မဝင်နိုင်သေးသည့် ဒေသတွေမှာလည်းအာဟာရအပိုဆောင်းထောက်ပံ့မှု မရသော်မှ အာဟာရအသိပညာပေးမှုများကို ပြည်သူလူထုကစနစ်တကျလိုက်နာဆောင်ရွက်မည်ဆိုလျှင် အနာဂတ်မျိုးဆက်သစ်လေးများအတွက် စိတ်အေးရမှာ ဖြစ်ပါတယ်။ရှေးဦးအရွယ်တွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အနာဂတ် နိုင်ငံတော်အတွက် အကျိုးအမြတ်သုံးဆမှ ၁၇ ဆပြန်လည်ရရှိမည်ဖြစ်ပါ၍ ကာယကံရှင်ကိုယ်ဝန်ဆောင်သည့် မိခင်လောင်းများ၊ ၎င်းတို့၏ ခင်ပွန်းသည်၊ မိသားစုဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဤကိစ္စရပ်များအတွက် ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားစိုက်ထုတ် လုပ်ကိုင်နေသော စေတနာရှင်ပြည်သူတစ်ရပ်လုံးကို မပျက်မကွက် လက်ချင်းဆက်ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# လယ်ယာမြေများအပေါ်ခွင့်ပြုမိန့်မရဘဲ အခြားနည်းအသုံးပြုဆောင်ရွက်နေသည့်ကိစ္စရပ်များကို အရေးယူဆောင်ရွက်ရန် စိစစ်လျက်ရှိ

နေပြည်တော် ဇွန် ၁၂

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းရှစ်ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု အတည်ပြုခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းတစ်ခုလက်ခံရရှိကြောင်း အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။**

### လုပ်ထုံးလုပ်နည်းများနှင့်အညီ

အစည်းအဝေးတွင် ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏ **ဒက္ခိဏသီရိမြို့နယ် ကိုင်းပလွေးသစ်တောကြိုးဝိုင်းနှင့် စိန်တစ်လုံးသရက်ဇုန် စီမံကိန်းအတွက် သိမ်းဆည်းခံမြေများနှင့်ပတ်သက်၍ သိမ်းယူခဲ့သည့် ပုဂ္ဂလိကနှင့်ကုမ္ပဏီအဖွဲ့အစည်းများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန်၊ အဆိုပါစီမံကိန်းသည် ဒေသအတွက် အကျိုးပြု၊ မပြုနှင့် ဆောင်ရွက်ရန်ကျန်ရှိသော မြေများနှင့် သိမ်းဆည်းမခံခဲ့ရသော မြေများအား တောင်သူများကို တရားဝင်လုပ်ပိုင်ခွင့် သို့မဟုတ် သစ်တောဦးစီးဌာနနှင့် အကျိုးတူလုပ်ပိုင်ခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က နေပြည်တော် စိန်တစ်လုံးသရက်ဇုန်ဧရိယာသည် လက်ငုတ်စိုက်ပျိုးမှုမရှိသော၊ သစ်တောဧရိယာအတွင်း ကျူး၍စိုက်ပျိုးထားမှုများနှင့် လွတ်ကင်းမှုရှိသော မြေဧရိယာဖြစ်ပါကြောင်း၊ ယင်းဧရိယာများနှင့် ဆက်စပ်တည်ရှိနေသော သစ်တောဧရိယာများအတွင်းရှိ စိုက်ပျိုးမြေများတွင် သစ်တောဦးစီးဌာနနှင့်အကျိုးတူ စိုက်ပျိုးလုပ်ကိုင်လိုပါက သက်ဆိုင်ရာဌာနသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သတ်မှတ်ကာလ လေးနှစ်ပြည့်မြောက်ပြီးသည်အထိ စိုက်ပျိုးလုပ်ကိုင်မှုမရှိသည့် ဧရိယာများကို ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ချက်ချထားပြီး ဖြစ်ပါကြောင်း၊ လုပ်ပိုင်ခွင့် ပြန်လည်ရုပ်သိမ်းရေးလုပ်ငန်းအား စနစ်တကျ ဆောင်ရွက်ရန်နှင့် မြေပြင်တွင် အမှန်တကယ်ဖော်ထုတ်လုပ်ကိုင်ထားသောမြေများအတွက် စနစ်တကျ တိုင်းတာ၍ လုပ်ပိုင်ခွင့်ပြုမိန့်လက်မှတ်များ ပြင်ဆင်ထုတ်ပေးရေးအတွက် နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များသို့ အကြောင်းကြားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။




### ဖြေရှင်းဆောင်ရွက်

စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့နယ်တွင် ကြီးအုံကြီးဝတမံပိတ်မှုကြောင့် လယ်ယာမြေများ နှစ်စဉ်မိုးကာလတိုင်း နစ်မြုပ်၍ ဒေသခံ တောင်သူများ စားဝတ်နေရေး ဒုက္ခရောက်နေမှုအား ဥပဒေနှင့်အညီ နစ်နာကြေးနှင့် အစားထိုး မြေယာ ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ကြီးအုံကြီးဝရေလှောင်တမံ၏ ရေဝပ်ဧရိယာနှင့် ဆက်စပ်နေသော စေတုတ္တရာမြို့အနီးဝန်းကျင်ဒေသများတွင် ရေးကြီးရေလျှံမှုဖြစ်ပေါ်ခြင်း လျော့ပါးသက်သာစေမည့် လုပ်ငန်းအစီအမံများကို ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း၊ လာမည့်မိုးရာသီကာလများတွင်လည်း အနီးကပ်စောင့်ကြည့် စီမံကာ လိုအပ်သလို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပုံမှန်မဟုတ်သော မိုးရွာသွန်းမှုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်၏ **လယ်ယာမြေသစ်များ ဖော်ဆောင်နိုင်ရန် အသေးစား၊ အလတ်စား တာတမံများ၊ ရေလှောင်ကန်များ၊ ဆည်မြောင်းအင်ဂျင်နီယာများနှင့် လိုအပ်မည့် ဘဏ္ဍာငွေကြေးများ ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ဆောမြို့နယ်အတွင်းရှိ တမံများ တည်ဆောက်ပြုပြင်ခြင်း၊ ရေပေးမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ဒေသမှထိန်းသိမ်းထားသည့် ပိန္နဲတမံနှင့် ပလွေးတမံအား လိုအပ်သလို ပြုပြင်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်အသစ်တည်ဆောက်ရမည့် တမံငါးခုမှာ စူးစမ်းလေ့လာမှုများအရ တည်ဆောက်ရန် ဖြစ်မြောက်နိုင်စွမ်း မရှိခြင်း၊ စီမံကိန်းကုန်ကျစရိတ်နှင့် အကျိုးအမြတ် တွက်ခြေကိုက်မှုမရှိခြင်းကြောင့် ဆောင်ရွက်ရန်သင့်လျော်မှု မရှိပါကြောင်း၊ အသစ်တူးဖော်ပေးရမည့် တေးကျေးရွာနှင့် စံကျေးရွာများရှိ ရေပေးမြောင်းနှင့် အနိမ့်ကျေးရွာရှိ ယောချောင်းမှ ပင်ထောင်ချောင်းသို့ ရေသွင်းမြောင်းများမှာ စူးစမ်းလေ့လာ တိုင်းတာမှုများအရ ဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိသဖြင့် ဒီဇိုင်းပြုစုရေးဆွဲလျက်ရှိပြီး ခန့်မှန်းကုန်ကျငွေတွက်ချက်ကာ လိုအပ်ရန်ပုံငွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

### စိစစ်ဆောင်ရွက်လျက်ရှိ

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း၏ **မန္တလေးမြို့အပြင်ဘက်သို့ အိမ်ရာများ တိုးချဲ့ဆောက်လုပ်နေထိုင်မှုကြောင့် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ လယ်ယာမြေများ ပျက်စီးဆုံးရှုံးလာခြင်းအပေါ် သက်ဆိုင်ရာမှ အမြန်ဆုံးထိရောက်စွာ အရေးယူဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မန္တလေးတိုင်းဒေသကြီးအတွင်း လယ်ယာမြေများပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် လယ်ယာမြေများအား ခွင့်ပြုချက်မရရှိဘဲ အခြားနည်းအသုံးပြုနေခြင်းများအပေါ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြို့နယ်များသို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ကလည်း လယ်ယာမြေများအပေါ် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးပြု ဆောင်ရွက်နေသည့်ကိစ္စရပ်များကို လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ အရေးယူဆောင်ရွက်သွားရန် ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံသို့ အကြောင်းကြားထားပြီး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၊ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်နှင့် မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ) ဦးတင်နုအောင်တို့၏ ခရိုင်ချင်းဆက်လမ်း အဆင့်မြှင့်တင်ပေးရေး၊ တံတားတည်ဆောက်ပေးရေး၊ စိုက်ပျိုးရေးနည်းပညာနှင့် မတည်ရင်းနှီးငွေများ ထုတ်ပေးရေးနှင့် လျှပ်စစ်ဆည် တည်ဆောက်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးက **နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းကြရန် အသိပေးကြေညာသည်။

### အကျိုးတူပူးပေါင်း

အဆိုတင်သွင်းရာတွင် ဦးမျိုးဇော်ဦးက တောင်သူလယ်သမားများ နှစ်စဉ်လိုလို ကြုံတွေ့နေရသည့် ရေကြီးရေလျှံခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးခေါင်ခြင်း၊ အင်းဆက်ပိုးမွှားများ ဖျက်ဆီးခြင်းတို့ကြောင့် လယ်ယာမြေနှင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးနေပါကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများ၏ ဆုံးရှုံးနစ်နာမှုများကို ကာကွယ်ပေးသည့်အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကတို့ အကျိုးတူ ပူးပေါင်းကာ သီးနှံအာမခံထားခြင်း လုပ်ငန်းကို ဖော်ဆောင်သင့်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာအား အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော "တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း" လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း အသိပေးတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ **ကျော်သူထက်(သတင်းစဉ်)**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရန်ပုံငွေလျာထား၍ ရမ်းဗြဲမြို့နယ် အထကကျောင်း(ခွဲ)တွင် အာရ်စီတစ်ထပ်ကျောင်းဆောင်ဆောက်ရန် စီစဉ်လျက်ရှိ

**နေပြည်တော် ဇွန် ၁၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၂ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ယိုယွင်းပျက်စီးနေ

အစည်းအဝေးတွင် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ချောင်းဝကျေးရွာအုပ်စု ချောင်းဝ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဟောင်းနွမ်းပျက်စီးနေပြီး အန္တရာယ်ရှိနေသော ကျောင်းဆောင်ဟောင်းနေရာ၌ ပေ (၁၂၀×၃၀) RC တစ်ထပ် အဆောင်သစ်တစ်ဆောင်ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အမီ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင် ဆောက်လုပ်ခြင်းများဆောင်ရွက်ရန် ငွေကျပ်သိန်းပေါင်း ၁၃၇၀ ခွဲဝေပြီးဖြစ်ပါကြောင်း၊ ရမ်းဗြဲမြို့နယ် ချောင်းဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် ကျောင်းဆောင်အနေဖြင့် လေးဆောင်ရှိပါကြောင်း၊ ယင်းအဆောင် လေးဆောင် အနက် ပေ (၁၂၀×၃၀) သွပ်မိုး၊ အုတ်ညှပ်/ ပျဉ်ကာ နှစ်ထပ်ဆောင်သည် ၁၉၈၀ ပြည့်နှစ်က စတင်တည် ဆောက်ထားသည့်အတွက် သက်တမ်းအားဖြင့် ကြာမြင့်နေခြင်း၊ အောက်ထပ်ရှိ အကာအုတ်နံရံများ မကောင်းတော့ဘဲ သဘာဝဘေးဒဏ်ကို မခံနိုင်တော့သဖြင့် ယိုယွင်းပျက်စီးနေခြင်း၊ ပြတင်း၊ တံခါး၊ ကျည်းပေါင်၊ စကြံ၊ လှေကားများ ပျက်စီးနေခြင်းတို့ကြောင့် အန္တရာယ်ရှိသော အခြေအနေအဖြစ် သတ်မှတ်ပြီး ဖြစ်ပါကြောင်း။




၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်းရန်ပုံငွေ သတ်မှတ်ရာတွင် အဆိုပါကျောင်းမှ အန္တရာယ်ရှိကျောင်းဆောင်မပါ စာသင်ခန်းဧရိယာလုံလောက်သည့်အတွက် ဦးစားပေးအဆင့်မရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဘဏ္ဍာငွေ ပါရှိခြင်းမရှိပါကြောင်း၊ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထား၍ ပေ (၁၂၀×၃၀) RC တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၏ **ထောင်စုနှစ်ရည်မှန်းချက်(၁၇)ချက်မှ စတုတ္ထအချက်ဖြစ်သော Quality Education အတွက် မြန်မာနိုင်ငံရှိ ပညာရေးကောလိပ်၊ အထက်တန်းနှင့် အလယ်တန်းကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင် အထွေထွေဘာသာရပ်အခန်း၌ "မျိုးဆက်ပွားကျန်းမာရေး"၊ "ပြည်သူ့နီတိ"၊ "ဒီမိုကရေစီ"တို့ကို ဘာသာရပ်များအဖြစ် မိတ်ဆက်သင်ပေးရုံမျှမက လက်ခံကျင့်သုံးရန် စီမံ ဆောင်ရွက်ပေးစေလိုကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

### ပြဿနာများကို ကာကွယ်နိုင်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးက မိမိတို့နိုင်ငံအနေဖြင့် ယခင်ကထက် သက်ငယ်မုဒိမ်းမှုများ များပြားလာခြင်း၊ မလိုလားသော ကိုယ်ဝန်ကြောင့် ကလေးဖျက်ချပြီး မိခင်ရောကလေးပါ အသက်ဆုံးရှုံးရ ခြင်း၊ မွေးဖွားပြီး ကလေးငယ်များကို စွန့်ပစ်ခြင်းဆိုသည့် ပြဿနာများကို တွေ့နေရပါကြောင်း၊ ၂၀၁၅-၂၀၁၆ ကျန်းမာရေးစစ်တမ်းအရ သက်ငယ်ကိုယ်ဝန်ဆောင်မှုသည် ယခင်နှစ်များထက် မြင့်တက်နေသည်ကိုတွေ့ရပါကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးဘာသာရပ်ကို ကျောင်းသင်ခန်း စာများတွင် ပညာပေးခြင်းအားဖြင့် အထက်ပါပြဿနာများကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၈ သို့*

# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ရွေးကောက်ပွဲကန့်ကွက်လွှာအမှု ခြောက်မှုအား ရွေးကောက်ပွဲခုံအဖွဲ့(၁) နှင့် (၂) ဖြင့် စတင်ကြားနာစစ်ဆေး

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို ဧပြီ ၁ ရက်တွင် အောင်မြင်စွာကျင်းပပေးခဲ့ပြီး သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၇၊ ၆၈၊ နည်းဥပဒေ ၈၇ အရ တင်သွင်းလာသည့် ကန့်ကွက်လွှာ အမှု ခြောက်မှုရှိခဲ့၍ ယင်းအမှုများကို ကြားနာစစ်ဆေးနိုင်ရန် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ (က) (၂) အရ မေ ၂၅ ရက်စွဲပါ အမိန့်အမှတ်၊ ၄/ ၂၀၁၇ နှင့် ၅/ ၂၀၁၇ တို့ဖြင့် ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဥပဒေကျွမ်းကျင်သည့် သင့်လျော်သော နိုင်ငံသားနှစ်ဦးပါဝင်သော ရွေးကောက်ပွဲ ခုံအဖွဲ့(၁) နှင့် ရွေးကောက်ပွဲခုံအဖွဲ့(၂) တို့ကို ဖွဲ့စည်းပေးခဲ့သည်။

ဇွန် ၁၂ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့ (၁)က ကန့်ကွက်လွှာအမှု အမှတ် (၄/ ၂၀၁၇)၊ လျှောက်ထားသူ ဒေါက်တာ ဝဏ္ဏစိုး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)နှင့် လျှောက်ထားခံရသူ ဦးရှာမွေလရှန်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) အမှုနှင့် ကန့်ကွက်လွှာအမှု အမှတ် (၅/ ၂၀၁၇)၊ လျှောက်ထားသူ ဦးစံရွှေ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) နှင့် လျှောက်ထားခံရသူ ဦးခင်မောင်ဝင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အမှုတို့ကိုလည်းကောင်း၊ ရွေးကောက်ပွဲ ခုံအဖွဲ့(၂)က ကန့်ကွက်လွှာ အမှုအမှတ် (၁/ ၂၀၁၇) လျှောက်ထားသူ ဦးတင်ယု (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)နှင့် လျှောက်ထားခံရသူ ဦးဝင်းမင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အမှု၊ ကန့်ကွက်လွှာအမှု အမှတ်(၂/ ၂၀၁၇) လျှောက်ထားသူ ဦးနေလင်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) နှင့် လျှောက်ထားခံရသူ ဦးနေကျော် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အမှု၊ ကန့်ကွက်လွှာအမှု အမှတ် (၃/ ၂၀၁၇) လျှောက်ထားသူ ဦးကျော်ဇင်ဟိန်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) နှင့် လျှောက်ထားခံရသူ ဦးကျော်ဆွေဝင်း (ခ)ဦးအာလူး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အမှုနှင့် ကန့်ကွက်လွှာအမှု အမှတ် (၆/ ၂၀၁၇) လျှောက်ထားသူ ဒေါက်တာဝင်းမြင့်အောင် (ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) နှင့် လျှောက်ထားခံရသူ ဦးညွန့်အောင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) အမှုတို့ကိုလည်းကောင်း စတင်ကြားနာစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မြင်းခြံနှင့် သာစည်မြို့နယ်တို့တွင် နေရောင်ခြည်စွမ်းအင်သုံး(ဆိုလာ) ဓာတ်အားပေးစက်ရုံတည်ဆောက်မည့်စီမံကိန်း အကောင်အထည်ဖော်နေမှု ဆွေးနွေး

**နေပြည်တော် ဇွန် ၁၂**

ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းသိန်းဇော်သည် Convalt Energy Myanmar (CE) Co.,Ltd. မှ Senior Vice President Mr. Wins Tunnitisupawong နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက် အအုံ ရေးရာဆောင် အမှတ် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် Convalt Energy Myanmar (CE) Co.,Ltd.မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော မြင်းခြံမြို့နယ်နှင့် သာစည်မြို့နယ်တို့ တွင် နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာ) ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့် စီမံကိန်းအစီအစဉ်များ၊ စီမံကိန်းစတင် အကောင်အထည်ဖော် ဆောင်ရွက်နေမှု များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၇ မှ*

မျိုးဆက်ပွားကျန်းမာရေး ဘာသာရပ်ကို ကျောင်းများတွင် သင်ကြားပေးခြင်းဖြင့် ကျား/ မ ဖြစ်မှုနှင့် တန်းတူမှုကို ငယ်စဉ် ကတည်းက နားလည်လက်ခံနိုင်ခြင်း၊ ကျား/မ လေးစားအသိအမှတ်ပြုမှုကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် အရွယ် ရောက်သည့်အခါ ကျား/ မ အခြေပြု အကြမ်းဖက်မှုကို ကာကွယ်နိုင်မည်ဖြစ် ပါကြောင်း၊ မျိုးဆက်ပွားကျန်းမာရေး ဘာသာရပ် သင်ကြားရာတွင်လည်း စာရိတ္တကောင်းမွန်ရေးကို အလေးထား ဆောင်ရွက်သင့်ပါကြောင်း၊ သို့မှသာ အရွယ်မရောက်မီ လမ်းမှားသို့ မရောက်ဘဲ ပညာစုံလင်စွာ တတ်မြောက်ပြီး တိုင်းပြည်တာဝန်များကို ထမ်းဆောင် နိုင်သော လူငယ်များအား မွေးထုတ်ပေး နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးဇေ့တင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခင်မောင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒ နယ်အမှတ်(၂)မှ ဦးရှန်အောင်၊ မွန်ပြည် နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ် အောင်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၆)မှ ဦးမင်းဦးတို့က ဆက်လက် ဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆို ရှင်၏ သဘောထားအရ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ဇွန် ၁၃ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊အေးအေးသန့်**

**(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု



**နေပြည်တော် ဇွန် ၁၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး ၁၂ ရက် မြောက်နေ့ တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦး၊ နည်း ပညာတက္ကသိုလ်(ရမည်းသင်း)မှ ပါမောက္ခ ဒေါက်တာ သိန်းမင်းထိုက် ဦးဆောင် သော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၅ ဦး၊ မန္တလေးတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေး ပညာဌာနမှ ဒေါက်တာမိုးမမ ဦးဆောင်သော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၇ ဦး၊ ရတနာပုံတက္ကသိုလ်၊ နိုင်ငံတကာ ဆက်ဆံရေး ပညာဌာနမှ ဒေါက်တာ သင်းသင်းအေး ဦးဆောင်သော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၂၄ ဦးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးနိုင်ထူးအောင် နွားထိုးကြီးမဲဆန္ဒ နယ်၏မိတ်ဆွေ ဆေးတက္ကသိုလ်(မန္တလေး) မှ ဦးဟိန်းဝင့်ဝါ ခေါင်းဆောင်သည့် ကျောင်းသား ကျောင်းသူ ၂၁၉ ဦး စုစုပေါင်း ၄၆၆ ဦးတို့သည် ယနေ့ နံနက် ပိုင်းတွင်ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ပြီး **(အပေါ်ပုံ)** လွှတ်တော်အဆောက်အအုံ များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်အား ကူညီလှူဒါန်းကြသော စေတနာရှင်များအား UNESCO (Bangkok)မှ ဂုဏ်ပြု

**ရန်ကုန် ဇွန် ၁၂**



**ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်အား ကူညီလှူဒါန်းကြသော မြန်မာနိုင်ငံသား စေတနာရှင်များအား UNESCO (Bangkok) မှ ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားတွင် တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန (MLRC) နှင့် UNESCO (Bangkok)တို့ ပူးပေါင်းကျင်းပသည့် "Partnership Meeting to Support the Non Formal Primary Education Programme for Out-of-School Children Myanmar"အခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီတွင် တော်ဝင်ဂါးဒင်းဟိုတယ် ဇလပ်ဖြူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန (MLRC) ဥက္ကဋ္ဌ ဒေါက်တာ ဦးသန်းဦးက ကျောင်းပြင်ပ မူလတန်း ပညာရေးအစီအစဉ်ကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှ စတင်ကာ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနသည် ပညာရေးဝန်ကြီးဌာန၊ UNICEF, UNESCO, World Education စသည့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း လက်တွဲဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြို့နယ်ပေါင်း ၁၀၄ မြို့နယ် အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခင်က ပြည်ပ စေတနာရှင်များ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့ရာမှ ၂၀၁၀-၂၀၁၁ ပညာ သင်နှစ်တွင် ပြည်တွင်းနိုင်ငံသား စေတနာရှင်၊ အလှူရှင်များ စိတ်အား ထက်သန်စွာ ပါဝင်ပူးပေါင်း ကူညီလာ သဖြင့် ကလေးပေါင်း ရှစ်သောင်းကျော် မူလတန်းပညာ ပြီးမြောက်ရုံမက အလယ်တန်းအဆင့်သို့ ကလေးပေါင်း ခြောက်ထောင်ကျော် ဆက်လက်သင်ယူ ခွင့်ရရှိခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၆ ပညာ သင်နှစ်တွင် NFPE လုပ်ငန်းစဉ်မှ ကလေးတစ်ဦးသည် တက္ကသိုလ်ဝင် စာမေးပွဲကိုပင် နှစ်ချင်းပေါက် အောင်မြင် ခဲ့ရုံမက ယခုနှစ်တွင် ကလေးပေါင်း ၂၈ ဦး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထား ကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်းစဉ်အား ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနက မြို့နယ်ပေါင်း ၈၁ မြို့နယ်၊ ယူနက်စကိုမှ လေးမြို့နယ် စုစုပေါင်း ၈၅ မြို့နယ် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အဆိုပါ လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန အငြိမ်းစား ပညာရှင်များက ယခင်နှစ်များနည်းတူ သင်တန်းများ ပို့ချခြင်း၊ ကြီးကြပ်စစ်ဆေး ခြင်း၊ နည်းပညာပံ့ပိုးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြော ကြားသည်။

ဆက်လက်၍ UNESCO (Bangkok)မှ Life Long Literacy Section ၏ Programme Specialist Mr.Ichiro Miyazawa က ကျောင်း ပြင်ပရောက်ကလေးများ ပညာတတ် မြောက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသော ပညာရေးဝန်ကြီး ဌာနနှင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာနမှ အငြိမ်း စား ပညာရှင်များကို ကျေးဇူးတင်ရှိပါ ကြောင်းနှင့် ယနေ့အခမ်းအနားတွင် ကလေးများ ပညာတတ်မြောက်ရန် အတွက် အစဉ်အဆက်လှူဒါန်းခဲ့ကြသော မြန်မာနိုင်ငံသား စေတနာရှင်၊ အလှူရှင် ၁၀ဦးအား UNESCO( Bangkok) မှ ဂုဏ်ပြုချီးမြှင့်ခွင့်ရ၍ အထူးပင် ဝမ်းမြောက်ပါကြောင်း ရှင်းလင်းပြော ကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာတတ် မြောက်ရေး အထောက်အကူပြုပင်မဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်ညိုက မြန်မာနိုင်ငံ၌ ဆောင်ရွက်နေသော ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်းအစီအစဉ်ကို ဗီဒီယိုမှတ်တမ်း များဖြင့်ရှင်းလင်းတင်ပြကာ UNESCO (Bangkok) မှ Life Long Literacy Section၏ Programme Specialist Mr.Ichiro Miyazawaနှင့် ဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာ ဦးသန်းဦးတို့က မြန်မာနိုင်ငံသား အလှူရှင် ၁၀ ဦးအား ဂုဏ်ပြုလွှာများအား တစ်ဦးချင်း ပေးအပ်ကြောင်း သိရသည်။

**( သတင်းစဉ်)**

## ဇွန်လထုတ် သုတပဒေသာစာစောင် အသွင်သစ်ဖြင့် ထွက်ရှိ

**ရန်ကုန် ဇွန် ၁၂**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့်ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင်(ဇွန်လ) ထွက်ရှိနေပြီ ဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂လမ်းကြား မန္တလေး ဖုန်း - ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိစာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၀၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြစ်ဝကျွန်းပေါ် ဘိုကလေးမြို့ရှိ တည်ဆောက်ဆဲ သကံချောင်းတံတားပေါ်က မုဒိတာစကားများ

**တွေ့ဆုံမေးမြန်း - ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ - ဖေဇော်**

ရန်ကုန် ဇွန် ၁၂

**ဒေသခံပြည်သူတို့၏ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း မိုင်တိုင်အမှတ် (၈/၅) တွင် သကံချောင်းကို ဖြတ်၍ သကံချောင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနတည်ဆောက်ရေးအဖွဲ့(၄)က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**

ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာမြို့နယ်ခွဲ အပါအဝင် ဆက်စပ်နေသော ကျေးရွာပေါင်း ၂၀ ကို ဆက်သွယ်ထားသော တံတားတစ်စင်းဖြစ်ပြီး စီမံကိန်းကို ၂၀၁၂ ခုနှစ် ဇူလိုင် ၅ ရက်တွင် အုတ်မြစ်မင်္ဂလာအခမ်းအနား ပြုလုပ်၍ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတား၏အရှည်မှာ ပေ ၂၃၁၀၊ အကျယ် ၃၁ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ ခြောက်လက်မရှိပြီး အုတ်မြစ်- Bored Pile ၊ ကိုယ်ထည်- RC ကွန်ကရစ်၊ ပင်မတံတား-သံမဏိသံပေါင်၊ ချဉ်းကပ်တံတား - Plate Girder အမျိုးအစားတံတားဖြစ်သည်။

ယခုအခါ တံတားတည်ဆောက်ခြင်းလုပ်ငန်း၏ ၆၆ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်ရန် လျာထားစီမံလျက်ရှိသည်။ သကံချောင်းတံတားတည်ဆောက်မှုနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူတို့၏ မုဒိတာစကားသံများကို ကောက်နုတ်တင်ပြလိုက်ရပါသည်။



ဦးစောဇာနီလှ



ဦးညွန့်သိန်း



ဦးချစ်မောင်



ဒေါ်အေးကြူ



ဦးအုန်းမြင့်

**ဦးစောဇာနီလှ**
**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)**

သကံချောင်းတံတား စီမံကိန်းပေါ်ပေါက်လာပုံကတော့ ၂၀၀၈ ခုနှစ် မေ ၂ ရက်က ဧရာဝတီတိုင်းဒေသကြီးမှာ နာဂစ်မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် အသက်အိုးအိမ်များစွာ ဆုံးရှုံးပျက်စီးခဲ့ရပါတယ်။ ဒေသခံတွေအနေနဲ့ မုန်တိုင်းနဲ့ပတ်သက်ပြီး သတိပေးချက်တွေကိုသိရှိပေမယ့်လည်း အချိန်မီတိမ်းရှောင်ဖို့ ဆက်သွယ်ရေးလမ်းကြောင်း အခက်အခဲရှိနေတဲ့အတွက်ကြောင့် အဖြစ်ဆိုးတွေနဲ့ကြုံခဲ့ရတယ်။ ဒါကြောင့် နောက်နောင်မှာ ဒီလိုအဖြစ်မျိုး ထပ်မံမပေါ်ပေါက်စေဖို့အတွက် လမ်းကွန်ရက်စီမံကိန်း ၁၁ ခုကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ သကံချောင်းတံတားဟာလည်း လမ်းကွန်ရက် အမှတ်(၆)မှာ တည်ရှိပြီးတော့ အဓိကကျတဲ့တံတားတစ်စင်းဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးနဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ်တွေကို ကာကွယ်စောင့်ရှောက်မယ့် တံတားတစ်စင်းပါ။ အခုဆိုရင် တံတားတစ်စင်းလုံးအနေနဲ့ ၆၆ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာတော့ အပြီးတည်ဆောက်သွားဖို့ ရန်ပုံငွေတောင်းခံပြီး ဆောင်ရွက်နေပါတယ်။

**ဦးညွန့်သိန်း**
**ဦးစီးအရာရှိ(မြို့ပြ)**

ဒေသခံတွေအနေနဲ့ ရေလမ်းခရီးကို အားထားပြီး သွားလာနေရတဲ့အတွက် အသက်အန္တရာယ်စိုးရိမ်ရပါတယ်။ တံတားကြီးပြီးသွားရင်တော့ စက်ဆန်း၊ ထော်ပိုင်တို့ကို ကားလမ်းပေါက်သွားမှာဖြစ်ပါတယ်။ ဘိုကလေးအထိ သွားနိုင်တော့မှာပါ။ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာပေါင်း ၂၀ လောက်ဟာ ရေလမ်းကို အားထားစရာမလိုတော့ဘဲ ကုန်းလမ်းခရီးကနေ အချိန်တိုအတွင်း လိုရာခရီးကို သွားရောက်နိုင်တော့မှာဖြစ်ပါတယ်။ စီးပွားရေးအရလည်း ကောင်းမွန်လာတော့မှာဖြစ်ပါတယ်။ ဒီတံတားကြီးကို တည်ဆောက်တဲ့အတွက် ဒေသခံပြည်သူတွေက ဝမ်းသာစွာနဲ့ ကြိုဆိုခဲ့ကြပါတယ်။

**ဦးချစ်မောင်(ဒေသခံ)**
**(ပတ္တမြားကုန်းကျေးရွာ**
**ပတ္တမြားကုန်းအုပ်စု )**

တံတားကြီး တည်ဆောက်တော့မယ်လို့ ကြားကတည်းက ဝမ်းသာခဲ့ရတာပါ။ ဒီဒေသကရေကြောင်းကိုပဲ အားကိုးနေရတဲ့အတွက် သွားလာရေးမှာ ကြန့်ကြာမှုတွေရှိသလို အန္တရာယ်လည်းများတယ်။ တံတားကြီးသာ ပြီးသွားရင် အနီးဝန်းကျင်မှာရှိတဲ့ ပြည်သူတွေအတွက်သွားရေး၊ လာရေး၊ စီးပွားရေး၊ ကျန်းမာရေးအားလုံး အဆင်ပြေချောမွေ့သွားမှာပါ။ နောင်လာနောက်သားတွေအတွက် အများကြီးအထောက်အကူပြုမယ့် တံတားကြီးလို့ မြင်ပါတယ်။ မုန်တိုင်းအန္တရာယ်ကိုလည်း ကြောက်စရာမလိုတော့ဘူး။ တံတားကြီးကို မုန်တိုင်းရှောင်ဖို့ အသုံးပြုလို့ရသွားမှာ ဖြစ်ပါတယ်။ နာဂစ်တုန်းကသာ ဒီလိုတံတားမျိုးရှိခဲ့ရင် ဒီဒေသဝန်းကျင်က လူတွေအသေအပျောက်နည်းခဲ့မှာပါ။ ကျွန်တော်ကတော့ တံတားကြီးအမြန်ဆုံးပြီးသွားတာကို မြင်ရရင် ကျေနပ်ပါပြီ။

**ဒေါ်အေးကြူ(ဒေသခံ)**
**(ပတ္တမြားကုန်းကျေးရွာ ပတ္တမြားကုန်းအုပ်စု)**

တံတားကြီး ပြီးမြောက်လုနီးပြီဆိုတော့ ဝမ်းသာတယ်။ အရင်တုန်းက သွားလာရေးအတွက် တော်တော်ဒုက္ခရောက်ကြပါတယ်။ စတင်တည်ဆောက်တဲ့အခါမှာ ကားလမ်းတွေဖောက်လိုက်တော့ သွားလာရေးအတွက်အဆင်ပြေလာတယ်။ တံတားကြီးပြီးသွားရင် ပိုပြီးအဆင်ပြေသွားမှာပါ။ ဟိုတုန်းကဆိုရင် ဆေးရုံဆေးခန်းသွားတဲ့အခါမှာ မော်တော်တွေနဲ့သွားရတော့ အချိန်ကြန့်ကြာပြီး အသက်ဆုံးရှုံးမှုတွေရှိခဲ့တယ်။ မုန်တိုင်းကြေညာရင်လည်း ဘယ်ပြေးလို့ပြေးရမှန်းမသိတဲ့ အခြေအနေမျိုးကြုံခဲ့ရတယ်။ အခုဆိုရင် တံတားကြီးကလည်း တစ်ဝက်လောက်ပြီးသွားပြီဖြစ်တဲ့ အတွက် မုန်တိုင်းရှောင်ဖို့ နေရာတစ်ခုအဖြစ် စဉ်းစားထားပါတယ်။ ကျွန်မရဲ့ မိသားစုတွေ နာဂစ်မုန်တိုင်းကြောင့်သေဆုံးခဲ့ရတယ်။ အဲဒီတုန်းကသာ အခုလိုတံတားကြီးရှိခဲ့ရင် အဲလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံရမှာမဟုတ်ပါဘူး။

**ဦးအုန်းမြင့်(ဒေသခံ)**
**(ပတ္တမြားကုန်းကျေးရွာ**
**ပတ္တမြားကုန်းအုပ်စု)**

အရင်တုန်းကရေလမ်းခရီးကနေ ဘိုကလေးကိုသွားရင် သုံးနာရီလောက်ကြာတယ်။ အခုနောက်ပိုင်းမှာတော့ တံတားစီမံကိန်းအရ ကားလမ်းတွေဖောက်လုပ်ထားတာကြောင့် ဘိုကလေးကိုသွားရင် မိနစ် ၂၀ လောက်ပဲကြာတော့တယ်။ တံတားကြီးပြီးသွားရင်တော့ အနီးဝန်းကျင်က ပြည်သူတွေအတွက် သွားလာရေးလွယ်ကူချောမွေ့သွားမယ်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတွေအတွက်လည်း အများကြီး အထောက်အကူဖြစ်လာမယ်။ အရင်က လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ ကျန်းမာရေးအရ အသက်ဆုံးရှုံးမှုတွေ ရှိခဲ့ပါတယ်။ အခုဆိုရင် ဆေးရုံဆေးခန်းကို အချိန်မီရောက်အောင် ကားလမ်းကနေ သွားလာနေနိုင်ပါပြီ။ တံတားကြီးပြီးသွားရင် စက်ဆန်း၊ ထော်ပိုင်၊ အမာတို့မှာနေတဲ့ ပြည်သူတွေအတွက် သွားလာရေး ပိုမိုအဆင်ပြေသွားမှာပါ။ အခုလက်ရှိ သွားလာနေရတဲ့အချိန်ထက် ငါးပုံတစ်ပုံလောက်ပဲကြာတော့မှာပါ။ ။

# ဆေးရုံကြီးပရဝုဏ်အတွင်း ကျန်းမာသန့်ရှင်းသည့် ဆိုင်များဖြစ်ရန်လိုနေ

**ရန်ကုန် ဇွန် ၁၂**

လူနာပေါင်း ၂၀၀၀ နီးပါး တက်ရောက်နေသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပရဝုဏ်အတွင်း ကျန်းမာသန့်ရှင်းသည့် စားသောက်ဆိုင်များဖြစ်ပေါ်လာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအေးကိုကိုထံမှ သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် လူနာများစွာကို ကုသပေးနေပြီး လူနာများမှာ ရန်ကုန်မြို့ပြင်ပမှလာရောက်ဆေးကုသသူများပါရှိသဖြင့် လူနာစောင့်များနေထိုင်ရန်နှင့် စားသောက်ရန်အတွက် အခက်အခဲများရှိသည်။ ထို့ပြင် လူနာများအတွက် လိုအပ်သည့် ဆေးပစ္စည်းများကို ဝယ်ယူရန်အတွက်လည်း ဆေးဆိုင်များ ထပ်မံဖွင့်လှစ်နိုင်ရန် လိုအပ်နေသည်။

"စားသောက်ဆိုင်တန်းမှာ လူနာအတွက် လိုအပ်တဲ့ပစ္စည်းအကုန်လုံးရှိတယ်။ လူနာစောင့်တွေအတွက်လည်း အစားအသောက်၊ အိပ်ရာပစ္စည်း၊ ရေနဲ့ အဝတ်အထည်အားလုံးမရတာမရှိဘူး။ ဆိုင်တွေရှိပေမယ့် ဆိုင်အများစုက သန့်ရှင်းမှုအားနည်းတယ်။ ညစ်ပတ်နေတာများတယ်။ ဒါပေမယ့် ဒီဆိုင်တွေကိုပဲ အားကိုးနေရတယ်။ အခုဆိုင်တန်းတွေအပြင်မှာ ဆိုင်တွေထပ်တိုးလာတယ်။ လမ်းဘေးဆိုင်တွေအပြင် ဆေးရုံစင်္ကြံလမ်းတွေမှာလည်း ရောင်းချနေကြတယ်။ နေရာအခက်အခဲရှိတဲ့ လူနာရှင်တွေနဲ့ ဈေးသည်တွေ ခြေချင်းလိမ်နေတယ်"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဇွန် ၁၂ ရက် မြင်ကွင်းကို မြင်တွေ့ရသူ လူနာစောင့်တစ်ဦးက ပြောသည်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပရဝုဏ်အတွင်းမှ ဆိုင်တန်းများ

မကြာသေးမီကပင် ဈေးနှုန်းသက်သာပြီး သန့်ရှင်းလတ်ဆတ် သည့် စားသောက်ဆိုင်များ ဖွင့်လှစ်ရန် ဝန်ကြီးဌာနက ညွှန်ကြားထားပြီး ဆေးရုံကြီးကြပ်ရေး ကော်မတီကလည်း ယင်းကဲ့သို့ဆိုင်များကို ယခုနှစ်အတွင်း စတင်ဖွင့်လှစ်နိုင်ရန် ရည်ရွယ်ထားသည်ဟု သိရသည်။

"အခွန်အခပေးပြီး ရောင်းတာလို့တော့သိရပါတယ်။ ဈေးကလည်း မသက်သာပါဘူး။ အရည်အသွေးကလည်း ညံ့လွန်းနေတော့ အပြင်မှာ ထွက်ဝယ်ရတယ်။ နေ့စဉ်ထွက်ဝယ်ဖို့ကလည်း အချိန်ပေးရတော့ ဒီဆိုင်တွေကိုပဲ အားကိုးနေရသူများတယ်။ ဆိုင်တွေရဲ့ အခြား ဝန်ဆောင်မှုတွေက အဝတ်လျှော်သူတွေနဲ့ ချိတ်ဆက်ပေးတယ်။ အဝတ်ကလည်း တစ်ထည်ကို လျှော်ခ၊ စောင့်လှန်းခ၊ မီးပူတိုက်ခဆိုပြီး အမျိုးမျိုးရှိတယ်။ အဝတ်လှန်းတဲ့နေရာတွေကလည်း လူကြီးတွေက တားမြစ်ထားတဲ့၊ စစ်ဆေးတဲ့ နေ့ပဲ သပ်ရပ်တယ်။ ကျန်တဲ့ရက်တွေက စည်းကမ်းမဲ့တွေ ဖြစ်နေတယ်"ဟု တာဝန်ကျ လက်ထောက်ဆရာဝန်တစ်ဦးက ပြောသည်။



ဆေးရုံစင်္ကြံလမ်းတွင် ဈေးရောင်းချနေသူများကို တွေ့ရစဉ်

ကျန်းမာရေး လိုအပ်ချက်အရ ပြည်သူ့ဆေးရုံများကို အားထားနေကြရသည့် ပြည်သူများအတွက် လူနာများ၏ ရောဂါအနေအထားအရ ဆေးဝါးလိုအပ်သည်များကို ပြင်ပတွင် ဝယ်ယူနေကြရပြီး ဆေးတစ်ခါဝယ်ရန်အတွက် အချိန်များစွာ စောင့်ဆိုင်းနေရသည်ကိုလည်း မြင်တွေ့ရသည်။

မကြာမီစနစ်ကျနသည့် အစားအသောက်ရောင်းချသည့် ဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များ ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး လူနာများနှင့် လူနာရှင်များ ဝယ်ယူသုံးစွဲမှု အဆင်ပြေစေရေး၊ ဈေးနှုန်းသက်သာ ချောင်ချိရေးနှင့် သန့်ရှင်းလတ်ဆတ်ရေး အတွက် အမြန်ဆုံးဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရှိရသည်။

**သတင်း-ခင်ရတနာ (မြန်မာ့အလင်း)**
**ဓာတ်ပုံ-မေဦးမိုး**

# အစ္စလာမ္မစ်စစ်သွေးကြွများအားတိုက်ထုတ်ရာတွင် အမေရိကန်၏ကူညီမှုကို သတိမထားမိကြောင်း ဒူတာတေးပြောကြား

**မနီလာ ဇွန် ၁၂**

ဖိလစ်ပိုင်တောင်ပိုင်း မာရာဝီမြို့တွင် ဖြစ်ပွားနေသည့် အစ္စလာမ္မစ် စစ်သွေးကြွများအား နှိမ်နင်းတိုက်ခိုက်မှုတွင် အစိုးရတပ်ဖွဲ့ဝင်များအား အမေရိကန်အစိုးရအဖွဲ့က အကူအညီပေးနေသည်ကို သိရှိခဲ့ခြင်းမရှိကြောင်း ဖိလစ်ပိုင်သမ္မတ ဒူတာတေးက တနင်္ဂနွေနေ့က ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင်ဒူတာတေးသည် ဖိလစ်ပိုင်အနေဖြင့် အမေရိကန်အား အကူအညီတောင်းခံသည့် ချဉ်းကပ်မှုမျိုးကို ဘယ်သောအခါမှ ပြုလုပ်လိမ့်မည်မဟုတ်ကြောင်းကိုပါ ပြောကြားသွားခဲ့သည်။

မာရာဝီမြို့အတွင်း၌ အိုင်အက်စ် အစွန်းရောက် စစ်သွေးကြွများအား ထောက်ခံသည့် စစ်သွေးကြွများအား နှိမ်နင်းရာတွင် အမေရိကန်၏အကူအညီနှင့် ပတ်သက်သည့်မေးခွန်းတစ်ခုကို မေးမြန်းရာတွင် ၎င်းတို့ရောက်ရှိလာသည့်အချိန်အထိ အမေရိကန်က အကူအညီပေးနေသည်ကို သတိထားမိခြင်းမရှိခဲ့ကြောင်း ဒူတာတေးက မီဒီယာများအား ပြောကြားခဲ့သည်ဟု ဆိုသည်။

အမေရိကန်အင်အားစုများသည် ဖိလစ်ပိုင်အား နည်းပညာဆိုင်ရာအကူအညီများပေးအပ်ခဲ့သော်လည်း မြေပြင်ပေါ်တွင် သက်စွန့်ဆံဖျားကြိုးပမ်းဆောင်ရွက်ခဲ့ရခြင်းမျိုးမရှိကြောင်း ဖိလစ်ပိုင်တပ်မတော်က စနေနေ့က ပြောကြားခဲ့သည်။

**(ရိုက်တာ)**





# တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ မိုးကြီး၍ လူလေးသောင်းကျော်ပျက်စီးဆုံးရှုံးမှုများကြုံတွေ့

**ပေကျင်း ဇွန် ၁၂**

သောကြာနေ့ကတည်းက အဆက်မပြတ်ရွာသွန်းခဲ့သောမိုးကြောင့် တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်ကျိုပြည်နယ်၌ လူလေးသောင်းကျော်ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

မိုးအသည်းအသန်ရွာသွန်းမှုများကြောင့် မြို့နယ်ပေါင်း ၁၄၂ မြို့နယ် စိုက်ပျိုးမြေနေရာများရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။ ထို့အပြင် အိမ်များပျက်စီးကာ လူများလည်း ဘေးလွတ်ရာသို့ တိမ်းရှောင်နေရကြောင်း သိရသည်။ စီးပွားရေးဆိုင်ရာဆုံးရှုံးမှုအတော်များများဖြစ်ပွားခဲ့ပြီး ယွမ် ၁၈ ဒသမ ၃သန်းခန့်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဒေသတွင်းကူညီမှုဌာနက ရေဘေးဒုက္ခခံစားနေရသူများကို စိစစ်ပြီး ဒုက္ခသည်ကယ်ဆယ်ရေးပစ္စည်းများကို အဆိုပါဒေသများသို့ ပို့ဆောင်ပေးနေကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ထိုင်းနိုင်ငံတောင်ပိုင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား

**ဗန်ကောက် ဇွန် ၁၂**

ထိုင်းနိုင်ငံတောင်ပိုင်း ပတ်တာနီပြည်နယ်၌ ယမန်နေ့ညက သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ကြောင်း ပြည်တွင်းမီဒီယာတစ်ခုက ဖော်ပြခဲ့သည်။

အသက် ၃၀ အရွယ် အမျိုးသားတစ်ဦးနှင့် ၎င်း၏ သူငယ်ချင်းဖြစ်သူတို့ ဆိုင်ကယ်စီးနေစဉ် လူသတ်သမားနှစ်ဦးက ဆိုင်ကယ်ဖြင့် ၎င်းတို့ရှေ့မှ ပိတ်ရပ်ကာ သေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် တစ်ဦးသေဆုံးပြီး တစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။ လူသတ်သမားများ၏ ပစ်ခတ်မှုကြောင့် ဆိုင်ကယ်မောင်းသူမှာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့ပြီး ၎င်း၏ သူငယ်ချင်းဖြစ်သူမှာ ဒဏ်ရာအကြီးအကျယ်ရရှိသွားခဲ့ကြောင်း အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

သေနတ်ပစ်ခတ်မှုသည် ပတ်တာနီပြည်နယ် အဝေးပြေးလမ်းတစ်ခုအနီးရှိ ဗလီအရှေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါအမှုကို တရားမဝင် စီးပွားရေးပဋိပက္ခတစ်ခု သို့မဟုတ် နိုင်ငံတောင်ဘက်စွန်းပိုင်းရှိ အကြမ်းဖက်သမားများနှင့် သက်ဆိုင်ခြင်းရှိ မရှိ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ယင်းပြည်နယ်သည် ထိုင်းနိုင်ငံတောင်ဘက်စွန်းပိုင်းတွင်ရှိကာ မူဆလင်အများစု နေထိုင်ရာနေရာဖြစ်ပြီး ၂၀၀၄ ခုနှစ်က ဖြစ်ပွားခဲ့သော ခွဲထွက်ရေးအကြမ်းဖက်မှုများကြောင့် လူထောင်ပေါင်း များစွာသေဆုံးခဲ့သည်။ **(ဆင်ဟွာ)**

# ဇွန် ၁၈ ရက်တွင် ပြင်သစ်ရွေးကောက်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည်

**ပါရီ ဇွန် ၁၂**

ယနေ့နံနက်အစောပိုင်းထုတ်ပြန်ခဲ့သောသတင်းများအရ ပြင်သစ်နိုင်ငံလွှတ်တော်ရွေးကောက်ပွဲ ပထမအကျော့တွင် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၏ အယ်လ်အာရ်အီးအမ်ပါတီနှင့် ၎င်း၏ မဟာမိတ်မိုဒမ် (အမ်အိုဒီအီးအမ်) ပါတီတို့က ဦးဆောင်လျက်ရှိကြောင်း သိရသည်။

မက်ခရွန်၏ အယ်လ်အာအီးအမ်ပါတီနှင့် မိုဒမ်ပါတီတို့သည် မဲအရေအတွက် ၃၂ ဒသမ ၃၂ ရာခိုင်နှုန်းအနိုင်ရရှိခဲ့ကြောင်း ဖော်ပြထားသည်။

ဗဟိုလက်ယာယိမ်း ရီဘတ်ပလစ်ကန်ပါတီနှင့် လက်ယာယိမ်းမာရင်းလီပန်း ၏နေရှင်နယ်ဖရန့် ပါတီက မဲအရေအတွက် ၂၁ ဒသမ ၅၆ ရာခိုင်နှုန်းနှင့် ၁၃ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးရရှိခဲ့ကြောင်း သိရသည်။




**ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်**

ပြင်သစ်နိုင်ငံရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်းများအရ ပထမအကျော့ မဲပေးပွဲတွင် စုစုပေါင်း မဲအရေအတွက် ၅၀ ရာခိုင်နှုန်းကျော်ရရှိသည့် ပါတီက လွှတ်တော်ကို လွှမ်းမိုးခွင့်ရရှိမည်ဖြစ်သည်။ အကယ်၍ မဲအရေအတွက် ၅၀ ရာခိုင်နှုန်းကျော် မရရှိပါက လွှတ်တော်ကို လွှမ်းမိုးခွင့်ရရှိမည်မဟုတ်ဘဲ ရွေးကောက်ပွဲပထမအကျော့တွင် မဲအရေအတွက် ၁၂ ဒသမ ၅ ရာခိုင်နှုန်းအထက်ရရှိသူသာ ရှုံးထွက်အဆင့် ရွေးကောက်ပွဲတွင် ဆက်လက်ရွေးချယ်ခံခွင့်ရှိမည်ဖြစ်သည်။

ဇွန် ၁၈ ရက်တွင် ပြုလုပ်မည့် ရှုံးထွက်အဆင့် ရွေးကောက်ပွဲတွင် မက်ခရွန်အနေဖြင့် နောက်ထပ် ငါးနှစ်သက်တမ်းကို ဦးဆောင်ခွင့်ရမရ အဆုံးအဖြတ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အယ်လ်အာရ်အီးအမ်နှင့် မိုဒမ်ပါတီတို့သည် အောက်လွှတ်တော်အမတ် ၅၇၇ နေရာတွင် လွှတ်တော်ကိုယ်စားလှယ် ၄၀၀ မှ ၄၄၅နေရာအထိ အနိုင်ရဖွယ်ရှိပြီး ပြည်လုံးကျွတ်အတိုင်းအတာအနေဖြင့် အနိုင်ရနိုင်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်ဟု သံသယရှိသူလေးဦးကို အီရန်ရဲများက ပစ်သတ်

**တီဟီရန် ဇွန် ၁၂**

အီရန်ရဲတပ်ဖွဲ့သည် ဟော်မုဇ်ဂန်တောင်ပိုင်းပြည်နယ်တွင် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဟု သံသယရှိသူလေးဦးကိုသတ်ဖြတ်ခဲ့ပြီး ၎င်းတို့အနက်နှစ်ဦးမှာပြည်ပနိုင်ငံသားများဖြစ်ကြောင်း သိရသည်။

သံသယရှိသူများအားသတ်ဖြတ်ခဲ့ပြီးနောက် ပေါက်ကွဲပစ္စည်းများ၊သေနတ်များနှင့် အဖွဲ့၏အလံတို့ကိုလည်းသိမ်းဆည်းခဲ့ကြောင်း အီရန်နိုင်ငံပိုင်သတင်းအေဂျင်စီက တနင်္လာနေ့က ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က တီဟီရန်၌ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုအတွင်း လူ ၁၇ ဦးသေဆုံးခဲ့ရပြီးနောက်တွင် အီရန်၌ လုံခြုံရေးဆောင်ရွက်လုပ်ရှားမှုကို အထူးသတိထားဆောင်ရွက်လျက်ရှိသည်။

အီရန်ရဲတပ်ဖွဲ့အင်အားစုများသည် အီရန်တောင်ပိုင်းရှိ တောင်ကုန်းဒေသတွင် အိုင်အက်စ်အဖွဲ့ဟု သံသယဖြစ်ဖွယ်လူလေးဦးနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး ၎င်းတို့အား သတ်ဖြတ်လိုက်ကြောင်း ဒေသရဲတပ်ဖွဲ့အကြီးအကဲတစ်ဦး၏ပြောကြားချက်ကို ကိုးကားလျက် တပ်စ်နင်သတင်းအေဂျင်စီကဖော်ပြခဲ့သည်။

သတ်ဖြတ်ခံရသူနှစ်ဦးမှာ အီရန်နိုင်ငံသားများဖြစ်ပြီး ကျန်နှစ်ဦးမှာ ပြည်ပနိုင်ငံသားများဖြစ်ကြောင်း သိရသည်။အိုင်အက်စ်အဖွဲ့နှင့် ဆက်နွှယ်နေသည့် သံသယရှိသူငါးဦးကိုလည်း တနင်္လာနေ့က ရဲများမှ ဖမ်းဆီးထိန်းသိမ်းလိုက်ကြောင်း အီရန်သတင်းမီဒီယာကများက ဖော်ပြခဲ့သည်။

အီရန်နိုင်ငံတောင်ပိုင်းသည် ဆွန်နီအစ္စလာမ်ဘာသာဝင်အများစုနေထိုင်ရာ အစုအဝေးတစ်ခုဖြစ်ပြီး ဆွန်နီစစ်သွေးကြွများနှင့် အီရန်လုံခြုံရေးအင်အားစုများအကြား တိုက်ခိုက်ပစ်ခတ်မှုများဖြစ်ပွားခဲ့သည့် နေရာတစ်ခုဖြစ်သည်။နိုင်ငံအတွင်း၌ အိုင်အက်စ်အဖွဲ့ဝင်ဟုသံသယရှိသူများအား ဖမ်းဆီးထားခဲ့သည်မှာ အယောက် ၅၀ ကျော်ရှိပြီဖြစ်ကြောင်း အီရန်အာဏာပိုင်များက ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ပုဏ္ဏားကျွန်းမြို့နယ်၌ လေပြင်းတိုက်ခတ်၍ အဆောက်အအုံ ၃၄ လုံး ပျက်စီး၊ နှစ်ဦးသေ

**စစ်တွေ ဇွန် ၁၂**

ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ် စံပြကျေးရွာ၌ ယနေ့ညဦး ၂ နာရီ ၁၅ မိနစ်ခန့်က လေပြင်းထန်စွာတိုက်ခတ်၍ နေအိမ်များ ကျွတ်ပါသွားပြီး လူနှစ်ဦးသေဆုံးကာ ခြောက်ဦးပြင်းထန်စွာ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိပြီး ဆေးရုံတက်ကုသမှုခံယူနေရကြောင်း၊ နေအိမ်နှင့် သာသနိက အဆောက်အအုံ ၃၄ လုံး ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

ယိုးတရုတ်ကျေးရွာ၌ ဇွန် ၁၂ ရက် ညဦး သန်းခေါင်ယံအချိန်တွင် လေပြင်းထန်စွာတိုက်ခတ်ခဲ့ကြောင်း၊ တစ်ခါတစ်ရံ မိုးသည်းထန်စွာ ရွာသွန်းပြီး ယခုကဲ့သို့ အဖြစ်အပျက်မျိုး ကြုံတွေ့ရခြင်းဖြစ်ကြောင်း ၎င်းရွာသားများ၏ ပြောပြချက်အရ သိရသည်။

ယိုးတရုတ်ရွာနေ စာရေးဆရာ မြတ်ရွှေ (မြေစာရင်း) ကလည်း "လေက ညဦးပိုင်းကတည်းက တိုက်နေတာပါ။ ညဉ့်နက်လာတော့ ပိုဆိုးလာပါတယ်။ အခုဖြစ်ပွားတာကတော့ လေဆင်နှာမောင်းတိုက်သလိုပါပဲ။ လေတိုက်နှုန်းပြင်းတော့ အိမ်တွေကျွတ်ထွက်သွားပါတယ်။ အခုသေသွားတဲ့ အမျိုးသမီးနှစ်ဦးက ကျွတ်ထွက်သွားတဲ့ အိမ်မှာပါသွားပြီး အဆောက်အအုံပျက်နဲ့ပိပြီး တော့သေသွားတာပါ"ဟု ဖုန်းဖြင့်ပြောသည်။

လေပြင်း တိုက်ခတ်မှုကြောင့် အဆောက်အအုံပိကာ အမျိုးသမီးနှစ်ဦး သေဆုံးကြောင်း၊ ဒဏ်ရာရသူ ခြောက်ဦးတွင် အမျိုးသားတစ်ဦး၊ အမျိုးသမီးသုံးဦးနှင့် ကလေးနှစ်ဦး ဖြစ်ကြောင်း၊ နေအိမ် ၂၈ လုံး ပျက်စီးသွားပြီး ဓမ္မာရုံတစ်ခုအပါ အဝင် အဆောက်အအုံ ၁၆ လုံး အမိုးလန်ပျက်စီးသွားကြောင်း၊ ဒဏ်ရာရလူနာများကို ယိုးတရုတ်တိုက်နယ်ဆေးရုံတွင် ဆေးကုသမှုပေးထားကြောင်း၊ လေဘေးသင့်သူများမှာ နီးစပ်ရာဆွေမျိုးများ နေအိမ်၌ ခိုလှုံလျက်ရှိကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးမှ စာရေး ဦးမောင်သိန်းက ပြောသည်။

လေဘေးသင့် ပြည်သူများအတွက် လောလောဆယ်တွင် ကျေးရွာမှ စေတနာရှင်များက ကူညီပေးဆောင်ရွက်ပေးရန်အတွက် စီစဉ်နေကြပြီး အခြားနေရာများမှလည်း အကူအညီပေးနိုင်ကြောင်း သိရသည်။

ဘင်္ဂလားပင်လယ်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏အရှိန်ကြောင့် ရခိုင်ပြည်နယ်အနှံ့၌ လွန်ခဲ့သည့်နှစ်ရက်ခန့်မှစ၍ လေပြင်းများတိုက်ခတ်ခြင်း၊ နေရာအနှံ့ မိုးကြီးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ လေသည် တစ်ခါတစ်ရံ ပြင်းထန်စွာတိုက်ခတ်ပြီး တစ်ခါတစ်ရံ ငြိမ်သက်မှုများ ဖြစ်နေသည်။ **လေးဝတီထွန်းစောခိုင်**



လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်များအား တွေ့ရစဉ်



## ကော့သောင်း၌ လေဆင်နှာမောင်းတိုက်ခတ်၍ အိမ်တစ်လုံးပျက်စီး

**ကော့သောင်း ဇွန် ၁၂**

ကော့သောင်းမြို့တွင် ယမန်နေ့ညပိုင်းက လေဆင်နှာမောင်းတိုက်ခတ်၍ အောင်သုခရပ်ကွက် တစ်မိုင်သဲတန်း ရန်ကြီးအောင်လမ်းရှိ အိမ်တစ်ဆောင် ထုပ်တန်းနှင့် အမိုးများလန်ထွက်ကာ ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနေ့ ညနေ ၆ နာရီ မိနစ် ၂၀ ခန့်က အက်ဒမန်ပင်လယ်အတွင်းမှ လေဆင်နှာမောင်းသဏ္ဍာန် လေပွေအစုအဖွဲ့ကြီးတစ်ခု မွှေ့ရမ်းလျက် ကုန်းမြေအတွင်းပိုင်းသို့ ဝင်ရောက်လာခဲ့ရာ ပင်လယ်ကမ်းခြေရပ်ကွက်တစ်ခုဖြစ်သည့် အောင်သုခရပ်ကွက် တစ်မိုင်သဲတန်း ကွင်းပြင်အား ဖြတ်သန်းတိုက်ခတ်လာခဲ့ပြီး ရန်ကြီးအောင်လမ်း အရောက်တွင် ဦးမာမန်းဆိုသူပိုင်ဆိုင်သည့် မိသားစုသုံးစု ငှားရမ်းနေထိုင်သော အလျား ပေ ၃၀၊ အနံ ၂၅ ပေ သွပ်မိုး၊ ပျဉ်ကာ၊ မြေစိုက်သုံးခန်းတွဲ တန်းလျားအဆောက်အအုံ အထက်၌ မွှေ့ရမ်းတိုက်ခတ်ခဲ့ရာ အဆောက်အအုံ အမိုးသွပ်ပြားနှင့် သစ်သားထုပ်တန်းများ လေနှင့်အတူ လွင့်စဉ်ပျက်စီးခဲ့ရခြင်း ဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် လူထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ရှစ်သိန်းခန့်ရှိကြောင်း၊ နေအိမ်ပျက်စီးခဲ့သည့် မိသားစုများအား သက်ဆိုင်ရာဒေသ တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မြောက်ဦးမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

**မြောက်ဦး ဇွန် ၁၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် သံချောင်းကျေးရွာနှင့် ပီပင်ရင်းကျေးရွာများတွင် ဇွန် ၁၂ ရက် နံနက် ၉ နာရီက ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ ပျက်စီးသွားကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် မြောက်ဦးမြို့နယ် သံချောင်းကျေးရွာတွင် ဓနိမိုး၊ ထရံကာနေအိမ်နှစ်လုံးမှာ လုံးဝပျက်စီးသွားပြီး၊ သံချောင်းကျေးရွာအုပ်စု ပီပင်ရင်းကျေးရွာတွင် သွပ်မိုး၊ ထရံကာနေအိမ်တစ်လုံးနှင့် ဓနိမိုး၊ထရံကာနေအိမ် သုံးလုံး စုစုပေါင်း နေအိမ်လေးလုံး အနည်းငယ်ပျက်စီးခဲ့သည်။ ထို့နောက် ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသောနေအိမ်များမှ လေဘေးသင့် အိမ်ထောင်စုခြောက်စုမှ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၃၁ ဦး ရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ကပြိုကျသွားသော နေအိမ်များအား ရွှေ့ပြောင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် မြောက်ဦးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ လေဘေးကြောင့် ပျက်စီးဆုံးရှုံးသွားသော သံချောင်းကျေးရွာမှ အိမ်ထောင်စုနှစ်စုနှင့် သံချောင်းကျေးရွာအုပ်စု ပီပင်ရင်းကျေးရွာမှ လေဘေးကြောင့် ပျက်စီးဆုံးရှုံးသွားသော အိမ်ထောင်စု လေးစုတို့အတွက် အမျိုးသားဝတ်လုံချည်၊ အမျိုးသမီးဝတ်လုံချည်၊ စောင်၊ မျက်နှာသုတ်ပဝါ၊ ဒန်အိုး၊ ဇလုံ၊ ဆပ်ပြာ၊ တီရှပ်အင်္ကျီ၊ ခြင်ထောင်နှင့် ပလတ်စတစ်ကတ်ပုံးများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ လုံးဝပျက်စီးသွားသည့် နေအိမ်မှ မိသားစုဝင်များအား နီးစပ်ရာဆွေမျိုးများနေအိမ်တွင် နေရာချထားပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် နေအိမ်များနှင့် စာသင်ကျောင်းအချို့ ရေနစ်မြုပ်

**နတ်တလင်း ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် ဇွန် ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲအထိ အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် ကျေးရွာအချို့ရှိ နေအိမ်များနှင့် အဆောက်အအုံအချို့ ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

တောင်ညိုဆည်ရေဝပ်ဧရိယာ၏ အထက်နတ်တလင်းမြို့မှ ၂၅ မိုင်ခန့်အကွာရှိ ပျဉ်းမခေါင်ကျေးရွာ၊ ကြက်မနက်ရွာနှင့် ကရင်ဆင်ဆွဲကျေးရွာတို့တွင် တောင်ကျရေနှင့် တောင်ညိုချောင်းရေကြီးရေလျှံမှုတို့ကြောင့် ကျေးရွာများအတွင်း ရေများဝင်ရောက်သဖြင့် ပျဉ်းမခေါင်ရွာတွင် နေအိမ်အလုံး ၂၀ ခန့်၊ ကြက်မနက်ရွာတွင် နေအိမ်နှစ်လုံးခန့်နှင့် စာသင်ကျောင်းတို့ ရေဝင်နစ်မြုပ်လျက်ရှိသည်။

အလားတူ ကရင်ဆင်ဆွဲရွာထိပ်ရှိ တောင်ညိုချောင်းကူးတံတားမှာ ရေစီးနှင့်မျောပါသွားကြောင်း ကျန်လူနေအိမ်အချို့အတွင်းသို့လည်း ရေများဝင်ရောက်လျက်ရှိနေသဖြင့် ရေဝင်အိမ်များမှ အိမ်ထောင်စုဝင်များသည် နီးစပ်ရာတောင်ကုန်းပေါ်များတွင် ယာယီတဲထိုး၍ ရွှေ့ပြောင်းနေထိုင်လျက်ရှိသည်။ ရေဘေးသင့်ပြည်သူများ၏ လုံခြုံရေး၊ နေထိုင်စားသောက်ရေးကိစ္စများအား ကူညီဆောင်ရွက်ပေးရန်အတွက် တောင်ညိုစခန်းမှူးနှင့်တပ်ဖွဲ့ဝင်များ၊ တောင်ညိုမြို့သစ်ရှိ ကျေးရွာအုပ်စုငါးစုမှ အုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ရေဘေးကယ်ဆယ်ရေးအဖွဲ့မှ ကူညီဆောင်ရွက်ပေးနေကြောင်း၊ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုစာရင်းအသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

## မြစ်ကမ်းပြိုကျ၍ နေအိမ်ငါးလုံးရွှေ့ပြောင်း

**လေးမျက်နှာ ဇွန် ၁၂**

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာအုပ်စု ကျောင်းကြီးပိုင်းရပ်ကွက်တွင် ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲက ဝဲနှင့်မြစ်ကမ်းပြိုမှုဖြစ်ပွားခဲ့သဖြင့် ဝါးအိမ်ငါးလုံးအား ဖျက်သိမ်း၍ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်ကမ်းပြိုမှုဖြစ်ပွားရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြောင်းရွှေ့ရေးလုပ်ငန်းနှင့် နေအိမ်ရွှေ့ပြောင်းခဲ့ရသူများ၏ နေထိုင်စားသောက်ရေးတို့အတွက် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ဖြစ်စဉ်ကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပင်လယ်ရေလှိုင်းပုတ်ဒဏ်ကြောင့် ငါးလှော်စင်များ မျောပါပျက်စီး

**ရေး ဇွန် ၁၂**

မွန်ပြည်နယ် ရေးမြို့နယ် ကုလားကုတ် ကျေးရွာအုပ်စု အပေါ်ဆိပ်ကျေးရွာ ရှေ့ဘက်နှစ်မိုင်ခန့်အကွာရှိ ပရူးချောင်းအပိုင်းတွင် ဇွန် ၁၁ ရက် မွန်းလွဲ ၁၂နာရီခွဲခန့်က ပင်လယ်လှိုင်းပုတ်ဒဏ်ကြောင့် ငါးလှော်စင်များမှာ ပင်လယ်ထဲမျောပါသွားခဲ့ကြောင်း ကုလားကုတ် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းစိန်က ပြောသည်။

ပင်လယ်ကမ်းစပ်တွင် ဆောက်လုပ်ထားသောငါးလှော်စင် ၁၄ စင်ရှိ သည့်အနက် ကိုးစင်မှာ လှိုင်းပုတ်ခတ်ခြင်းဒဏ်ကြောင့် ပင်လယ်ထဲမျောပါသွားခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က သွားရောက်စစ်ဆေးတွေ့ရှိချက်အရ သိရသည်။

ပင်လယ်ရေထဲ မျောပါသွားသော ငါးလှော်စင်ကိုးစင်မှာ သစ်၊ ဝါးဖြင့် ပြုလုပ်ထားပြီးအလျား ၄၅ ပေ အနံပေ ၃၀ အရွယ်ဖြစ်ကာ လုပ်ကိုင်သူကိုးဦး၏ ငါးလှော်စင်ကိုးစင်မှာ ငွေကျပ် သိန်း ၁၈၀ ခန့် ဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**

## ချောင်းရေတိုက်စားသဖြင့် တံတားတစ်စင်း မျောပါပျက်စီး

**အင်္ဂပူ ဇွန် ၁၂** - အင်္ဂပူမြို့နယ်တွင်းရှိ ကျေးရွာအချို့တွင် ဇွန် ၁၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သဲဖြူချောင်း ရေမြင့်တက်ပြီး ရေတိုက်စားမှုဖြစ်ပွားရာ ဇွန် ၁၂ ရက် နံနက် ၃ နာရီခွဲခန့်က နွားခြံအုပ်စု စစ်ကွင်းကျေးရွာအနီး စစ်ကွင်းကျေးရွာနှင့် လက်ပံကိုင်းကျေးရွာတို့ကို ဆက်သွယ်ထားသော သဲဖြူချောင်း (ကိုယ့်အားကိုယ်ကိုး)တံတား အလျား ပေ ၄၀၊ အကျယ်ကိုးပေ၊ အမြင့် ၁၃ ပေရှိ သံပေါင်ရက်မ၊ ကွန်ကရစ်ခင်းတံတားအမျိုးအစားမှာ ချောင်းရေတိုက်စားမှုကြောင့် မျောပါပျက်စီးခဲ့ကြောင်းနှင့် ယင်းကျေးရွာရှိပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် ယာယီဝါးတံတားပြုလုပ်ပေးထားကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏဈေးအနီး ယာဉ်တိုက်မှုဖြစ်စဉ်၌ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများ၏မိသားစုဝင်များအား နေပြည်တော်ကောင်စီမှ ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိဈေးအနီး၌ ယနေ့ နံနက် ၇ နာရီ မိနစ် ၅၀ ခန့်က မန္တလာမင်း ခရီးသည်တင်ယာဉ်နှင့် အလုပ်သမားများတင်ဆောင်လာသည့် ယာဉ်တစ်စီးတို့ ယာဉ်တိုက်မှု ဖြစ်ပွားခဲ့သည်။



ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏသီရိ ရပ်ကွက် မိုးသောက်ပန်းလမ်းအတိုင်း ရွှေအင်ကြင်းရပ်ကွက်မှ ဒက္ခိဏသီရိ ရပ်ကွက်ဘက်သို့ ယာဉ်မောင်း ဆန်းထွန်းအောင် မောင်းနှင်လာသည့် 6M/--- မန္တလာမင်း Express ခရီးသည်တင်ယာဉ်နှင့် အာသာဝတီလမ်း အတိုင်း အနောက်မှ အရှေ့သို့ ရှမ်းလေး (ခ)လွင်မျိုးဟိန်း(၂၆ နှစ်) သီရိမင်္ဂလာ ကျေးရွာ ရွှေခဲအင်းအုပ်စု ဒက္ခိဏသီရိ မြို့နယ်နေသူ မောင်းနှင်လာသည့် 7H/--- ဖောကားယာဉ်တို့ အာသာ ဝတီလမ်းနှင့် မိုးသောက်ပန်းလမ်း တူညီလမ်းဆုံ၌ တိုက်မိခဲ့ရာ ဖောကား ယာဉ်ပေါ်တွင်ပါရှိသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ အခင်းဖြစ်ပွား ရာနေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံ၌ ၃၂ ဦး၊ ဒက္ခိဏ သီရိမြို့နယ် ခုတင် ၅၀ ဆံ့ဆေးရုံ၌ ကိုးဦးနှင့် လယ်ဝေးမြို့နယ် ခုတင် ၁၀၀ ဆေးရုံ၌ ခြောက်ဦး စုစုပေါင်း ၄၇ ဦး ဆေးကုသမှုခံယူလျက်ရှိရာ ဇွန် ၁၂ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများသည် သေဆုံးသူများ၏ မိသားစုဝင်များနှင့် ဆေးကုသ ခံယူနေသည့် လူနာများအား လှည့်လည်ကြည့်ရှု အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်၌ လူတစ်ဦး မိကျောင်းကိုက်ခံရ မိကျောင်းအန္တရာယ်သတိပြုရန် သက်ဆိုင်ရာက အသိပေး

**ဘိုကလေး ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပျဉ်ဘိုးကြီးကျေးရွာအုပ်စု ကန့်မလာချောင်း ကျေးရွာနေ ကျပန်းလုပ်ကိုင်သူ ဦးဌေးဝင်း (၅၄ နှစ်)သည် ဇွန် ၉ ရက်က မိန်းမလှကျွန်းသို့ ကဏန်းထောင်၊ ထင်းခုတ်သွားရာ ညနေ ၄ နာရီခန့်၌ မိန်းမလှကျွန်းကြောင်ထောက်ဝဲချောင်းနေရာတွင် မိကျောင်းအဆွဲခံခဲ့ရကြောင်း သိရသည်။

ဇွန် ၁၀ ရက် ညနေ ၃ နာရီ၌ အလောင်းပြန်ရရှိပြီး ပေါင်နှစ်ဖက်စလုံး မိကျောင်းကိုက်ဒဏ်ရာ တွေ့ရှိရသည်။

သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ တာဝန်ရှိသူများက မတ်လတွင် စတင်၍ မိန်းမလှကျွန်းအနီး ကျေးရွာပေါင်း ၄၀ ကျော်တွင် မိကျောင်းအန္တရာယ်သတိပြု လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် သတိပေးကြေညာခြင်း၊ ရွာစဉ်လှည့်၍ ဟောပြောပွဲပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

## လှည့်လည်သွားလာ

ဧပြီ၊ မေ၊ ဇွန်လများသည် မိကျောင်းများ၏ သဘာဝမိတ်လိုက်ချိန်ရာသီဖြစ်ပြီး မိကျောင်းများသည် မိတ်လိုက်ချိန်များတွင် သာမန်ရာသီအချိန်များထက် သန်မာမြူးတူးလေ့ရှိပြီး မိကျောင်းအထီးများသည် မိတ်လိုက်ရန် မိကျောင်းအမများရှိရာ မြစ်ချောင်းများအတွင်းသို့ လှည့်လည်သွားလာ ရှာဖွေနေချိန်ဖြစ်သည်။

သို့ဖြစ်၍ မိကျောင်းအန္တရာယ်သတိပြု၍ နေထိုင်ကြရန် သက်ဆိုင်ရာက အသိပေးခြင်းများဆောင်ရွက်သော်လည်း လိုက်နာမှုအားနည်းနေသည်ကို တွေ့ရှိနေရကြောင်း မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဌေးနိုင် (ဘိုကလေး)**

# မန္တလေးမြို့မှ သဲလုပ်ငန်းလုပ်ကိုင်သူများက သဲစုပုံရန်နေရာရရှိရေးအတွက် ဆန္ဒဖော်ထုတ်

**မန္တလေး ဇွန် ၁၂**

မန္တလေးမြို့မှ မြေယာအငြင်းပွားမှုဖြင့် တရားရုံး၌ အမှုရင်ဆိုင်နေရသော ပေပင်ဆိပ်မှ မြေယာများတွင် သဲများစုပုံထားခွင့်ကို တိုင်းဒေသကြီး ဧရာဝတီ အမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုနှစ် မတ်လ၌ တားမြစ်ထားခြင်းခံရသော သဲလုပ်ငန်းရှင်များ ဦးဆောင်ပြီး သဲလုပ်ငန်းလုပ်ကိုင်သူများ စုစုပေါင်း ၁၃၀ ကျော်တို့လူစု၍ သဲစုပုံရန် နေရာရရှိရေးအတွက် ဇွန် ၁၂ ရက် နံနက် ၈ နာရီက ပေပင်ဆိပ်မှ မြို့ပတ်လမ်း အတိုင်း ၃၅ လမ်း ထိုမှ ၈၁ လမ်း ယင်းမှ ၄၁ လမ်း မဟာအောင်မြေမြို့နယ်အတွင်း စီတန်းလှည့်လည်ကာ လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့ကြပြီး နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်၌ လူစုခွဲခဲ့ကြသည်။

အဆိုပါ အဖွဲ့သည် ဇွန် ၁၃ ရက်တွင်လည်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ထံ တရားဝင် စာတင်ပြီး တွေ့ဆုံသွားမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ထံလည်း ဆက်လက်စာတင်ပြ၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့ရေးရာကော်မတီတို့ထံလည်း အသီးသီး စာတင်ပြ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ဆန္ဒဖော်ထုတ်ပွဲကို ဦးဆောင်ခဲ့သည့် သဲလုပ်ငန်းရှင်အဖွဲ့မှ သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**





# ရေအရင်းအမြစ် ထိခိုက်စေသည့် ကျောက်မိုင်းလုပ်ငန်းပိတ်သိမ်းရေး ဆန္ဒဖော်ထုတ်

**ပေါင် ဇွန် ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ် ဥတ္တံတား ကျေးရွာ၌ လုပ်ကိုင်နေသော ကျောက်မိုင်းလုပ်ငန်း ပိတ်သိမ်းပေးရေးအတွက် ဇွန် ၁၂ ရက် မွန်းလွဲ ၂ နာရီက ကျေးရွာနေ ပြည်သူ ၃၅၀ ခန့်က ဥတ္တံတားအတွင်း ရွာဝမှစပြီး ကျောက်မိုင်းကုမ္ပဏီ Long Life Co.,Ltd. ကျောက်မိုင်းရှေ့ထိ စုပေါင်းဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

"ကျေးရွာမှာ ထိခိုက်နေတဲ့ လယ်ယာဥယျာဉ်ခြံတွေ၊ ရေအရင်းအမြစ်တွေ အကုန်လုံးက ဒီကျောက်မိုင်းကြောင့် ဖြစ်ပေါ်လာလို့ ဒါတွေကို ဆက်မဖြစ်စေချင်ဘူး။ ဒီဒုက္ခတွေကို ရှေ့ဆက်မခံစားစေချင်ဘူး။ ဒီကျောက်မိုင်းက ကျွန်တော်တို့ပြည်သူလူထုအတွက် ဆိုးကျိုးတွေ ဖြစ်နေပါပြီ။ ဒါကြောင့် ဒီကျောက်မိုင်းကို တတိယအကြိမ်မြောက် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ပါတယ်" ဟု ကျောက်မိုင်း လုပ်ငန်း ကန့်ကွက်သူတစ်ဦးက ပြောသည်။

" ဒီလုပ်ငန်းက ဒီမှာရှိနေသရွေ့ လယ်ယာဥယျာဉ်ခြံတွေ ပျက်စီးနေမှာပဲ။ ဒေသခံပြည်သူတွေရဲ့ အကျိုးစီးပွားကို ထိခိုက်နေမှာပဲ။ သူတို့လုပ်ငန်းက ကုလားမတောင် ပေ ၁၅၀၀ ကျော်ကနေ ပေ ၃၀၀၀ ကျော်အထက် လုပ်ကိုင်နေတော့ မိုးများတဲ့ရာသီဆိုရင် စွန့်ပစ်မြေတွေ၊ ကျောက်မှုန့်တွေ စမ်းချောင်းထဲကျတယ်။ ဒီလို အခက်အခဲတွေကြောင့် အခုဆို စမ်းရေကိုအမှီပြုပြီး လုပ်နေရသော လယ်ဧက ၂၀၀ ကျော် သဲနုန်းများဝင်ပြီး ပျက်စီးနေပြီ။ ဥယျာဉ်ခြံမြေအတွင်း အပင်တွေသေဆုံးခြင်း ဖြစ်ပေါ်လာတာကြောင့် ပိတ်သိမ်းရန်တောင်းဆိုရခြင်း ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ဆန္ဒဖော်ထုတ်ပွဲတွင် ကြွေးကြော်သံများ ကြွေးကြော်၍ ဆန္ဒဖော်ထုတ်ခဲ့ကြပြီး ဆန္ဒဖော်ထုတ်ရန်အတွက် ပေါင်မြို့နယ် ရဲတပ်ဖွဲ့ရုံးသို့ ဇွန် ၁၀ ရက်က ခွင့်ပြုမိန့်တင်ခဲ့ရာ ဇွန် ၁၂ ရက်တွင် ဆန္ဒဖော်ထုတ်ခွင့်ပြုခဲ့ကြောင်း သိရသည်။ **ကိုဟိန်း (ပေါင်)**

# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇၃ စီး၊ သွင်းကုန် ၆၁၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၃ စီး၊ သွင်းကုန် ၂၀၄ စီး ကုန်စည်များသယ်ယူ ပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁ ဒသမ ၄၃၅၈ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၅ သန်းခန့် စုစုပေါင်းတားဆီးမှု ၂၁ မှု စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉ ဒသမ ၉၃၅၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၉ ရက်က မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် ခြောက်ဘီးယာဉ်နှင့် ဇွန် ၁၀ ရက်တွင် မန္တလေးမှ မူဆယ်သို့သွားရောက်မည့် Hilux၊ AD Van နှင့် Mark II Blit ယာဉ်တို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော တမလန်းခားရွေသစ် ၅၇ တုံး ၄ ဒသမ ၆၇၉၂ တန်၊ ပိတောက်ခားရွေ၊ ပိတောက်သစ်လုံး၊ ပိတောက်သစ်တိုင် စုစုပေါင်း ၁၄ တုံး ၀ ဒသမ ၆၅၅၈ တန်နှင့် သယ်ဆောင်သည့် ယာဉ်များ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ ဒသမ ၇၀၉၂ သန်းခန့် တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော တမလန်းခားရွေသစ်၊ ပိတောက်ခားရွေ၊ ပိတောက်သစ်လုံး၊ ပိတောက်သစ်တိုင်နှင့် သယ်ဆောင်သည့်ယာဉ်များ**

# တောင်ငူမြို့တွင် တစ်ရက်တည်း ယာဉ်တိုက်မှုနှစ်ကြိမ်ဖြစ်ပွား



**တောင်ငူ ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ဇွန် ၁၁ ရက်က ရထားနှင့်ကားတိုက်မှု အပါအဝင် တစ်ရက်တည်း ယာဉ်တိုက်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တောင်ငူမြို့မြောက်ဘက် ကံရိုး ကျေးရွာတွင် ဇွန် ၁၁ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က ကုန်ရထားနှင့် လိုက်ထရပ်ယာဉ်တို့ တိုက်မိကြောင်း သတင်းအရ တောင်ငူမြို့မရဲစခန်းက သွားရောက်စစ်ဆေးခဲ့ရာ ကံရိုး-ဘုရား နှစ်ဆူကျေးရွာသွား လမ်းကူးမှတစ်ဆင့် ကိုကျော်စွာ (၃၇နှစ်) အမှတ် (၂) ရပ်ကွက်၊ တောင်ငူမြို့နေသူ မောင်းနှင်လာသော 9M/--- လိုက်ထရပ်ယာဉ်က ရထားလမ်းအား ဖြတ်ကျော်စဉ် သာစည်မှ ရန်ကုန်သို့ ဦးသန်းဦး (၅၂နှစ်) တောင်ငူမြို့နေသူ မောင်းနှင်လာသော DF/----- အမှတ် (၂၂) အစုန်ကုန်တင်ရထားနှင့် တိုက်မိခဲ့ပြီး စက်ခေါင်းဖြင့်ချိတ်ကာ နှစ်ဖာလုံခန့်အထိ ပါသွားခဲ့သည်။**(ယာပုံ)**

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း ကိုကျော်စွာ၌ ဒဏ်ရာ(မစိုးရိမ်ရ)အနည်းငယ်သာရရှိခဲ့၍ တောင်ငူမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။

အလားတူ ယင်းနေ့ည ၉ နာရီခွဲခန့်က တောင်ငူမြို့ အမှတ် (၁၉) ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင် ၁၇၄/၄ နှင့် ၅ အကြား စာတိုက်လမ်းဆုံ၌ အောင်ထက်လင်း (၁၉နှစ်) ကန်ရွာ ရေတာရှည်မြို့နယ် နေသူ မောင်းနှင်လာသော 4L/---ISUZU လိုက်ထရပ်ယာဉ်သည် စာတိုက်လမ်းဘက်သို့ ချိုးကွေ့မောင်းနှင်စဉ် ကုလားကြီး (၃၇ နှစ်) ၁၉ ရပ်ကွက် တောင်ငူမြို့နေသူ မောင်းနှင်လာသော နံပတ်မပါဘေးတွဲဆိုင်ကယ်ကို တိုက်မိခဲ့ပြီး ကုလားကြီးတွင် (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့၍ တောင်ငူ မြို့မရဲစခန်းက အမှုဖွင့်အရေး ယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြဝတီမြို့၌ မူးယစ်ဆေးသယ်ဆောင်ရောင်းဝယ်သည်ဟု ယူဆရသည့်ယာဉ်အား သေနတ်ဖြင့် ပစ်ခတ်တားဆီးရာ မောင်းနှင်ထွက်ပြေး

**မြဝတီ ဇွန် ၁၂**

မြဝတီမြို့ အမှတ်(၄) ရပ်ကွက်တွင် ဇွန်၁၀ ရက် မွန်းလွဲပိုင်းက မူးယစ်ဆေးဝါး ရောင်းဝယ်သည့်ယာဉ်ဟု ယူဆရသည့် ယာဉ်အားတားဆီးရာ မောင်းနှင် ထွက်ပြေးသဖြင့် ပူးပေါင်းစစ်ဆေးရေး အဖွဲ့က သေနတ်ဖြင့် ပတ်ခတ်တားဆီးခဲ့ကြောင်း မြဝတီမြို့မရဲစခန်းမှ သိရသည်။

ကရင်ပြည်နယ် မြဝတီမြို့ အမှတ် (၄)ရပ်ကွက် သုခမိန်လမ်း၌ မူးယစ်ဆေးဝါးသတင်းအရ ဘားအံခရိုင်မှုခင်း နှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်သက်စိုးဦး ဦးစီးအဖွဲ့၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ် တပ်နယ် (၂)မှ ဗိုလ်ကြီးဇော်လင်း ဦးစီးအဖွဲ့၊ မြဝတီမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် သက်နိုင်စိုး ဦးစီးအဖွဲ့တို့မှ သတင်းအရစောင့်ဆိုင်းနေစဉ် မသင်္ကာဖွယ်တွေ့ရှိသော Toyota Fortuner ယာဉ်ကို တွေ့ရှိသဖြင့် ရပ်တန့်စေရာ အဆိုပါယာဉ်မှ ရပ်တန့်စစ်ဆေးမခံဘဲ ထွက်ပြေးသဖြင့် ယင်းယာဉ်အား ဖမ်းဆီးရေးအဖွဲ့မှ M-16 သေနတ်ဖြင့် လေးချက်၊ ၉ မမပစ္စတိုဖြင့် တစ်ချက် ရှေ့ဘီးကိုပစ်ခတ်ရပ်တန့်စေပြီး ဟန့်တားစဉ် မောင်းနှင်ထွက်ပြေးသွားခြင်း ဖြစ်ကြောင်း ဖမ်းဆီးရေးအဖွဲ့တွင်ပါဝင်သူတစ်ဦးက ပြောသည်။

မောင်းနှင်ထွက်ပြေးသည့် ယာဉ်အား ပူးပေါင်းအဖွဲ့က မယ်ထော်သလေးကျေးရွာပြောင်းခင်းတွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်အား မောင်းနှင် ထွက်ပြေးသူနှင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိရေးအတွက် ဒေသခံတပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်တပ်ဖွဲ့တို့က ပူးပေါင်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မံစီမြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

ဗန်းမော်ခရိုင် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲခန့်က မံစီမြို့နယ် ဟန်ထက်ကျေးရွာနေ ဝင်းနိုင်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၇ ဂရမ်တို့ သိမ်းဆည်းရမိခဲ့သဖြင့် ဝင်းနိုင် (ခ) ဖိုးသားကြီးအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# လွယ်တော်ခမ်း စစ်ဆေးရေးစခန်း၌ မိုင်းဆတ်သို့သွားမည့် ထိုင်းနိုင်ငံသားသုံးဦး ဖမ်းမိ

**တာချီလိတ် ဇွန် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ လွယ်တော်ခမ်း စစ်ဆေးရေးစခန်း၌ မိုင်းဆတ်မြို့သို့သွားမည့် ထိုင်းနိုင်ငံသားသုံးဦးအား ဇွန် ၁၁ ရက် ည ၁၀ နာရီက အရေးယူထားကြောင်း သိရသည်။

ဇွန် ၁၁ ရက် နံနက် ၁၁ နာရီခွဲက လွယ်တော်ခမ်း စစ်ဆေးရေးဂိတ်တွင် လဝက ဌာနခွဲ(၆) တာချီလိတ်မှ ဒုလဝကမှူး ဦးလှဖြိုးနှင့် ပူးပေါင်းအဖွဲ့သည် တာချီလိတ်ဘက်မှ မိုင်းဆတ်ဘက်သို့ သွားရောက်မည့် ယာဉ်မောင်း မောင်ကျကာ (၂၃နှစ်) မိုင်းဆန်နေ‌ာရွာ မယ်ပုလုံအုပ်စု မိုင်းဆတ်မြို့နေသူ မောင်းနှင်လာသည့် Vigo ယာဉ်ပေါ်တွင် လမ်းကြုံလိုက်ပါလာသည့် ထိုင်းနိုင်ငံသားများဖြစ်သော Mr. Damrong Sak (၄၃ နှစ်)၊ ထန့်ခမ်ရပ်ကွက် ကျင်းဟိုင်းမြို့ Mr. Sing Jun Oodsing (၄၀ နှစ်)၊ ထွန်တောင်းရပ်ကွက် ချင်းမိုင် Mr. Thee Rayut (၂၃ နှစ်)၊ မယ်ရောင်းရပ်ကွက် ကျင်းဟိုင်း ထိုင်းနိုင်ငံနေသူတို့ သုံးဦးအား စစ်ဆေးရာ ၎င်းတို့သည် ဇွန် ၁၀ ရက် ညပိုင်းက မယ်ဆိုင်မြို့မှ အမှတ်(၂)ချစ်ကြည်ရေးတံတားအနီး မယ်ဆိုင်ရေချောင်းမှဖြတ်ပြီး တာချီလိတ်သို့ တရားမဝင် ဝင်ရောက်ခဲ့ပြီး ဟိုတယ်တစ်ခုခုတွင် ညအိပ်ခဲ့ကြောင်း၊ ဇွန် ၁၁ ရက် နံနက်က မိုင်းဆတ်မြို့သို့အထွက် လွယ်တော်ခမ်း စစ်ဆေးရေးစခန်း၌ ဖမ်းဆီးခံခဲ့ကြောင်း ထွက်ဆိုသည်။

မြန်မာနိုင်ငံအတွင်းသို့ တရားဝင်ဖြတ်သန်းခွင့်လက်မှတ် တစ်စုံတစ်ရာမပါရှိဘဲ ဝင်ရောက်လာကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ထိုင်းနိုင်ငံသားသုံးဦးအား အရေးယူပေးရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်မှ ဒုလဝကမှူး ဦးမျိုးနိုင်က တရားလိုပြုလုပ်တိုင်တန်းရာ တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။



**မြင့်မိုရ်(တာချီလိတ်)**

# နှစ်လုံး၊ ချဲထီလောင်းကစားပြုလုပ်သူအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမှတ် (၄) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၉ ရက် ည ၁၀ နာရီက လောင်းကစားသတင်းအရ ပြည်ကြီးရန်လုံရပ်ကွက် (၁၃ × ၈၆) လမ်းထောင့်၌ သွားရောက် စောင့်ဆိုင်းနေစဉ် ကျော်ကျော်ဟိန်း(၃၇နှစ်)အား လမ်းလျှောက်လာသည်ကို တွေ့ရှိသဖြင့် စစ်ဆေးရာ ၎င်းလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ နှစ်လုံး၊ ချဲ ထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၄၉၉၀၀၀ တို့ သိမ်းဆည်းရမိခဲ့သောကြောင့် ကျော်ကျော်ဟိန်းအား အမှတ်(၄)နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# လယ်တောမှအပြန် ချောင်းရေ၌မျောပါ၍ လူတစ်ဦးသေဆုံး

**နေပြည်တော် ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် တိန်းကျေးရွာတွင် ဇွန် ၁၁ ရက် နံနက် ၈ နာရီခွဲက အမျိုးသားတစ်ဦး ရေနစ်သေဆုံးကြောင်း သတင်းအရ ကြာပင်ရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါကျေးရွာနေ ဦးခင်မောင်ဦး(၄၆နှစ်)သည် လယ်တောမှအပြန် တိန်းချောင်းကို ဖြတ်ကူးစဉ် ချောင်းရေကျလာသဖြင့်မျောပါပြီး ရေနစ်သေဆုံးသွားခြင်းဖြစ်ကြောင်း သိရ၍ မင်းကင်းမြို့မရဲစခန်းက သေမှုသေခင်းရေးဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ကျွန်းသစ်နှင့် သစ်မာမျိုးစုံ ၁၃၈ တန်ခန့် တင်ဆောင်ထားသော ယာဉ် ၁၉ စီး ဖမ်းမိ

**နမ့်ခမ်း ဇွန် ၁၂**

နယ်မြေခံတပ်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၉ ရက်က နယ်မြေရှင်းလင်းရေးဆောင်ရွက်နေစဉ် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်း-ရွှေလီရေအားလျှပ်စစ်စက်ရုံသို့ သွားသောကားလမ်း နမ့်ခမ်းမြို့နယ် ဟင်လုံကျေးရွာအုပ်စု ပန်ကူရွာအနီးတွင် ကျွန်းနှင့် သစ်မာမျိုးစုံ တင်ဆောင်ထားသည့် ရမ်းဖောင်ခြောက်ဘီးယာဉ်ကိုးစီး၊ ၁၂ ဘီးယာဉ် ခုနစ်စီး၊ ၁၀ ဘီးယာဉ်တစ်စီး၊ ရမ်းဖောင်ယာဉ် အလွတ်(သစ်မပါ)တစ်စီး၊ မြေထိုးစက်တစ်စီး စုစုပေါင်းယာဉ် ၁၉ စီး၊ ခန့်မှန်းသစ်တန်ချိန် ၁၃၈ တန်ခန့်နှင့်အတူ ယာဉ်မောင်းများဖြစ်ကြသည့် တရုတ်နိုင်ငံသား ၁၃ ဦး၊ မြန်မာနိုင်ငံသားတစ်ဦးတို့ကို တွေ့ရှိ၍ ဇွန် ၁၀ ရက်က နမ့်ခမ်းမြို့မရဲစခန်းသို့ ခေါ်ဆောင်လာပြီး ဖမ်းဆီးရမိသည့် သစ်တင်ယာဉ်များကို တာဝန်ရှိသူများက စနစ်တကျ ထိန်းသိမ်းထားရှိကာ တရုတ်နိုင်ငံသား ၁၃ ဦးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း တရားဝင် ဝင်ရောက်လာခြင်း ဟုတ်၊ မဟုတ် နမ့်ခမ်းမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၁၈)**

# တရားမဝင်သစ်တင်ယာဉ်တစ်စီး ဖမ်းမိ

**ကျောက်ကြီး ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ ကျောက်ကြီး-မုန်း ကားလမ်း မိုင်တိုင်အမှတ် (၅၇/၁) မအူပင်ဆိပ်ကျေးရွာအုပ်စု လပတ်ကျေးရွာထိပ်၌ တရားမဝင်ကျွန်းခွဲသားများတင်ဆောင်ထားသည့် ယာဉ်တစ်စီးကို ဇွန် ၁၁ ရက် ည ၉ နာရီခန့်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ ယာဉ်မောင်းမတွေ့ရှိရဘဲ ယာဉ်၏နောက်ခန်းတွင် တရားမဝင်ကျွန်းခွဲသား ရေရာဆိုက်စုံ ၁၃၄ ချောင်း ၀ ဒသမ၆၆၈၂ တန်ခန့်အား တွေ့ရှိရသဖြင့် မြို့နယ်သစ်တောဦးစီးဌာနက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်အောင်လှိုင်(ညောင်လေးပင်)**

# မောင်တောမြို့နယ်၌ တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်သူ တစ်ဦးဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မောင်တော-အင်ူမော် ကားလမ်း၌ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယမန်နေ့ ညနေ ၅ နာရီခန့်က ပိုက်ဆိပ်ကျေးရွာနေ မာမွတ်အီဆလာမ်အား တွေ့ရှိသဖြင့် စစ်ဆေးရာ ၎င်းသည် တစ်ဖက်နိုင်ငံသို့ တရားမဝင်သွားရောက်ခဲ့သူဖြစ်၍ အိမ်ထောင်စုစာရင်းမှ ပယ်ဖျက်ထားပြီး ၂၀၀၅ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် BD ပြေးအဖြစ် ကြေညာထားကြောင်း သိရသဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ လူသတ်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရှီတာရွာ၌ ယမန်နေ့နံနက်ပိုင်းက ညီအစ်ကိုနှစ်ဦး စကားများရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ရှီတာရွာနေ အီမန်ဟူဆိန်းနှင့် ညီဖြစ်သူ ဆွေယော့တူဆောင်းတို့သည် ယမန်နေ့နံနက် ၁၀နာရီခွဲခန့်က လယ်ထွန်ခြင်းကိစ္စနှင့်ပတ်သက်၍ စကားများရာမှ ဆွေယော့တူဆောင်းက အသင့်ပါလာသော ဓားဖြင့်ခုတ်သဖြင့် အီမန်ဟူဆိန်းတွင် ယာပါး၊ ကုပ်၊ ကျောပြင်ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကူမင်း ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲ စည်ကား

**ကူမင်း ဇွန် ၁၂**

၂၀၁၇ ခုနှစ် တောင်/အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ယနေ့ နံနက်ပိုင်းမှစ၍ ကူမင်းမြို့ ထျန်းချီ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည်။


ကူမင်း ကုန်စည်ပြပွဲသို့ တောင်/အရှေ့တောင်အာရှနိုင်ငံများမှ ပြခန်းများနှင့် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက ပြခန်းပေါင်း ၃၄ ခန်း ပါဝင်ပြသလျက်ရှိသည်။ မြန်မာပြခန်းများတွင် လက်မှုပညာပစ္စည်းများ၊ ကျောက်မျက်အချောထည်များ၊ စားသောက်ကုန်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းတို့ကို ပြသထားသည်။ ယခုနှစ်တွင် မြန်မာနိုင်ငံမှ စက်မှုကုန်ကြမ်းထွက်ကုန်နှင့် ရေထွက်ပစ္စည်းပြခန်း၊ ပညာရေးပြခန်း/ကျန်းမာရေးသုံးပစ္စည်းပြခန်းများကို တိုးချဲ့ပြသခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံက ကုန်စည်ပြပွဲတွေကို ၁၉၉၅-၁၉၉၆ ခုနှစ်လောက်ကစပြီး နှစ်စဉ်လာရောက်ပြသခဲ့ပါတယ်။ အဓိကကတော့ မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေ အတွေ့အကြုံရှိစေဖို့နဲ့ နိုင်ငံတကာပြပွဲတွေမှ အခြားနိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်မှု အလေ့အထကောင်းတွေရရှိစေဖို့ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်တွေကို စည်းရုံးဆောင်ရွက်ပြီး ပါဝင်နိုင်ဖို့ ကျွန်တော်တို့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနက နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု မြန်မာ့ကုန်သွယ်မှု ဗဟိုဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသန်းက ပြောသည်။

ပန်းသဇင်နှင့် ရွှေပြည်သိန်းသန်း ပြခန်းမှ မသီတာလွင်ကလည်း "ကျွန်မတို့ တရုတ်နိုင်ငံကုန်စည်ပြပွဲတွေကို ပါဝင်တာ ရှစ်ကြိမ်လောက်ရှိပါပြီ။ အများအားဖြင့် နန်နင်းကုန်စည်ပြပွဲမှာတော့ အတော်လေးရောင်းကောင်းပါတယ်။ ကျွန်မတို့ရောင်းတာက ပုလဲ၊ ပုလဲကို ကုန်ချောပစ္စည်းလုပ်ရောင်းတာပါ။ ရွှေပြည်သိန်းသန်းကတော့ ကျောက်မျက်ပေါ့နော်။ ကျောက်စိမ်းကို အဓိကထားရောင်းတာ။ ပယင်းကျောက်လည်း ပါတယ်။ ခုပြပွဲကတော့ အခြေအနေ ဘယ်လိုရှိမယ်တော့ မသိသေးဘူး" ဟု ပြောသည်။ Gems king dom co.let ပြခန်းမှ ဒေါ်ခင်မျိုးဆွေက "ကျွန်မတို့ကတော့ တရုတ်နိုင်ငံမှာလုပ်တဲ့ နန်နင်း၊ ပေကျင်း၊ ကူမင်း ကုန်စည်ပြပွဲတွေအပြင် ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်နိုင်ငံတွေမှာလည်း သွားရောက်ပြသဖူးပါတယ်။ တရုတ်မှာက ဇွန်လမှာလုပ်တဲ့ ကူမင်းကုန်စည်ပွဲရယ်၊ စက်တင်ဘာ၊ အောက်တိုဘာမှာလုပ်တဲ့ နန်နင်းကုန်စည်ပြပွဲတွေမှာတော့ နန်နင်းပွဲက ကျောက်ရောင်းရတာများတယ်။ ဈေးလည်းကောင်းတယ်။ အခုကူမင်းပွဲက ကျောက်အရောင်းအဝယ် သိပ်မကောင်းဘူး" ဟု ဆိုသည်။

အဆိုပါ ကူမင်းကုန်စည်ပြပွဲကို ဇွန် ၁၈ ရက်အထိ ခင်းကျင်းရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-သန်းဦး(လေးမျက်နှာ)**



## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- အင်္ဂလန်နှင့် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းသည် ဇွန် ၁၀ ရက် (စနေနေ့)က ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် စကော့တလန်နှင့် နှစ်ဂိုးစီသရေကျခဲ့သောပွဲတွင် ပထမဆုံးအကြိမ် အသင်းခေါင်းဆောင်လက်ပတ် ဝတ်ဆင်ကစားခဲ့ပြီးနောက်ပိုင်း အင်္ဂလန်အသင်း၏ အမြဲတမ်းအသင်းခေါင်းဆောင်ဖြစ်ချင်ကြောင်း သိရှိရသည်။ အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု (F) တွင် ရမှတ် ၁၄ မှတ်ဖြင့် ထိပ်ဆုံးနေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရှိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းသည် ဝါဒါဘရီမင်အသင်းမှ ဆာဂျီဂနာဘရီ(၂၁ နှစ်)ကို ပြောင်းရွှေ့ကြေး ယူရိုရှစ်သန်းဝန်းကျင်ခန့်ဖြင့် စာချုပ်ချုပ်ဆိုလိုက်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၀ ခုနှစ် ဇွန်လအထိ ရှိသော စာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများအရ သိရှိရသည်။
- မန်ယူအသင်းသည် ပင်ကိုအစွမ်းအစရှိသော ကစားသမားကို ထပ်မံဖြည့်ဆည်းပါမှ လာမည့်ရာသီတွင် ပရီမီယာလိဂ်ဖလားကို စိန်ခေါ်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း ဘရိုင်ယန်ရော့ဆင်က ပြောကြားလိုက်သည်။ မန်ယူအသင်းသည် ပြီးခဲ့သောရာသီတွင် အဆင့် ၆ နေရာတွင် ရပ်တည်ခဲ့ပြီး ပရီမီယာလိဂ် ၃၈ ပွဲတွင် ၁၅ ပွဲ အထိ သရေကျသော အဆိုးရွားဆုံးစံချိန်ကိုပါ တင်ထားကြောင်း သိရသည်။
- ရိန်းဂျားစ်အသင်းသည် ဘင်ဖီကာအသင်းမှ ဒန်နီရယ် ကန်ဒီးယက်စ်ကို နှစ်နှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်းသည် အသင်း၏ ငါးယောက်မြောက်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။
- စပိန်နှင့် ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ဇွန် ၁၁ ရက် (တနင်္ဂနွေနေ့)က မက်ဆီ ဒိုးနီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသောပွဲစဉ်တွင် စပိန်အသင်းအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းက ၎င်း၏အနာဂတ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ကို စောင့်မျှော်နေကြောင်း သိရှိရသည်။ စပိန်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု (G) ၌ ရမှတ် ၁၆ မှတ်ဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရှိရသည်။

**ဇော်ဇော်**



# ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်ရိုက်ပြိုင်ပွဲများကို ကမ္ဘာ့အပျော်တမ်းအဆင့်တွင် ထည့်သွင်းတွက်ချက်ပေးနေ

**ရန်ကုန် ဇွန် ၁၂**

R &A နှင့် USGA တို့မှ ဦးစီးသတ်မှတ်ပေးသည့် ဝါသနာရှင်အားကစားသမားများအတွက် World Amateur Golf Ranking သတ်မှတ်ပေးသည့်စာရင်းတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ဦးစီးကျင်းပသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများကို ထည့်သွင်းတွက်ချက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် World Ranking Point ရှိသူများတိုးပွားလာပြီး ၎င်းဦးရေများပြားလာသည့်အချိုးဖြင့် နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများအတွက် ဖိတ်ကြားခံရသည့် အားကစားသမားဦးရေ ထပ်တိုးရရှိနိုင်ခြင်း၊ အချို့သောပြိုင်ပွဲကြီးများသည် အဆိုပါ Ranking Point ရှိသူများကိုသာ သီးခြားဖိတ်ကြားခြင်းဖြစ်၍ မြန်မာလူငယ်ကစားသမားများအတွက် အခွင့်အလမ်းများ ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကျင်းပလျက်ရှိသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများကို Mottama Holdings Co.,Ltd၊ Myanmar Zwe Mann Co.,Ltd၊ MWD Bank၊ Phyo Si Thu၊ Teak Plantation (Myanmar) & Bago Yoma Eco Resort (Myanmar)၊ KBZ Bank နှင့် Innwa Bank တို့က အဓိကကူညီပံ့ပိုးပေးထားကြောင်း သိရသည်။ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲများအဖြစ် ယခုနှစ်တွင် နှစ်ကြိမ်ကျင်းပပြီးစီးထားပြီး တတိယအကြိမ်ပြိုင်ပွဲကို ပဲခူးမြို့တွင် ဇွန် ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ဖိုးသော်ဇင်**


အရည်အချင်းပြည့် အတွေ့အကြုံရင့်ဆရာများ ဦးစီးသော
မာန် နည်းပြ/သရုပ်ပြ ဝင်ခွင့်
စစစ-လ/ထစ့်စမ်းရေးမှူး/ငယ်/ရေး
တိုက်(၇)၊ လှည်းတန်း(၁)လမ်း၊ ရန်ကုန်။ Ph:09786583429

ရောင်းမည်
ပြင်ဦးလွင်တွင် ဟိုတယ်၊ ပုဂ္ဂလိကကျောင်း၊ ဆေးခန်းနှင့်အဆောက်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသူများအတွက် နေရာကောင်း ပေ(၉၀×၂၂၀)အကျယ်အဝန်းရှိ မြေရောင်းရန်ရှိသည်။
အထူးညှိနှိုင်းဈေး၊ ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။
ဖုန်း-၀၉-၅၁၅၄၆၃၅၊ ၀၉-၇၃၁၉၁၀၇၃

မိခင်အမည်မှန်
အထက(၆) ပဲခူး၊ တက္ကသိုလ်ဝင်တန်း(C)မှ မမေသဇင်ဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မိုးသက် ၇/ကဝန(နိုင်)၁၀၈၀၈၂ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
အထက(၁) မြင်းခြံ၊ တက္ကသိုလ်ဝင်တန်း (ခရေခန်း)မှ မအေးချမ်းသူ၏ ဖခင်အမည်မှန်မှာ ဦးသိန်းထိုက် ၈/ရနခ(နိုင်)၀၈၉၂၆၁ ဖြစ်ပါကြောင်း။
ဦးသိန်းထိုက်

မြေကွက်ရောင်းမည်
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ကျွန်စစ်သားလမ်းမကြီးမေးတင်၊ ရွှေပေါက်ကံတံတားအနီး ပေ(၄၀×၆၀)မြေကွက်။
ဆက်သွယ်ရန်ဖုန်း - ၀၉-၅၀၅၂၆၂၂၊ ၀၉-၇၆၅၀၄၇၁၄၁

ငပလီခြံမြေရောင်းရန်ရှိသည်။
ငပလီမြို့ ဇီးဖြူကုန်းရပ်ကွက်၊ မဇင်လမ်း လမ်းမတန်း(ဟိုတယ်ဖုန်)တွင်ရှိသော ဇီးဖြူကုန်း-သံတွဲမြေနေရာ (၂)ဧကခန့်မြေ ရောင်းရန်ရှိသည်။
စုံစမ်းရန်။ ။ ၀၉-၄၂၁၁၄၉၉၀၂။ ၀၉-၈၅၁၀၅၈၉

Aung's College (Tu Tu - Su Su)
လက်ထောက်စုံစမ်းရေးမှူး/အငယ်တန်းစာရေး/စာရင်းကိုင်-၄
ဒု-လက်ထောက်ကွန်ပျူတာ၊ရုံးအကူ/စာပို့
နည်းပြ/သရုပ်ပြ(သီးသန့်သင်တန်းစတော့မည်အမြန်ဆက်သွယ်ပါ)
၁၀၆၊စဉ့်အိုးတန်းလမ်း၊လသာ။ ဖုန်း-250727,09-5163884

အမည်ပြောင်း
ဦးအောင်အောင် ၁၄/ပသန(နိုင်)၁၄၇၈၃၉၏သား ပုသိမ်မြို့၊ ဥမ္မာဒန္တီလမ်း၊ အမက(၂၀) တတိယတန်း(ခွဲ) (သစ်ခွဖြူ)မှ မောင်ဖြိုးမင်းအောင်အား ယနေ့မှစ၍ မောင်ပြည့်ဖြိုးခန့်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ပြည့်ဖြိုးခန့်

ဖခင်အမည်မှန်
မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာ အထက၊ သတ္တမတန်းမှ မသဇင်မိုး၏ဖခင်အမည်မှန်မှာ ဦးကျော်မိုး ၉/သစန(နိုင်)၁၆၃၈၂၀ ဖြစ်ပါကြောင်း။ ဦးကျော်မိုး

ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အသရော်အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်စိုင်းအောင်ထက်၏ ဖခင်အမည်မှန်မှာ ဦးအေးကြီး ၇/သဝတ(နိုင်)၀၈၉၉၃၀ ဖြစ်ပါကြောင်း။ ဦးအေးကြီး

ဖခင်အမည်မှန်
မဘိမ်းမြို့၊ အထက၊ နဝမတန်း(A)မှ မတွယ်တာမိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၁၃/မဘန(နိုင်)၀၁၉၂၁၁ ဖြစ်ပါကြောင်း။
ဦးစိုးဝင်း

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်၊ ရွှေကူတဲစု၊ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မချယ်ရီထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းဦး ၅/ခဥန(နိုင်)၀၆၃၃၃၆ ဖြစ်ပါကြောင်း။ ဦးထွန်းဦး

အမည်ပြောင်း
ဦးကံဌေးလင်း ၁၂/မဂတ(နိုင်)၀၃၄၇၈၈ နှင့် ဒေါက်တာတင်မြထွေး ၁၃/တကန(နိုင်)၀၁၁၈၈၅ တို့၏သား Wisdom Hill Private High School(Grade-4 Circle)မှ မောင်ဇေလင်းမြတ်အား မောင်အောင်ခန့်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်
ဖားကန့်(အထက)နဝမတန်း(D)မှ မောင်ကျော်ဇင်ထွေး၏ ဖခင်အမည်မှန်မှာ ဦးယာဒါး ၁/မကန(နိုင်)၀၆၅၈၅၃ ဖြစ်ပါကြောင်း။
ဦးယာဒါး

ဖခင်အမည်မှန်
ကျောက်တန်းမြို့နယ်၊ ကမာကလုတ်(အထက)အဋ္ဌမတန်း(A)မှ မောင်ဘုန်းမြင့်သွေးနီ (၀၁၀/၁၄)၏ ဖခင်အမည်မှန်မှာ ဦးကျော်နု ၁၂/ကတန(နိုင်)၀၃၇၉၁၃ ဖြစ်ပါသည်။ ဦးကျော်နု

ဖခင်အမည်မှန်
ဟုမ္မလင်းမြို့နယ်၊ မောင်းခမ်းရွာ၊ (အထက) မမြင့်မြင့်လှိုင် (နဝမတန်း)၊ မထွေးထွေးခင် (ပဥ္စမတန်း)တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်မိုး ၅/ဟမလ(နိုင်)၀၇၃၄၁၄ ဖြစ်ပါကြောင်း။
ဦးအောင်ဇော်မိုး

7Stars (ရာထူးဝန်သင်တန်းကြီး)
နည်းပြ/သရုပ်ပြ ဝင်ခွင့်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန - လစ်လပ်ရာထူး (၃၀၀)နေရာ
ပုံမှန်တန်းခွဲ /အနီးကပ်တန်းခွဲများ စပြီ။
သင်တန်းတက်ရောက်ရန် အချိန်မရသူများအတွက် အပြည့်စုံဆုံးနှင့် အကောင်းမွန်ဆုံးပြုစုထားသော ဝင်ခွင့်အထောက်အကူပြုစာအုပ်များကို အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ ။
နယ်သို့ သီးသန့် ပို့ပေးသည် ။
တိုက် (18/3B )၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ် ၊ ရန်ကုန်မြို့။
09- 7 800 800 52 , 09- 789 10 7733 , 09- 4210 52736
Facebook Page : 7 Stars English Language Centre

ကန့်ကွက်နိုင်ပါကြောင်း
ကျွန်ုပ်မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြရတနာမြို့သစ်၊ သရဖီလမ်း၊ အမှတ် ၁၃၄၉နေ (ဘ)ဦးသိန်းထွန်း၏သမီး ဒေါ်ရည်မွန်အောင် ၁၂/မရက(နိုင်)၁၁၉၃၄၁၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရေကြည်အိုင်ရပ်ကွက်၊ ဒေါနလမ်းတွင် နေထိုင်လျက်ရှိသော ဦးကျော်ဌေး ၈/မကန(နိုင်)၉၃၄၇၂၂နှင့် ဒေါ်ခင်မျိုးဝင်း ၈/မကန(နိုင်)၀၅၀၆၀၉ တို့သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရည်မွန်အောင်ထံသို့ လာရောက်၍ ၎င်းတို့လက်ရှိ နေထိုင်ပိုင်ဆိုင်လျက်ရှိသော အိမ်အပါအဝင် မြေအကျယ်အဝန်း အလျားပေ ၂၀×အနံပေ၆၀အား ရောင်းချလိုကြောင်း ၎င်းကိုယ်တိုင် လာရောက်ကမ်းလှမ်းခဲ့သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ရောင်းချသည့်ငွေ၏ တစ်စိတ်တစ်ဒေသကို ၆-၁၂-၂၀၁၆ရက်စွဲပါ နှစ်ဦးသဘောတူ အရောင်းအဝယ်ပြုမှု ငွေပေးငွေယူကတိစာချုပ်ချုပ်ဆို၍ ရောင်းသူက ကျေနပ်စွာလက်ခံထားခဲ့ပြီး ဖြစ်ပါသည်။
ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော အထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းအိမ်ခြံမြေအား လွှဲပြောင်းရောင်းချခြင်းမပြုရန်တားမြစ်သည်။ ပြုလုပ်ပါက တည်ဆဲတရားဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရည်မွန်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ကြီး (အထက်တန်းရှေ့နေ) (စဉ်-၃၇၀၂၉)
B.A(Eco),DA,RL,DBL,DML,DIL,DIPL,MA(Business Law $P_1$),$DL_{101}$
WIPO(Switzerland),
အမှတ်(၄၈၇)၊ ဒူးယား(၄)လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၇၉၆၂၇၉၂၆၆

ဖခင်အမည်မှန်
ကျောက်တန်းမြို့နယ်၊ ကမာကလုတ်(အထက)အဋ္ဌမတန်း(A)မှ မောင်သော်ဇင်ဖြိုး (၀၀၄/၁၄)၏ ဖခင်အမည်မှန်မှာ ဦးဇော်သွင် ၁၂/ကတန(နိုင်)၀၄၂၅၇၆ ဖြစ်ပါသည်။ ဦးဇော်သွင်

တစ်ဦးတည်းဖြစ်ပါကြောင်း
အထက(၁) ဟုမ္မလင်း၊ ကျောင်းဝင်အမှတ်(၁၂၃၆၀) တက္ကသိုလ်ဝင်တန်းမှ မမာမာဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းကျော်(ခ)ဦးဝင်းကျော်ဦး ၅/ဟမလ(နိုင်)၀၇၁၇၆၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးဝင်းကျော်(ခ)ဦးဝင်းကျော်ဦး

ဖခင်အမည်မှန်
ကျောက်တန်းမြို့နယ်၊ ကမာကလုတ်(အထက)သတ္တမတန်း(A)မှ မောင်ကျော်ဇင်ထွန်း (၀၀၁/၁၅)၏ ဖခင်အမည်မှန်မှာ ဦးဇော်လွင်ဦး ၁၂/ကတန(နိုင်)၀၄၇၂၅၇ ဖြစ်ပါသည်။ ဦးဇော်လွင်ဦး

ဖခင်အမည်မှန်
လှိုင်သာယာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ရွှေဝါထွန်း(၆)လမ်း၊ အမှတ်(၄၀၈/ခ)၊ ထ-ခွဲ(၁၁)၊ တတိယတန်းမှ မရတီဆွေ၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကြွယ် ၁၄/နေဖ(နိုင်)၁၃၂၀၆၂ ဖြစ်ပါကြောင်း။
ဦးမြင့်ကြွယ်

ဖခင်အမည်မှန်
ကျောက်တန်းမြို့နယ်၊ ကျုံကန်ကျေးရွာ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်သက်ဆွေဦးနှင့် သတ္တမတန်းမှ မအေးမြတ်ကလျာတို့၏ ဖခင်အမည်မှန်မှာ ဦးဘိုနောင်း ၁၂/ကတန(နိုင်)၁၃၀၇၅၃ ဖြစ်ပါသည်။ ဦးဘိုနောင်း

အမည်ပြောင်း
ဦးမျိုးမြင့်၏သမီး ရန်ကုန်မြို့ အထက(၂)ဗဟန်း၊ တက္ကသိုလ်ဝင်တန်း (ကံ့ကော်)မှ မမျိုးကေခိုင်မြင့်အား မယွန်းကေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မယွန်းကေခိုင်

# သွားဖုံးသွေးထွက်ရခြင်းအကြောင်းရင်း

**ဒေါက်တာမောင်**



သွားဖုံးသွေးထွက်ရခြင်း အကြောင်းရင်းများစွာရှိသည့်အနက် ထိခိုက်ပွန်းပဲ့သောကြောင့် သွေးထွက်ရခြင်းနှင့် ခန္ဓာကိုယ်တွင်း ဓာတ်ချို့ယွင်းချက်ကြောင့် သွေးထွက်ရခြင်းဟူ၍ အကြမ်းအားဖြင့် နှစ်မျိုးနှစ်စား ခွဲခြားထားပါသည်။

ထိခိုက်ပွန်းပဲ့သောကြောင့် သွားဖုံးသွေးထွက်ခြင်းဆိုသည်မှာ သွားကြားထိုးတံဖြင့် ထိုးမိ၍ လည်းကောင်း၊ သွားတိုက်စဉ် သွားပွတ်တံနှင့် ထိုးမိ၍ လည်းကောင်း၊ အံဝင်ခွင်ကျမဖြစ်သော အံပုံသွားတုတပ်ဆင်ထား၍ လည်းကောင်း၊ မာသောအစာများစားစဉ် ထိခိုက်မိ၍ လည်းကောင်း သွားဖုံးသွေးထွက်ခြင်းမျိုး ဖြစ်သည်။ တစ်ခါတစ်ရံ ပူလောင်သော အစားအစာ၊ ဓာတုလောင်စာများ သွားဖုံးကို ထိခိုက်မိသောအခါတွင်လည်း ပြင်းထန်စွာ သွားဖုံးသွေးထွက်တတ်သည်။ အချို့မှာမူ အိပ်နေစဉ် အံကြိတ်သောကြောင့် သွားဖုံးသွေးထွက်တတ်ပြန်သည်။ အစာဟောင်းကျောက်များသွားအရင်း၌ ကပ်နေသောကြောင့် သွားဖုံးသွေးထွက်သည်ကို အများဆုံး ကြုံတွေ့ကြရသည်။ ထို့အပြင် ရေစီးကမ်းပြိုကဲ့သို့သော သွားဖုံးရောဂါများကြောင့်လည်း သွားဖုံးသွေးထွက်တတ်လေသည်။

ခန္ဓာကိုယ်တွင်း ချို့ယွင်းချက်ကြောင့် သွားဖုံးသွေးထွက်ရခြင်းမှာလည်း အကြောင်းအမျိုးမျိုးရှိသည်။ ဗီတာမင်စီ ချို့တဲ့သည့်အခါ သွေးကြောငယ်လေးများ အားနည်းသောကြောင့် လည်းကောင်း၊ သွေးထဲ၌ သဘာဝအလျောက်ရှိစေရမည့် သွေးခဲစေသော ဓာတ်များချို့ယွင်း၍ သော်လည်းကောင်း၊ သွေးခဲခြင်းကို အထောက်အကူ ဖြစ်စေသည့် ဗီတာမင်ကေကို ခန္ဓာကိုယ်အတွင်းမှ လုံလောက်စွာ မထုတ်လုပ်နိုင်၍ လည်းကောင်း၊ သွေးမတိတ်သော ရောဂါ၊ သွေးကင်ဆာရောဂါများရှိသည့်အခါ၌ လည်းကောင်း၊ ကလေးများ သွေးလွန်တုပ်ကွေးရောဂါဖြစ်သောအခါ၌ လည်းကောင်း သွားဖုံးမှ သွေးထွက်တတ်သည်။ ထို့ပြင် အကိုက်အခဲပျောက် ဆေးများကို အလွန်အကျွံ သောက်သုံးခြင်းကြောင့် လည်းကောင်း၊ သွေးကျဲစေတတ်သော ဆေးများကို သောက်ထားသောကြောင့် လည်းကောင်း၊ သွားဖုံးမှ သွေးအလွယ်တကူ ထွက်တတ်ပြန်သည်။ တစ်ခါတစ်ရံတွင်လည်း အမျိုးသမီးများ ရာသီပန်းပွင့်နေစဉ်ကာလအတွင်း၌ သွားဖုံးသွေးထွက်တတ်သေးသည်။

အထက်ဖော်ပြပါ သွားဖုံးသွေးထွက်ရခြင်း အကြောင်းရင်း အမျိုးမျိုးရှိသည့်အနက် အများအားဖြင့် အစာဟောင်းကျောက်များ တည်သောကြောင့် သွားဖုံးသွေးထွက်လေ့ရှိကြသည်။ အစာဟောင်းကျောက်ဆိုသည်မှာလည်း ထွေထွေထူးထူးတော့ မဟုတ်ပါ။ နေ့စဉ်စားသော အစာများက သွားမျက်နှာပြင်၌ ကပ်ကျန်နေပြီးနောက် ထုံးကျောက်ကဲ့သို့ မာသွားခြင်းမျိုးဖြစ်သည်။ အစာဟောင်းကျောက်များသည် သွားဖုံးအတွင်း မျက်နှာပြင်နှင့် ထိနေသောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ အစာစား သည့်အခါနှင့် သွားတိုက်သည့်အခါများ၌ သွားဖုံးသားများကို ဖိမိတိုင်း ကြမ်းတမ်းသော အစာဟောင်း ကျောက်မျက်နှာပြင်နှင့် နူနယ်သော သွားဖုံးအတွင်းသားများ ပွတ်တိုက်မိ၍ သွေးထွက်လာခြင်းဖြစ်သည်။ အလားတူပင် အစာဟောင်းကျောက်၌ တွယ်ကပ်နေသော ပိုးမွှားလေးများ၏ အန္တရာယ်ကြောင့်လည်း သွားဖုံးသွေးထွက်ရခြင်း ဖြစ်သည်။

အများအားဖြင့် သွားဖုံးသွေးထွက်သည်ဆိုလျှင် စီဗစ်စားဆေးနှင့် ထိုးဆေးများကိုသာ အသုံးပြုလေ့ရှိကြသည်။ အစာဟောင်း ကျောက်တည်၍ သွားဖုံးသွေးထွက်ရခြင်းဖြစ်ပါက စီဗစ်ဖြင့် ကုသရုံနှင့် ပျောက်ကင်းနိုင်လိမ့်မည်မဟုတ်ချေ။ ယင်းသို့ ကုသခြင်းမှာ ဆူးစူး၍ နာကျင်သည်ကို ဆူးမထုတ်ဘဲ အနာသက်သာအောင် အကိုက်အခဲပျောက်ဆေးပေးသည်နှင့် တူနေပါသည်။ အမှန်မှာ သွားဖုံးသွေးထွက်ခြင်းကိုဖြစ်စေသော အစာဟောင်းကျောက်များကို ဖယ်ရှားပေးရန်သာ အဓိကဖြစ်ပါသည်။

အစာဟောင်းကျောက်များ မဖြစ်စေရန်အတွက် သွားမျက်နှာပြင်၌ အစာဟောင်းများ ကပ်မနေစေရန် အထူးဂရုပြုရပါမည်။ အစာစားပြီးတိုင်း ပလုတ်ကျင်းသောအကျင့်ကို လေ့ကျင့်ပေးရမည့်အပြင် အစာဟောင်းများ ကပ်ကျန်နေခဲ့ပါကလည်း အစာဟောင်း ကျောက်အဆင့်မရောက်မီ ဖယ်ရှားနိုင်ရန်အတွက် အိပ်ရာဝင်သည့်အခါနှင့် အိပ်ရာထသည့်အခါတို့တွင် စနစ်တကျ သွားတိုက်ပေးရမည်ဖြစ်သည်။ အကယ်၍ အစာဟောင်းကျောက်များရှိနေပါကလည်း သွားဘက်ဆိုင်ရာ ဆရာဝန်ထံပြသ၍ ယင်းကျောက်များကို ရှင်းလင်းပေးရမည်ဖြစ်သည်။ သွားဖုံးသွေးထွက်ခြင်းသည် သွားဖုံးရောဂါ၏ လက္ခဏာတစ်ရပ်ဖြစ်သည် သာမက အခြားသော ရောဂါများ၏ လက္ခဏာများလည်းဖြစ်သောကြောင့် ရောဂါလက္ခဏာအဆင့်မှ ရောဂါဝေဒနာ အဆင့်သို့မရောက်မီ သတိပြုဆင်ခြင်နိုင်ကြစေရန်အတွက်ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြော

**ဝမ်ပုံ ဇွန် ၁၂**

အပြည်ပြည်ဆိုင်ရာ ဝမ်ပုံဆိပ်ကမ်း၊ မဲခေါင်မြစ်ကြောင်းအတွင်းမှ ရေကြောင်းခရီးသွားလာလုပ်ကိုင်နေရသူ ပြည်သူများအနေဖြင့် မိုးရာသီကာလအတွင်း စက်တပ်ရေယာဉ်များဖြင့်ရေကြောင်းခရီးများ သွားလာရာတွင်အန္တရာယ်ကင်းရှင်းစေရေး၊ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ရန်အတွက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောဆွေးနွေးပွဲနှင့် အသက်ကယ်အင်္ကျီများ ပေးအပ်လှူဒါန်းပွဲကို တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာ ဆိပ်ကမ်း၌ ဇွန် ၁၀ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လှမိုးက ရေယာဉ်မောင်းနှင်သူများအား သတ်မှတ်လူဦးရေနှင့်ကုန်ချိန်ထက်ပို၍ တင်ဆောင်ခြင်းမပြုရန်၊ လေအကူများထားရှိရန်၊ ရေယာဉ်တွင် စီးနင်းလိုက်ပါသည့် ခရီးသည်များအတွက် အသက်ကယ်အင်္ကျီယူဆောင်ရန် မဲခေါင်မြစ်အတွင်း ရေယာဉ်များတွင် အန္တရာယ်ကျရောက်ပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ စသည်တို့ကို ဟောပြောပြီး တပ်ဖွဲ့ဝင်ရေယာဉ် ရဲရန်ခွင်း ၁၇၁ ၏ ရေယာဉ်မှူး ရဲမှူး ရဲမင်းထက်က ရေယာဉ်မောင်းနှင်ခြင်းဆိုင်ရာ ဥပဒေများနှင့် အရေးပေါ်အခြေအနေနှင့်ကြုံတွေ့ရသည့်အခါ လိုက်နာဆောင်ရွက်ရမည့်အချက်များ စသည့်တို့ကို အသိပညာပေးဟောပြောဆွေးနွေးပြီးနောက် တာဝန်ရှိသူများက အသက်ကယ်အင်္ကျီ ၆၀ ပေးအပ်လှူဒါန်းရာ စက်လှေအသင်းအဖွဲ့ ခေါင်းဆောင် ဦးစိုးနိုင်က လက်ခံယူကြောင်း သိရသည်။**မြင့်မိုရ်(တာချီလိတ်)**

## မန္တလေးမြို့ မရမ်းခြံဆိပ်ကမ်း၌ ဆိပ်ခံလေးခုတည်ဆောက်မည်

**မန္တလေး ဇွန် ၁၂**

မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မရမ်းခြံဆိပ်ကမ်း၌ နိုင်ငံခြားသားများ ရေယာဉ်ပေါ်အတက်၊ အဆင်းပြုလုပ်ရာတွင် အဆင်ပြေလွယ်ကူစေရန် ဆိပ်ခံလေးခု တည်ဆောက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားသားပို့ဆောင်ရေး ရေယာဉ်အသင်းဥက္ကဋ္ဌ ဦးသက်ထွန်းက ပြောကြားသည်။

“လက်ရှိဒီနေရာမှာ သံခုံကြီးရှိတယ်။ အဲဒီအပေါ်မှာစတီးတွေနဲ့ တံတားထည့်ထားတယ်။ စတီးကုန်းပေါင်နဲ့ သံခုံပေါ်တပ်ပြီးတော့ ဟိုဘက်ကျမှတစ်ခါ စတီးကုန်းပေါင်နဲ့ပဲ ရေယာဉ်ပေါ်တက်နေကြရတယ်။ ဒီမရမ်းခြံဆိပ်က ပေ ၂၀၀ ရှိတယ်။ နောက်ထပ်ပေ ၂၀၀ ထပ်တိုးပြီး ပေ ၄၀၀ အကျယ်ပေါ်မှာ ဆိပ်ခံလေးခု လုပ်သွားမှာပါ။ လက်ရန်းပါတဲ့ ဆိပ်ခံဖောတံတားလည်းပါမယ်။ တံတားကမ်းကနေ ဆိပ်ခံပေါ်တစ်ဆင့် ဆိပ်ခံကနေ မော်တော်ပေါ် တစ်ဆင့်တက်နိုင်အောင် ဆောင်ရွက်သွားမှာပါ” ဟု ၎င်းကပြောသည်။

အဆိုပါဆိပ်ခံလေးခုကို နိုင်ငံခြားသား ပို့ဆောင်ရေးရေယာဉ်အသင်းမှ အကုန်အကျခံကာ ခရီးသွားရာသီအမီ အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး လက်ရှိတွင် လုပ်ငန်းစတင်ဆောင်ရွက်ခြင်းမရှိသေးကြောင်း သိရသည်။ ယခုတည်ဆောက်ခြင်းကို ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (မန္တလေး)တို့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ရတနာသစ်တော၊ ပြည့်သွေးကြော
သစ်တောရတနာ၊ ထိန်းသိမ်းပါ



## ပြည်မြို့အနီးရှိ ကမ္ဘာ့သက်တမ်းအရင့်ဆုံးကျွန်းစိုက်ခင်းကို ခရီးသွားလုပ်ငန်းဖော်ဆောင်ရန်ကွင်းဆင်းကြည့်ရှု

**ပြည် ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနီးရှိ ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံးကျွန်းစိုက်ခင်းသစ်တောကြိုးဝိုင်းအား ခရီးသွားလုပ်ငန်းအဖြစ် ဖော်ဆောင်ရန် မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များမှ ဇွန် ၁၁ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့သည်။

မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်၊ မြန်မာ့သစ်လုပ်ငန်း (ပဲခူးတိုင်းဒေသကြီး)ဒုမန်နေဂျာ ဦးထွန်းထွန်းဦးနှင့်အဖွဲ့ဝင်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဦးစီးဌာနမှ ဦးမြင့်ထွေးနှင့် အဖွဲ့ဝင်များ၊ ခရီးသွားလာရေးလုပ်ငန်းရှင်များ ပါဝင်ခဲ့ကြောင်းသိရသည်။ ကွင်းဆင်းကြည့်ရှုရခြင်းမှာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ပဲခူးရိုးမသစ်တောများ စိမ်းလန်းစိုပြည်ရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား သိရှိနိုင်ရန်ဖြစ်ပြီး ခရီးသွားလုပ်ငန်းများ ကျယ်ပြန့်စွာလုပ်ဆောင်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံခြားခရီးသွားလည်း စိတ်ဝင်စားစွာ လည်ပတ်နိုင်ခွင့် ရရှိမည်ဖြစ်သည်။ ထို့အတူ ခရီးသွားလုပ်ငန်း တိုးတက်ရန်နှင့် မြန်မာ့သစ်တောများ စိမ်းလန်းစိုပြည်မှုကို ဦးစားပေးကဏ္ဍအနေဖြင့် အကောင်အထည်ဖော်လျက်ရှိသည့်အပြင် ဒေသတွင်းဆက်စပ်မှုရှိသည့် ဒေသခံပြည်သူများအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်နှင့် ဗဟုသုတကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်ရည်ရွယ်ကြောင်း မြန်မာ့သစ်လုပ်ငန်း (ပဲခူးတိုင်းဒေသကြီး) ဒုမန်နေဂျာ ဦးထွန်းထွန်းဦးက ပြောကြားသည်။

“အခုကတော့ သစ်တောရေးရာဝန်ကြီးဌာနနဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီးတော့မှ ဒီ EcoTourism ကို ကျွန်တော်တို့ဖော်ဆောင်နေတာ ဖြစ်ပါတယ်။ သစ်တောရေးရာဝန်ကြီးဌာနက ထိန်းသိမ်းစိုက်ပျိုးထားတဲ့ ကျွန်းပင်တွေ သဘာဝအခြေအနေတွေကို ပြသပြီးတော့မှ ကမ္ဘာလှည့်ခရီးသွားတွေကို ဆွဲဆောင်တဲ့ EcoTourism ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ဟိုတယ်လုပ်ငန်းရှင်တွေ၊ ခရီးသွားလုပ်ငန်းရှင်တွေ ပါပါတယ်။ ဒီအဖွဲ့တွေကနေပြီးတော့ ဒီဒေသတွေမှာ ဒီလိုမျိုးတွေ ရှိပါတယ်။ ဒီလိုမျိုးတွေ သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းထားတယ်ဆိုတာတွေကို ပြသသွားမှာ ဖြစ်ပါတယ်။ အဲဒီကမှတစ်ဆင့် ကမ္ဘာလှည့်ခရီးသည်တွေ ဝင်ရောက်လာနိုင်တဲ့အတွက်ကြောင့် စီးပွားရေးလုပ်ငန်းဆက်နွှယ်တဲ့ အလွှာအသီးသီးကနေ ဝင်ငွေတွေရမယ်၊ လူမှုစီးပွားဘဝတွေ မြင့်မားလာမယ်။ ဒါကတော့ အစိတ်အပိုင်းတစ်ခုပေါ့။ အဓိကကတော့ သစ်တောရေးရာဝန်ကြီးဌာနက ခုနက ရှင်းပြသွားတဲ့ သဘာဝပတ်ဝန်းကျင်ကို ဘယ်လိုထိန်းသိမ်းထားတယ်ဆိုတာကို ပြည်သူတွေနဲ့ နိုင်ငံတကာက သိရှိသွားနိုင်မှာ ဖြစ်ပါတယ်” ဟု ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဦးစီးဌာနမှ ဦးမြင့်ထွေးက ပြောသည်။

အဆိုပါ သက်တမ်းရင့်ကျွန်းစိုက်ခင်းကို ၁၈၅၇-ခုနှစ်က ဂျာမန်ရုက္ခဗေဒပညာရှင် ဒေါက်တာဘရန်းဒစ်က စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး စတင်စိုက်ပျိုးစဉ်က ၂၄-ဧက ကျွန်းပင်ပေါင်း ၅၁၁ ပင်ကို ထိန်းသိမ်းထားနိုင်ခဲ့ကာ ယခုအချိန်တွင် အကြီးဆုံးကျွန်းပင်၏ လုံးပတ်မှာ ၁၅ ပေ ၈ လက်မ ရှိပြီး ယင်းကျွန်းစိုက်ခင်းတွင် လုံးပတ်အကြီးဆုံး ကျွန်းပင်ပေါင်း ၄၂ ပင်ရှိကြောင်း သိရသည်။ ကျွန်းစိုက်ခင်းကို ထိန်းသိမ်းထားပြီး ယင်းစိုက်ခင်း၏ ဘေးပတ်လည်မှတစ်ဆင့် ကျွန်းစိုက်ခင်းများ ဝန်းရံစိုက်ပျိုးထိန်းသိမ်းထားရှိခဲ့ရာ ယခုဆိုလျှင် ကျွန်းစိုက်ခင်းဧကပေါင်း ၇၈- ဧက ရှိပြီး ကျွန်းပင်ပေါင်း ၃၅၀၃ ပင်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# စကမြားတိုက်နယ်ဆေးရုံဖွင့်ပွဲ ကျင်းပ ကျေးလက်နေပြည်သူများ အဆင်ပြေစွာဖြင့် ဆေးကုသမှုခံယူနိုင်မည်

**မြောင်းမြ ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် စကမြား တိုက်နယ်ဆေးရုံဖွင့်ပွဲကို ဇွန် ၉ ရက်က အဆိုပါ တိုက်နယ်ဆေးရုံ ရှေ့မှခ်ဦး၌ ကျင်းပသည်။

တိုက်နယ်ဆေးရုံဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်းနှင့် ဒေါ်ခိုင်ဇင်ဦး၊ တိုင်းပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး မန်းသိန်းကျော်၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဦးတိုးမောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ၊ ပညာရေးဌာန ကျေးလက်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိသူများလိုက်ပါကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးကျော်စွာလွင်နှင့် ဆေးရုံမြေအလှူရှင် ဦးလှကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဌာနမှူးက ဆေးရုံလည်ပတ်ဆောင်ရွက်မှု အခြေအနေများကို တင်ပြသည်။

စကမြား တိုက်နယ်ဆေးရုံကို ၂၀၁၅ ခုနှစ်က ခွင့်ပြုရရှိခဲ့ပြီး စကမြား- ကျောက်မျက်စု ကျေးရွာနေ အလှူရှင် ဦးလှကြည်-ဒေါ်ဝင်းရီမိသားစုတို့က ဆေးရုံတည်ဆောက်ရေးအတွက် လယ်မြေဧက ၃ ဒသမ ၂၈ ဧကလှူဒါန်းမှုဖြင့် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းအား နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၉၀ ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆေးရုံတွင် လက်ရှိခန့်အပ်တာဝန်ပေးပြီး ဆရာဆရာမ အင်အားဖြင့် ပြင်ပလူနာ ၂၂၅၀၊ အတွင်းလူနာ ၁၁၉ ဦး၊ မွေးလူနာခြောက်ဦးနှင့် အရေးပေါ် ခွဲစိတ်လူနာတစ်ဦးတို့အား လက်ခံကုသဆောင်ရွက်ပေးပြီးကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# ရှေးဟောင်းဘုရားထီးကြီးစေတီတော် ထီးတော်တင်လှူ

**စေတုတ္တရာ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့ရှိ နှစ်ပေါင်း ၂၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့သော ထီးကြီးစေတီတော်၏ ယိုယွင်းပျက်စီးနေမှုအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖအလှူရှင်များက ပြန်လည်ပြုပြင်မွမ်းမံပြင်ဆင်၍ ထီးတော်တင်လှူပွဲအခမ်းအနားကို ဇွန် ၉ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဆင်ဖြူကျွန်းမြို့မဟာဝိသုတ္တာရာမစာသင်တိုက် ပဓာနနာယကဆရာတော် ဦးပညာဇောတက ရေစက်ချတရားချီးမြှင့်ခဲ့ပြီး အလှူရှင်များက ပန်းရထားဖြင့် ထီးတော်တင်လှူပူဇော်ခဲ့ကြသည်။ အဆိုပါ စေတီတော်ကြီးအား ဖေဖော်ဝါရီလတွင် စတင်၍ ပြုပြင်မွမ်းမံခဲ့ရာ စုစုပေါင်းငွေကျပ်သိန်း ၁၂၀ ကုန်ကျခဲ့ကြောင်း သိရသည်။

**ဖိုးပြည့်**

# လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး တောင်သူနှင့်ဌာနဆိုင်ရာပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**

လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝများ သိသာစွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒေသခံတောင်သူလယ်သမားများ၏ စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန်နည်းပညာ ထိရောက်စွာဖြန့်ဝေပေးရန် မျိုးကောင်းမျိုးသန့် အပါဝင် လိုအပ်ချက်များ ညှိနှိုင်းကူညီပေးရန် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများသည် ဇွန် ၁၀ ရက်က လယ်ဝေးမြို့နယ် ပေါက်မြိုင်ကျေးရွာအုပ်စု တောင်သူပညာပေးဆွေးနွေးစခန်းသို့ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် ပေါင်းလောင်းလက်ဝဲမြောင်းမကြီး ဆည်ရေသောက်တွင် စနစ်ကျလယ်ယာမြေဖော်ထုတ်ရန် စီမံဆောင်ရွက်နေမှု များကိုလည်းကောင်း၊ ဒေသရေမြေ ရာသီဥတုအခြေအနေအပေါ်တွင် သီးနှံ၏သက်တမ်းနှင့်ချိန်ညှိပြီး တောင်သူအကျိုးအတွက် အကျိုးအမြတ်အများဆုံး သီးနှံပုံစံချမှတ်စိုက်ပျိုးနိုင်ရေးနှင့် အကျိုးဆောင်တောင်သူ ၁၅ ဦးတို့၏ တစ်ကွင်းတစ်ဆက်တည်း ဧက၄၀ တွင် မျိုးစပါးစိုက်ပျိုးထုတ်လုပ်နေမှုများအား ဆွေးနွေးခဲ့ကြသည်။



ဆက်လက်၍ လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံတောင်သူများ၊ စိုက်ကွင်းတာဝန်ခံများအား တွေ့ဆုံပြီးမျိုးစေ့ထုတ်လုပ်ငန်းနှင့် မျိုးသန့်ပွားများခြင်းလုပ်ငန်းများတွင် အကျိုးဆောင်တောင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် စိုက်ပျိုးရေး အလေ့အကျင့်ကောင်း GAP စနစ်လိုက်နာကျင့်သုံးဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ လယ်ယာကုန်ထုတ် သမဝါယမစနစ် ပီပြင်စွာ အောင်မြင်လာစေရေးအတွက် ညီညွတ်စွာ ကြိုးပမ်းအကောင်အထည်ဖော်ရန်လိုအပ်ချက်များကို လည်းကောင်း အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဇူလိုင်မိုး(မြန်မာ့အလင်း)**



# လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျသည့်နေအိမ်များအား တစ်ကိုယ်ရည်ကျန်းမာရေးသုံးပစ္စည်းများလှူဒါန်း

**မင်းလှ ဇွန် ၁၂**

သာယာဝတီခရိုင် မင်းလှမြို့နယ် ထန်းပင်ကုန်းအုပ်စုအတွင်း၌ လေပြင်း တိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးနေအိမ်များအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ပေးပို့သောထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းခြင်းကို ထန်းပင်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းပွဲတွင် မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးဝင်းအောင်က လေဘေးသင့်ပြည်သူများအား စိတ်ဓာတ်များ ကြံ့ခိုင်ရန် တိုက်တွန်းအားပေးစကားများပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ၊ အမှုဆောင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ထန်းပင်ကုန်းကျေးရွာ၌ ပြိုကျနေအိမ်တစ်လုံး၊ ချောင်းနက်ကျေးရွာ၌ ပြိုကျနေအိမ် ၁၃ လုံးအတွက် တစ်ကိုယ်ရည်ကျန်းမာရေးသုံးပစ္စည်း ၁၈ မျိုးပါရှိသော Hygiene Kit ပုံးများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပေါက်စ-မင်းလှ**

# နဝင်းချောင်းကမ်းပါးပြိုကျမှုကြောင့် ဒေသခံကျေးရွာနေပြည်သူများ စိုးရိမ်မှုဖြစ်

**ပြည် ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် သဲကုန်းကျေးရွာအုပ်စု လင်းပင်ကျေးရွာအနီးမှ ဖြတ်သန်းစီးဆင်းလျက်ရှိသည့် နဝင်းချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျခြင်းများဖြစ်နေသည့်အတွက် မိုးရာသီကမ်းပါးပြိုကျလျှင် ဒေသခံရွာမှ အိမ်များအတွက် စိုးရိမ်မှုရှိနေကြောင်း သိရသည်။

အဆိုပါ ချောင်းရေတိုက်စားမှုမှာ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ ရေတိုက်စားမှုကြောင့် ကျေးရွာချင်းဆက်လမ်းများ သုံးပုံတစ်ပုံခန့်ပါသွားပြီးဖြစ်သည်။ ယခုနှစ်မိုးရွာပြီး ကမ်းပါးထပ်မံပြိုကျပါက ယင်းကျေးရွာမှ လမ်းဘေးရှိနေအိမ် ၁၆ လုံးခန့်လျှပ်စစ်မီးတိုင်များ၊ လမ်းများပျက်စီးနိုင်သဖြင့် ဒေသခံများ စိုးရိမ်လျက်ရှိကြောင်း၊ အဆိုပါလမ်းမှာ ဒေသခံကျေးရွာ ၁၆ ရွာမှ ကျောင်းသားကျောင်းသူများ၊ ဈေးရောင်းဈေးဝယ်များ အားထားရာလမ်းဖြစ်သည့်အတွက်လည်း စိုးရိမ်မှုများရှိကြောင်း၊ ပြီးခဲ့သည့်ရေတိုက်စားမှုကြောင့် နဝင်းချောင်းဘေး လင်းပင်ကျေးရွာမှ လမ်းတစ်လျှောက် အရှည်ပေ ၁၀၀၀ ခန့် ပြိုကျခဲ့ကြောင်း ဒေသခံများကပြောသည်။

ရေတိုက်စားရာနေရာသို့ သက်ဆိုင်ရာအဖွဲ့များက ကွင်းဆင်းစစ်ဆေးခဲ့ပြီး၊ လမ်းပြန်ဖို့ရုံနှင့် မရနိုင်ဘဲ geologist ၊ soil text တွေနှင့် အသေအချာပြန်လည်လုပ်ဆောင်ရမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ လမ်းပိုင်းမှာ ပြည်မြို့ ဝက်ထီးကန်တိုက်နယ်နှင့် ပေါင်းတလည်တိုက်နယ်တို့သို့ ဆက်သွယ်ထားသောလမ်းဖြစ်သည့်အတွက် မိုးရာသီအမီ ပြန်လုပ်ဆောင်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ထိုင်းနိုင်ငံမှ ဆရာဝန်ကြီးများက ဆေးပညာရပ်ဆိုင်ရာဟောပြော

**မန္တလေး ဇွန် ၁၂**

ထိုင်းနိုင်ငံစူကွန်ဗစ်ဆေးရုံကြီး (SUKUMVIT HOSPITAL)ဆေးရုံကြီးမှ ဆရာဝန်ကြီးများက ဆေးပညာရပ်ဆိုင်ရာဟောပြောပွဲကို ဇွန် ၁၀ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Resort Hotel ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဆေးရုံ၏စီအီးအို ဒေါက်တာမွန်ဆက်ကအမှာစကား ပြောကြားပြီး နှလုံးအထူးကုတာဝန်ခံဆရာဝန်ကြီး ဒေါက်တာနီဗစ်က နှလုံးရောဂါကြိုတင်ကာကွယ်ရေး၊ ကုသရေးတို့ကို ပြောကြားသည်။

ဆက်လက်၍ အရိုးအကြောအထူးကုတာဝန်ခံ ဆရာဝန်ကြီးက အရိုးအကြောနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောကာ တက်ရောက်လာသူများက သိလိုသည်များမေးမြန်းပြီး တက်ရောက်လာသူများထဲမှ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦးကို ထိုင်းနိုင်ငံသို့ ဆေးစစ်မှုအခမဲ့ရရှိရန် ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# တိုင်းရင်းသားလူငယ်များက မိတ္ထီလာကန်ကြီးလှပသန့်ရှင်းရေးအမှိုက်များ လိုက်လံကောက်ယူ

**မိတ္ထီလာ ဇွန် ၁၂**

လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု ပထမ(အဆင့်) မေတ္တာရိပ်မြုံလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ အခမဲ့ပညာသင်ကြားပေးလျက်ရှိသည့် တိုင်းရင်းသူ၊ တိုင်းရင်းသားကလေးငယ်များက မိတ္ထီလာမြို့နှင့်မိတ္ထီလာကန်သာယာလှပသန့်ရှင်းရေးအတွက် အပတ်စဉ်စနေနေ့တိုင်း ကောက်ယူသိမ်းဆည်းလျက်ရှိရာဇွန် ၁၀ ရက်က မိတ္ထီလာကန်ကြီးတွင် အမှိုက်များကောက်ယူသိမ်းဆည်းခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့ပြည်သာယာတောင်(၁)လမ်းရှိလူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု ပထမ(အဆင့်) မေတ္တာရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှတိုင်းရင်းသူ၊ တိုင်းရင်းသားကလေးငယ်များကို အခမဲ့ပညာသင်ကြားပေးလျက်ရှိပြီး ကလေးငယ်များ၏ စားဝတ်နေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါဂေဟာသို့ မြောင်စီ၊ လားဟူ၊ နာဂ၊ ကရင်၊ “ဝ”နှင့် ကချင်တိုင်းရင်းသားများ လာရောက်ပညာသင်ယူလျက်ရှိသည်။ ၎င်းပညာသင်ယူလျက်ရှိသော တိုင်းရင်းသားလူငယ်ကျောင်းသားကျောင်းသူ ၇၆ ဦးတို့က မိမိတို့ ပညာသင်ကြားပေးလျက်ရှိသော မေတ္တာရိပ်မြုံလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကြီးတည်ရှိရာ မိတ္ထီလာမြို့ကို ကျေးဇူးဆပ်သောအနေဖြင့် ကျောင်းပိတ်ရက်ဖြစ်သည့် စနေနေ့တွင် အနားမယူကြဘဲ မိတ္ထီလာမြို့နှင့် မိတ္ထီလာကန်ကြီး သာယာလှပသန့်ရှင်းရေးအတွက် အမှိုက်များ လိုက်လံကောက်ယူသိမ်းဆည်းခဲ့ကြောင်း သိရသည်။

အမှိုက်များ လိုက်လံကောက်ယူသိမ်းဆည်းခြင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းဂေဟာမှူးဦးမျိုးဆွေက ပြောခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# လူ့အခွင့်ရေးပညာပေး အခြေခံသင်တန်းဖွင့်

**မော်လမြိုင် ဇွန် ၁၂**

သံဖြူဇရပ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မွန်ပြည်နယ် လူ့အခွင့်အရေး ပညာပေးသူများကွန်ရက် Human Right Equality Myanmar (HREN) ၏ပံ့ပိုးကူညီမှုဖြင့် လူ့အခွင့်အရေးပညာပေးအခြေခံသင်တန်း(Human Right Training) ကို ဇွန် ၉ရက်က ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြဦးပြည့်စုံက လူ့အခွင့်အရေးနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည့်အရာများ၊ ဆောင်ရန်ရှောင်ရန်ကိစ္စရပ်များအား ဇွန် ၁၁ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**တင်ထွဋ် (မော်လမြိုင်)**

# ပျူ ယဉ်ကျေးမှုနယ်မြေ သရေခေတ္တရာ

**မောင်သာ(ရှေးဟောင်းသုတေသန)**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ အရှေ့တောင်ဘက် ငါးမိုင်အကွာတွင် တည်ရှိသည့် သရေခေတ္တရာသည် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို)က ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ် မသတ်မှတ်မီကပင် ပျူမြို့ဟောင်းတစ်ခုအဖြစ် ပြည်တွင်းပြည်ပ၌ ထင်ရှားခဲ့သည်။ လွန်ခဲ့သော နှစ် ၂၀၀၀ ဝန်းကျင်က ပျူမြို့ပြတစ်ခုဖြစ်ခဲ့သည့် သရေခေတ္တရာသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရသည့်နောက်ပိုင်းတွင် ပိုမိုထင်ရှားကျော်ကြားလာခဲ့သည်။




သရေခေတ္တရာဟူသည့်အမည်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသောအရပ်ဟု အဓိပ္ပာယ်ရပြီး မြို့ရိုးသည် မဝိုင်းတဝိုင်းပုံရှိ၍ မြို့ရိုးပတ်လည်အလျားသည် ၈ မိုင် ၅ ဖာလုံရှိကာ ဧရိယာ ၅ ဒသမ ၅ စတုရန်းမိုင် ကျယ်ဝန်းသဖြင့် ပျူမြို့ဟောင်းသုံးမြို့တွင် အကြီးဆုံးဖြစ်သည်။ မြေပုံအညွှန်းအရ သရေခေတ္တရာ၏ တည်နေရာသည် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၇၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၅ မိနစ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထမဆုံးသော ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများဖြစ်ကြသည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့သည် မြန်မာနိုင်ငံအတွင်း တောင်မြောက်တန်းလျက် တည်ရှိနေကြပြီး သရေခေတ္တရာသည် ဗိဿနိုးမှ ကီလိုမီတာ ၁၃၀ နှင့် ဟန်လင်းမှ ကီလိုမီတာ ၄၀၀ အကွာ တောင်ဘက်ဆုံးတွင် တည်ရှိသည်။

**ရှေးဟောင်း သရေခေတ္တရာ**

မြန်မာရာဇဝင်ကျမ်းများတွင် သရေခေတ္တရာကို ဗုဒ္ဓဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီး ၁၀၁ နှစ် (ခရစ်တော်မပေါ်မီ ၄၄၃ ခုနှစ်)တွင် တည်ထောင်ခဲ့ကြောင်း၊ ဒွတ္တဘောင်မင်းမှစ၍ မင်းစဉ်မင်းဆက်အုပ်စိုးခဲ့ကြပြီး သုပညာနာဂရဆိန္ဒမင်းလက်ထက်တွင် ပျက်စီးခဲ့ကြောင်း ရေးသားကြသည်။ သရေခေတ္တရာသမိုင်းသည် အစဉ်အဆက်ယုံကြည်လက်ခံထားသည့် နှုတ်ပြောစကားများနှင့် ရောထွေးနေခဲ့သည်။

သရေခေတ္တရာသည် မြန်မာနိုင်ငံအတွင်း အေဒီ တစ်ရာစုမှ ကိုးရာစုအကြား၌ ထွန်းကားခဲ့သော ပျူမြို့ပြနိုင်ငံများအနက် အထင်ရှားဆုံး မြို့ဟောင်းတစ်ခုဖြစ်ပြီး ခရစ်တော်မပေါ်မီ နှစ်ရာစုနှောင်းတွင် တည်ဆောက်ခဲ့သည်ဟု အဖြေထွက်ရှိကြောင်း သမိုင်းပညာရှင်ဒေါက်တာ သန်းထွန်းက 'ဂြိကွေတြ'(သရေခေတ္တရာ)မြို့ဟောင်း ဆောင်းပါးတွင် ရေးသားခဲ့သည်။

ဒွတ္တဘောင်ဟု ခေါ်ဆိုကြသည့် 'တ္ဒပံး' ဝေါဟာရသည် လူပုဂ္ဂိုလ်တစ်ဦး၏အမည်မဟုတ်ဘဲ မင်းကြီးဟု ရည်ညွှန်းသည့် ဂုဏ်ပုဒ်တစ်ခုဖြစ်ကြောင်းနှင့် ပျူလူမျိုးများသည် ၁၄ ရာစုတွင် ပျောက်ကွယ်ခဲ့ပြီး အစောပိုင်းတွင် ဗြဟ္မဏ အယူဝါဒကို လက်ခံခဲ့ကြကာ နောက်ပိုင်းတွင် မဟာယာနဗုဒ္ဓဘာသာကို ယုံကြည်ခဲ့ကြဟန်ရှိကြောင်း ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။

သရေခေတ္တရာတွင် တည်ဆောက်ခဲ့သည့် သာသနိကအဆောက်အအုံများတွင် စေတီလုံးနှင့် ဂူဘုရားများကို မြင်တွေ့နိုင်ကြသည်။ ယင်းလက်ရာများသည် ပျူခေတ်နောက်ပိုင်း ပုဂံခေတ်တွင် တည်ဆောက်ခဲ့သည့် ဗိသုကာလက်ရာများ၏ ရှေ့ပြေးပုံစံ(Proto Type)များ ဖြစ်လာခဲ့သည်။ ပျူမင်းများသည် စေတီများကို အောက်ရှုး အထက်ကားကာ အောက်ခြေကို အဝိုင်းပုံ သို့မဟုတ် ရှစ်မြှောင့်ပုံ တည်လေ့ရှိခဲ့ကြသည်။ ထို့ကြောင့် ပုဂံတွင် ငကျွဲနားတောင်း၊ ဗူးဘုရား၊ လေးဆူတန်းစေတီများ အစရှိသည့် ပျူစေတီ ၁၂ ဆူ တွေ့ရှိရကြောင်း ဆရာကြီးမင်းဘူးအောင်ကြိုင်က ပျူခေတ်နှင့် ပုဂံခေတ် အကူးအပြောင်းကာလ တိမ်မြုပ်ပျောက်ကွယ်နေသော ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများ စာတမ်းတွင် ရေးသားခဲ့သည်။


**သရေခေတ္တရာ တူးဖော်မှုများ**

မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသနတာဝန်ခံအဖြစ် ပထမဆုံး တာဝန်ထမ်းဆောင်ခဲ့သူ ဒေါက်တာ အီးဖိုချားမား (Dr.E Forchammaer)က သရေခေတ္တရာကို ဦးဆုံးကွင်းဆင်း သုသေတနပြုလုပ်ခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် ပြင်သစ်ဗိုလ်ချုပ် လီယွန်ဒီဗဲလီယေ(Leon de Beylie)နှင့် ကျောက်စာဝန် မစ္စတာတော်စိန်ခိုတို့သည် သရေခေတ္တရာ တူးဖော်မှုများကို ဆောင်ရွက်ခဲ့ကြပြီး နောက်ပိုင်းတွင် မစ္စတာတော်စိန်ခို၊ ဦးလူဖေဝင်း၊ မွန်ဆီယာဒူရွိုင်ဆယ် စသော ကျောက်စာဝန်များသည် သရေခေတ္တရာကို ဒုတိယကမ္ဘာစစ် မဖြစ်မီအထိ အခါအားလျော်စွာ တူးဖော်ခဲ့ကြသည်။ သရေခေတ္တရာကို ခေတ်အဆက်ဆက် တူးဖော်ခဲ့ကြရာ ယခုအချိန်အထိ ကုန်း ၆၅ ကုန်း တူးဖော်ခဲ့ပြီး တူးဖော်မှုများတွင် ပျူခေတ် အထောက်အထားများကို တွေ့ရှိခဲ့ရသည်။

သရေခေတ္တရာကို ၈ မိုင် ၅ ဖာလုံရှည်သောမြို့ရိုးဖြင့် ပတ်ထားပြီး သဘာဝဘေးဒဏ်နှင့် လူများကြောင့် ပျက်စီးမှုများ ရှိခဲ့သည်။ ကျန်ရှိနေသည့်မြို့ရိုး၏ အချို့နေရာများတွင် မြို့ရိုးသည် ၁၅ ပေကျော်မြင့်၍ ၁၇ ပေခန့် အကျယ်ရှိကြောင်း တွေ့ရှိရသည်။ တောင်ဘက်နှင့် အနောက်ဘက်တွင် မြို့ရိုးနှစ်ထပ်ရှိပြီး အရှေ့တောင်ဘက်တွင် မြို့ရိုးသုံးထပ် တည်ဆောက်ကာ ပျူများသည် သရေခေတ္တရာကို ပြင်ပရန်သူများအန္တရာယ်မှ ကာကွယ်ရန် စီမံခဲ့ကြသည်။

ရန်ကုန်-ပြည် မီးရထားလမ်းသည် သရေခေတ္တရာမြို့ဟောင်းကို အရှေ့တောင်ထောင့်မှ အနောက်မြောက်ထောင့်သို့ဖြတ်သန်းဖောက်လုပ်ထားသဖြင့် မြို့ဟောင်းသည် နှစ်ပိုင်းဖြစ်နေသည်။ မီးရထားလမ်း၏မြောက်ပိုင်းသည် မြေနိမ့်ပိုင်းဖြစ်ကာ တောင်ပိုင်းသည် မြေမြင့်ပိုင်းဖြစ်သည်။

အလျား ပေ ၁၇၀၀ နှင့် အနံ ၁၁၂၆ ပေရှိသည့် နန်းတော်ရာဟောင်းသည် သရေခေတ္တရာမြို့ဟောင်း၏ တောင်ပိုင်းတွင် တည်ရှိသည်။ ရှေးဟောင်း မြန်မာရာဇဝင်များတွင် သရေခေတ္တရာ၌ တံခါးကြီး ၃၂ ပေါက်၊ တံခါးငယ် ၃၃ ပေါက် ရှိခဲ့ကြောင်း ရေးသားကြသော်လည်း လက်တွေ့ကွင်းဆင်းလေ့လာမှုများအရ မြို့ဝင်ပေါက် ကိုးပေါက်သာ တွေ့ရှိရသေးသည်။ မြို့ဟောင်း၏ အရှေ့ဘက်တွင် မုဋ္ဌောပေါက်နှင့် တွင်းဖြဲပေါက်၊ အနောက်ဘက်တွင် ရွှေတံခါးပေါက်နှင့် မုတ်ရှည်ပေါက်၊ တောင်ဘက်တွင် ရဟန္တာပေါက်၊ ဘီလူးမပေါက်နှင့် သာယာဝတီပေါက်၊ မြောက်ဘက်တွင် နတ်ပေါက်နှင့် နဂါးတွန့်ပေါက်တို့ ဖြစ်ကြသည်။



**တြိဂံပုံစေတီသုံးဆူ**

သရေခေတ္တရာမြို့ရိုး အပြင်၌ ပျူခေတ်ကတည်ခဲ့သည့် ကြီးမားသော စေတီလုံးသုံးဆူသည် တြိဂံပုံအနေအထားရှိနေသည်။ မြို့ဟောင်း၏ တောင်ဘက်တွင် ဘောဘောကြီးစေတီ၊ အနောက်မြောက်ဘက်တွင် ဘုရားကြီးစေတီနှင့် မြောက်ဘက်တွင် ဘုရားမာစေတီတို့ တည်ရှိနေပြီး သရေခေတ္တရာမြို့ရိုး တံတိုင်းအတွင်း၌ ယင်းစေတီများကဲ့သို့ ထုထည်ကြီးမားသော စေတီလုံးများကို မတွေ့ရချေ။

ဘောဘောကြီးစေတီသည် အခြေမှ ထိပ်သို့ တစ်ဖြောင့်တည်းသော ထုလုံးရှည်ပုံစံဖြစ်ကာ ဘုရားကြီးနှင့် ဘုရားမာတို့သည် ထိပ်ပိုင်းသို့ရှူးသွားကာ တောင်ပုံသဏ္ဌာန် ဖြစ်နေကြသည်။ သရေခေတ္တရာ ထွန်းကားခဲ့စဉ်ကာလက ဒွတ္တဘောင်မင်းကြီးသည် သရေခေတ္တရာ၌ စေတီတော်ကိုးဆူ တည်ထားခဲ့ရာ ဘောဘောကြီး၊ ဘုရားကြီးနှင့် ဘုရားမာတို့ ပါဝင်ခဲ့ကြောင်း အစဉ်အဆက် ပြောဆိုခဲ့ကြသည်။

သရေခေတ္တရာတွင် ပျူခေတ်မှ ယခုတိုင် ကြွင်းကျန်နေသည့် ဗုဒ္ဓဘာသာနှင့်ဆက်နွယ်သော အဆောက်အအုံများကို အကြမ်းအားဖြင့် ထူပ ခေါ် စေတီလုံးနှင့် ဂူဘုရားဟု နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။ မြန်မာအဘိဓာန်တွင် ထူပါကို ထူပါစေတီ၊ ပုထိုးဟုလည်းကောင်း၊ ဂူဘုရားကို ကုလားကျောင်းခံ၍ ကွမ်းတောင်ပေါက်သောဘုရားဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထူပခေါ် စေတီလုံးသည် လုံးပြည့် အပိတ်တည်ဆောက်ထားသည့် လိုဏ်မပါရှိသော စေတီဖြစ်ပြီး ဂူဘုရားသည် အောက်ပိုင်း၌ ဂန္ဓကုဋိ သို့မဟုတ် လေးထောင့်ကုလားကျောင်းခံကာ အထက်တွင် စေတီလုံး၊ သို့မဟုတ် ပစ္စယာပေါ်တွင် ကွမ်းတောင်ပေါက်ထားသော အဆောက်အအုံဖြစ်သည်။ စေတီ၏အောက်တွင် လိုဏ်ရှိသဖြင့် ဂူဘုရားဟု ခေါ်သည်။

အေဒီ လေးရာစုမှ ခုနစ်ရာစုအတွင်း တည်ထားခဲ့သော ပျူခေတ်လယ်လက်ရာ ဘုရားကြီးစေတီသည် ဉာဏ်တော် ၁၃၉ ပေ၊ လုံးပတ် ၃၀၇ ပေရှိပြီး ပြည်-အောင်လံ ကားလမ်းဘေးတွင် တည်ရှိသည်။ ယခင်က ဘုရားကြီးစေတီကို အေးဆေးစေတီဟုလည်းကောင်း၊ မဟာစေတီဟုလည်းကောင်း ခေါ်တွင်ခဲ့ကြသည်။ စေတီတော်၏ ပစ္စယာလေးဆင့်တွင် ၁၆ ထောင့်ရှိသည့် ပစ္စယာသုံးဆင့်နှင့် အဝိုင်းပုံ ပစ္စယာတစ်ဆင့် ရှိသည်။ ဘုရားကြီးစေတီတော်အနီးမှ ကျောက်အရိုးအိုး လေးလုံးနှင့် မြေအရိုးအိုးတစ်လုံးတို့ကို ၁၉၁၂ ခုနှစ်ဝန်းကျင်က တူးဖော်ရရှိခဲ့ရာ ကျောက်အရိုးအိုးများတွင် ဟရိဝိကြမမင်း၊ သိဟဝိကြမမင်း၊ သူရိယဝိကြမမင်းတို့၏ အမည်များကို ရေးထိုးထားသည်။

ဘောဘောကြီးစေတီသည် သရေခေတ္တရာမြို့ဟောင်း၏ အနောက်တောင်ဘက် မြို့ရိုးအနီးတွင် တည်ရှိပြီး သရေခေတ္တရာရှိ စေတီလုံးသုံးဆူအနက် ရှေးအကျဆုံးဖြစ်သည်။ ပစ္စယာငါးဆင့်ပေါ်ရှိ ပေ ၂၄၀ ကျယ်သော စက်ဝိုင်းပစ္စယံပေါ်၌ ဘောဘောကြီးစေတီကို ပြောင်းတိုင်သဖွယ် တစ်ဖြောင့်တည်း မတ်မတ်တည်ထားသည်။ ဉာဏ်တော် ၁၅၃ ပေမြင့်သည့် ဘောဘောကြီးစေတီတွင် မူလက အတွင်းလိုဏ် ပါရှိခဲ့သော်လည်း နောက်ပိုင်းတွင် လိုဏ်ပေါက်အား ပိတ်ခဲ့သည်။ ၁၉၀၉-၁၉၁၀ ခုနှစ်အတွင်း သရေခေတ္တရာမြို့ဟောင်းတွင် ရှာဖွေတွေ့ရှိရသော ကျောက်သလင်း စေတီငယ်တစ်ဆူသည် ဘောဘောကြီးစေတီပုံစံမျိုးဖြစ်ပြီး သရေခေတ္တရာမြို့ဟောင်းမှ ရရှိခဲ့သော အုတ်ခွက်အချို့တွင် ဘောဘောကြီးနှင့်ဆင်သော စေတီပုံများကို မြင်တွေ့ကြရကြောင်း 'ရှေးဟောင်း မြန်မာ့မြို့တော်များ'စာအုပ်တွင် ဖော်ပြထားသည်။

ဘောဘောကြီးသည် အိန္ဒိယနိုင်ငံမြောက်ပိုင်း ဆာနတ်ရှိ 'ဓမ္မိက်'စေတီနှင့် ပုံစံတူပြီး ပညာရှင်များက ဘောဘောကြီးကို အေဒီ ခြောက်ရာစုနှင့် ခုနစ်ရာစုတွင် တည်ထားခဲ့သည်ဟု ယူဆကြသည်။ စေတီ၏ ထုလုံးရှည်ပုံစံကို အိန္ဒိယနိုင်ငံတွင် အေဒီ တစ်ရာစုနှင့် နှစ်ရာစုအတွင်းတည်ခဲ့သည့် စက်ဝိုင်းခြမ်းပုံ 'ဆန်ချီ'နှင့် 'အမရဝတီ' ပုံစံများနှင့် နှိုင်းယှဉ်ကြသည်။

ဘုရားမာစေတီသည် သရေခေတ္တရာမြို့ဟောင်း၏ အရှေ့မြောက်ဘက် ပြည်-ပေါက်ခေါင်း ကားလမ်းဘေး ကုန်းရိုးတွင်း ပြည့်ကျေးရွာအနီးတွင် တည်ရှိသည်။ စေတီတော်၏ ပုံသဏ္ဌာန်သည် အခြေတွင် ပြောင်းရှည်ပုံရှိ၍ အပေါ်သို့ တောင်ပုံသဏ္ဌာန်ခုံးတက်သွားသည်။ ဘုရားမာသည် ပစ္စယာလေးဆင့်ပါရှိပြီး ထောင့် ၁၆ ခု ပါဝင်သည့် ပစ္စယာသုံးဆင့်နှင့် အဝိုင်းပုံထိပ်ပစ္စယာရှိကာ ဉာဏ်တော်အမြင့် ၁၃၈ ပေ၊ လုံးပတ် ၃၁၆ ပေ ရှိသဖြင့် ဘုရားကြီးနှင့် အရွယ်တူသည်ဟု ဆိုနိုင်သည်။

အေဒီ လေးရာစုနှင့် ခုနစ်ရာစုအတွင်း တည်ထားခဲ့သည့် ဘုရားမာစေတီကို ဒွတ္တဘောင်မင်းကြီး တည်ခဲ့သည်ဟု ဆိုကြပြီး ရှေးက သရိုင်မာဟု ခေါ်ခဲ့သည်။ ၁၉၆၇ ခုနှစ် ဇန်နဝါရီလတွင် ဘုရားမာအနီးမှ ပျူလက်ရာ ၁၁ လက်မ အရွယ် ခေါင်းလောင်းတစ်ခုနှင့် ကမ္ဘာကျော် ပျူကချေသည်ရုပ် ငါးရုပ်ကို ရရှိခဲ့သည်။

**ကျောက်အရိုးအိုးများ**

ရှေးဟောင်းသုတေသန တူးဖော်မှုများတွင် စာများရေးထိုးထားသည့် ကျောက်အိုးများကို သရေခေတ္တရာ တစ်နေရာတည်းတွင်သာ တွေ့ရှိခဲ့ရသည်။ ကျောက်အိုးများကို စေတီများအနီးဝန်းကျင်မှသာ ရရှိခဲ့ရာ ဘုရားကြီးစေတီအနီးမှ လေးလုံးနှင့် ဘုရားထောင်အနီးမှ တစ်လုံးဖြစ်သည်။ ကျောက်အိုးများပေါ်တွင် ရေးထွင်းထားသည့်စာများအနက် အချို့ကို အဓိပ္ပာယ်ဖော်နိုင်ခဲ့ကာ ဘုရားကြီးမှရရှိသည့် အိုးလေးလုံးသည် သူရိယဝိကြမ၊ ဟရိဝိကြမ၊ သိဟဝိကြမမင်းတို့၏ အရိုးအိုးများ ဖြစ်ကြောင်းနှင့် ကျန်တစ်အိုးမှာ မင်းဆွေမျိုး သို့မဟုတ် မိဖုရားတစ်ဦးဦး၏ အရိုးအိုးဖြစ်နိုင်ကြောင်း ခန့်မှန်းခဲ့ကြသည်။

၁၉၉၃ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် သရေခေတ္တရာ မြို့ရိုးအတွင်း ဘုရားထောင်စေတီအနီးမှ ထုလုံးရှည် ကျောက်အိုးတစ်လုံးကို ထပ်မံရရှိခဲ့ကာ အိုးအတွင်း၌ ဆင်းတုတော် အကျိုးအပဲ့များကို တွေ့ရှိခဲ့သည်။

ဘုရားကြီးမှတွေ့ရှိခဲ့သော ကျောက်အိုးများတွင် ရေးထွင်းထားသောစာများနှင့် ဘုရားထောင်ကျောက်အိုးပေါ်မှ စာများသည် တူညီသော ပျူအက္ခရာများဖြစ်ကြောင်း တွေ့ကြရသည်။ ဘုရားကြီးကျောက်အိုး လေးလုံးပေါ်တွင် ရေးထွင်းထားသည့် အမည်များအရ သရေခေတ္တရာတွင် ဝိကြမမင်းဆက် အုပ်စိုးခဲ့ကြောင်း ယူဆနိုင်ခဲ့သည်။ ဘုရားကြီးကျောက်အိုး တစ်လုံးစီပေါ်တွင် အမည်တစ်ခုစီသာ ရေးထွင်းထားပြီး ဘုရားထောင်ကျောက်အိုးတွင် ဘုရင်အမည်များကို စာကြောင်းငါးကြောင်း ရေးထွင်းထားသည်။

သရေခေတ္တရာမှ တွေ့ရှိခဲ့သည့် ကျောက်ထွင်းအိုးများကို အိုးတွင်ရေးထိုးထားသည့် ဘုရင်အမည်များနှင့် ကွယ်လွန်ခဲ့သည့် ခုနှစ်များကြောင့် အရိုးအိုးများဟု သတ်မှတ်ခဲ့ကြသည်။ သို့သော် ယင်းကျောက်အိုးများကို တွေ့ရှိခဲ့ချိန်တွင် ကျောက်အိုးများအတွင်း အရိုးစများ၊ အရိုးပြာများကို မတွေ့ရှိရဘဲ မြေကြီးများကိုသာ တွေ့ရှိခဲ့ရကြောင်း သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်က ရေးသားခဲ့သည်။ ထိုမြေကြီးများသည် ကွယ်လွန်သူများ၏ အရိုးပြာများလည်း ဖြစ်နိုင်ဖွယ်ရှိပေသည်။ ယင်းကျောက်အိုးများကို အရိုးအိုးများဟု လက်ခံကြသကဲ့သို့ လက်မခံကြသူများလည်း ရှိသည်။

ထို့အတူ ဘုရားထောင်ကျောက်အိုးအတွင်းမှ ဆင်းတုတော်အကျိုးအပဲ့များ တွေ့ရှိခဲ့ရသဖြင့် အရိုးအိုးမဟုတ်ဘဲ ရည်ရွယ်ချက်တစ်ခုခုအတွက် အသုံးပြုခဲ့သောအိုး ဖြစ်နိုင်ခြေ ရှိ/မရှိ စဉ်းစားဖွယ်ရှိသည်။ ထို့ကြောင့် ကျန်ရစ်သူများက ကွယ်လွန်သူဘုရင်များ၏ အမည်များကို ကမ္ပည်းထိုးထားသော ကျောက်အိုးများအတွင်း ဘာသာရေးဆိုင်ရာဝတ္ထုတစ်ခုခုကို ထည့်သွင်းပြီး စေတီ၊ ပုထိုးများထံ လှူဒါန်းခဲ့ခြင်း ဖြစ်နိုင်၊ မဖြစ်နိုင်ကို သုတေသန ပြုသင့်ကြပေသည်။

ဘုရားထောင်ကျောက်အိုးကို အမျိုးသားပြတိုက်(ရန်ကုန်)တွင် ပြသထားကာ ဘုရားကြီးကျောက်အိုးများကို အမျိုးသားပြတိုက်(နေပြည်တော်)တွင်တစ်လုံး၊ သရေခေတ္တရာရှိ သီရိခေတ္တရာပြတိုက်တွင် သုံးလုံး ပြသထားသည်။

သရေခေတ္တရာသည် ပျူမြို့ပြနိုင်ငံတစ်ခုအဖြစ် ကြီးမားကျယ်ဝန်းခဲ့ပြီး ပျူအမွေအနှစ် ရုပ်ဝတ္ထုများ အများဆုံး ကြွင်းကျန်နေသည့် ဒေသဖြစ်သည်။ ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည့် ပျူလူမျိုးများ၏ ယဉ်ကျေးမှုအထောက်အထားများသည် သရေခေတ္တရာတွင် အများဆုံးကျန်ရှိနေပေရာ ပျူယဉ်ကျေးမှုနယ်မြေ သရေခေတ္တရာသည် သုတေသီများအတွက် များစွာ အထောက်အပံ့ဖြစ်စေခဲ့ပေသည်။

သရေခေတ္တရာကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းလျက် ပျူသမိုင်းကို ဆက်လက် သုတေသနပြုကြရဦးမည် ဖြစ်ပေသည်။ ။

**ကိုးကား**
**(၁) တ္ဒပံး၊ ဒွတ္တဘောင် (ဒေါက်တာသန်းထွန်း)**
**(၂) သရေခေတ္တရာမြို့ဟောင်း (ဦးစိန်မောင်ဦး)**
**(၃) မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဒီပလိုမာသင်တန်း ပို့ချချက်များ(ဒေါက်တာကျော်ဝင်း)**

# ထားဝယ်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ထားဝယ် ဇွန် ၁၂**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် မြောင်းပုလဲရပ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁၁ ရက် နံနက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်နှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် အခမ်းအနား ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာ သီချင်းဖြင့် ဖျော်ဖြေပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အမှာစကားပြောကြားရာ၌ ယခုဖွင့်လှစ်သော ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာန၏ပံ့ပိုးမှု တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့်ဆောက်လုပ်ပြီး ပညာရေးဌာနကို လွှဲပြောင်းပေးအပ်သောနေ့ ဖြစ်ကြောင်း၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ ဆိုသော ဆောင်ပုဒ်နှင့်အညီ အမျိုးသားပညာရည်မြင့်မားရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဌာနဆိုင်ရာများ၊ မိဘပြည်သူများ၊ ကျောင်းသား/ကျောင်းသူဟောင်းများ၊ ပုဂ္ဂလိကအလှူရှင်များ၊ ပညာရေးဌာနမှတာဝန်ရှိသူများနှင့် အတူ ပူးပေါင်းပြီး မျက်မှောက်ကာလ ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဒေါ်တိုးတိုးလွင်က အထိမ်းအမှတ်အလံ ပေးအပ်ပြီး ကျောင်းဆောက်လုပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမြတ်ထွန်းက မြို့နယ်ပညာရေးမှူး ဦးကြည်စိန်အား ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို လွှဲပြောင်း ပေးအပ်ကာ ကျောင်းဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းလွင်က ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ကျောင်းသား/ကျောင်းသူများက ဇာတိမာန် သီချင်းဖြင့်ဖျော်ဖြေပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါကျောင်းဆောင်သစ်သည် ပေ (၁၀၀×၃၀) RCC သုံးထပ် ကျောင်းဆောင် အဆောက်အအုံသစ်ဖြစ်ပြီး တန်ဖိုးငွေကျပ် ၂၀၇ သန်းဖြင့် ပညာရေးဝန်ကြီးဌာန၏ပံ့ပိုးမှု၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောက်လုပ်ခဲ့ကြောင်းသိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**



# ရေစကြိုမြို့ဖောင်တော်ဦးဘုရားအောက်ခြေတွင် မြစ်ရေတိုက်စားကာ ပြိုကျမည့်အန္တရာယ်ရှိသဖြင့် ထန်းလုံးရေကာတည်ဆောက်လျက်ရှိ

**ရေစကြို ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ချင်းတွင်း မြစ်ကမ်းနံဘေးတွင် အလောင်းစည်သူမင်းကြီး တည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦး ဘုရားအောက်ခြေတွင် မြစ်ရေတိုက်စားမှုကြောင့် ဂလိုင်ဖြစ်ပြီး ယခုနှစ် မြစ်ရေတက်ချိန်တွင် အဆိုပါဂလိုင်ကို မြစ်ရေတိုက်စားကာ ပြိုကျပျက်စီးမည့် အန္တရာယ်ရှိသဖြင့် ထန်းလုံးရေကာ တည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။



ထန်းလုံးရေကာ တည်ဆောက်ခြင်း လုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ချထားပေးသော တိုင်းဒေသကြီး သဘာဝဘေး ကြိုတင်ကာကွယ်ရေး ရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် မြို့နေပြည်သူများ လှူဒါန်းငွေတို့ဖြင့် တည်ဆောက်လျက်ရှိပြီး ထန်းပင် အပင် ၁၀၀ နှင့် သဲအိတ် တစ်သိန်းခွဲတို့ဖြင့် တည်ဆောက်လျက်ရှိကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဟန်က ပြောသည်။

ထန်းလုံးရေကာ တည်ဆောက်ရာတွင် အလျားပေ ၇၀ ရှိ ထန်းလုံးရေကာ နှစ်တန်းသွား နှစ်ကြောင်းထိုးသွားမည်ဖြစ်သည်ဟု သိရသည်။ ထန်းလုံးရေကာ နှစ်တန်းသွားကို ဒေါက်တန်းများဖြင့် တန်းချုပ်သွားမည်ဖြစ်ကာ ထန်းလုံးများနှင့် မြစ်ကမ်းကြား သဲအိတ်များချခြင်း ထန်းလုံးအသုံးပြု ကမ်းထိန်း ပေ ၁၀၀ တည်ဆောက်ခြင်း လုပ်ငန်းများကို တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ရေစကြိုမြို့ ဖောင်တော်ဦးဘုရား ကမ်းထိန်းသိမ်းရေး လုပ်ငန်းမှာ "ကျွန်တော်တို့ အပိုင်းအနေနဲ့တော့ ထန်းလုံးရေလွှဲရေကာ လက်ရှိနှစ်ခုလျာထားပါတယ်၊ အထက်ဘက်လည်း ရသလောက်ထိုးမယ်၊ လက်ရှိကတော့ ပေ ၇၀ လောက် ပြီးထားပြီဖြစ်ပါတယ်၊ ရှေ့ကိုလည်း ရသလောက်ထိုးဖို့ ရည်ရွယ်ထားပါတယ်၊ နောက်တစ်ခုက အောက်ဘက်ကိုလည်း ရေကာတစ်ခုပေါ့၊ ဒါလည်း အလျားကို ရသလောက် ဆက်ပြီးလုပ်မယ်၊ ဒီရည်ရွယ်ချက်က ဘာလို့လဲဆိုရင် ရေစီးနှုန်းကို လျော့ကျသွားစေမယ်၊ ရေစီးနှုန်းလျော့ကျခြင်းအားဖြင့် အနည်ထိုင်မှုတွေလည်းဖြစ်လာမယ်၊ အဲဒါကြောင့်မို့ ဒီထန်းလုပ်ရေကာကို ဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်၊ နောက်တစ်ခုက ကျွန်တော်တို့ ဒီဘေးမှာ သဲအိတ်တွေချဖို့ပါ၊ သဲအိတ်တွေ ချတယ်ဆိုတာက ဒီပေ ၂၀၊ ၃၀ လောက်ရှိတဲ့ ရေအနက်ကို လျှော့ချပေးနိုင်ဖို့ ဖြစ်ပါတယ်"ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးဇော်လွင်က ပြောသည်။

ရေစကြိုမြို့ရှိ နယ်မြေခံတပ်များမှ အရာရှိ၊ စစ်သည်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက ဘုရားအောက်ခြေဂလိုင်အတွင်း သဲအိတ်များဖို့ခြင်း၊ သဲအိတ်များ ထည့်ရန် နိုင်လွန်ကြိုးများကျစ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

# မြန်မာနှင့် ဂျပန်ပူးပေါင်း၍ ကွန်ကရစ်တိုင်စက်ရုံဖွင့်

**မော်လမြိုင် ဇွန် ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့စက်မှုဇုန်၌ မြန်မာနိုင်ငံမှ MA GA Manufacturing, Co.,Ltd နှင့် နှစ်နိုင်ငံ Nicton Concrete Industries တို့ပူးပေါင်းသည့် မီးကြိုးသွယ်တန်း ကွန်ကရစ်ဓာတ်တိုင်နှင့် စပန်းပိုင် (ဆလင်ဒါပိုင်) ထုတ်လုပ်သည့် စက်ရုံဖွင့်ပွဲကို ဇွန် ၁၀ ရက် ညနေ ၃ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံမှ Nicton Concrete Industries ဥက္ကဋ္ဌ၊ Mr.Tsuthida Mca Ma Ga Manufacturing Co.,Ltd ဒုဥက္ကဋ္ဌ၊ Mr. Amiya Mca Ma Ga Manufacturing Co.,Ltd MD ဦးတိုးလှိုင်နှင့် မော်လမြိုင်မြို့ပေါ်ရှိ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ တက်ရောက်သည်။ ရှေးဦးစွာ MD ဦးတိုးလှိုင်က စက်ရုံမှထုတ်လုပ်မှုများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက အမှာစကား ဆက်လက် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် MD ဦးတိုးလှိုင်တို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

MD ဦးတိုးလှိုင်က မြန်မာနိုင်ငံသည် လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်နေကြောင်း၊ ကုမ္ပဏီအနေဖြင့် စက်ရုံကိုတည်ဆောက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းခွင့်ရသည်ကို ဝမ်းသာကြောင်းလက်ရှိတွင် ဂျပန်ကုမ္ပဏီနှင့် မြန်မာနိုင်ငံတို့ ပူးပေါင်း၍ အရည်အသွေးမြင့် ကွန်ကရစ်ဓာတ်တိုင်များကို လျှပ်စစ်ဓာတ်အား သွယ်တန်းရေးနှင့် စပန်းပိုင် (ဆလင်ဒါပိုင်) များကို အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ထုတ်လုပ်နေကြောင်း၊ မိမိတို့ထုတ်ကုန်များကို ဝယ်ယူသုံးစွဲသူ ပြည်သူများ ယုံကြည်စိတ်ချမှု အပြည့်အဝအာမခံပေးနိုင်သည့် Sustainable Development အတွက်ရည်ရွယ်ပြီး ထုတ်လုပ်ထားကြောင်း ပြောသည်။

**တင်ထွဋ် (မော်လမြိုင်)**



# တောင်သူပညာပေး စပါးစိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြပွဲ သီပေါမြို့နယ် ဆွန်အိုက်ကျေးရွာ၌ ကျင်းပ

**သီပေါ ဇွန် ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဆွန်အိုက်(ကြံခင်း) တောင်သူ လုံးရွက်ခမ်းမောင် စိုက်ပျိုးထားသော ၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါးရာသီ၌ SRI စိုက်စနစ်၊ BMP စိုက်စနစ်ကြပေါက်၍ တိုက်ရိုက်အစေ့ချစိုက်စနစ်၊ မျိုးစေ့ချ ကိရိယာဖြင့် စိုက်ပျိုးဖြစ်ထွန်းနေသောလယ်မြေတွင် ဇွန် ၁၁ ရက် နံနက် ၉ နာရီက တောင်သူများ ကွင်းဆင်းသွားရောက် လေ့လာကြသည်။

အဆိုပါတောင်သူပညာပေး ကွင်းလက်တွေ့သရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးမိုးကျော်စွာဝင်းက စိုက်ပျိုးနည်းစနစ်အကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထား မှုများနှင့် ခေါင်နှံဖြင့်စိုက်ပျိုးထားသော မျိုးသန့် မျိုးပွားစိုက်ခင်း များသို့ တောင်သူများ စိတ်ပါဝင်စားစွာ လက်တွေ့ကွင်းဆင်း လေ့လာခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# မူလတန်းလွန် ကျောင်းဆောင်သစ်ဖွင့်

**ညောင်လေးပင် ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မိုးခိုကျေးရွာအုပ်စု ဘိုးပိုက်ဆံကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဇွန် ၁၀ ရက်က ကိုယ့်အားကိုယ်ကိုး မူလတန်းလွန်ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းနှင့် ကျောင်းဖြစ်မြောက်ရေးကော်မတီမှ KNU တရားရေးဥက္ကဋ္ဌ ဖဒိုစောခီးယူထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# ကျူးကျော်အိမ်ထောင်စု ၁၀၀၀ ကျော် သဃ်္ဃန်းကျွန်းမြို့နယ်၌ စာရင်းကောက်



**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ တိုင်းဒေသကြီး ဖွံ့ဖြိုးရေးသုတေသန စီမံကိန်း ကျူးကျော်နေထိုင်သူများစာရင်း ကောက်ယူခြင်းလုပ်ငန်းကို ဇွန် ၉ ရက် နံနက် ၉ နာရီက သဃ်္ဃန်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေး ခန်းမကြီးနှင့် ကြီးပွားရေးရပ်ကွက် နှစ်ကျိပ်ရှစ်ဆူ ဓမ္မာရုံခန်းမတို့၌ နှစ်နေရာ ခွဲ၍ ကျူးကျော်အိမ်ထောင်စု တစ်ထောင် ကျော်တို့အား ကျူးကျော်စာရင်းများ ကောက်ယူ ခဲ့ကြသည်။

ထိုသို့ ကျူးကျော်စာရင်း နေရာ အမှတ်(၁) ဖြစ်သော မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ၌ တိုင်းဒေသကြီးဖွံ့ဖြိုးရေး သုတေသန စီမံကိန်းကျူးကျော်နေထိုင်သူများ စာရင်းကောက်ယူခြင်းလုပ်ငန်းအဖွဲ့(၆) ခေါင်းဆောင် ဦးမြင့်မောင်ဦးနှင့် ကော်မတီဝင်များ၊ စာရင်းကောက်အဖွဲ့၊ ကွန်ပျူတာအဖွဲ့နှင့် World Vision မှ UN အဖွဲ့ဝင်များနှင့် မြို့နယ်အုပ်ချုပ် ရေးမှူးဆန်းမြင့်နှင့် ကော်မတီဝင်များ ပူးပေါင်းပါဝင်၍ အမှန်တကယ်အိမ်မဲ့ရာမဲ့ များ အစိုးရပိုင်မြေပေါ်တွင် ကျူးကျော် နေထိုင်ကြသော (၁၅)ရပ်ကွက်များမှ အိမ်ထောင်စုဝင် မိသားစုများအား World Vision မှ UN ၏ စည်းမျဉ်းများ အတိုင်း စာရင်းကောက်ခြင်း၊ ကွန်ပျူတာ ဖြင့် မှတ်တမ်းတင်ခြင်းနှင့် World Vision လူမှုရေးအဖွဲ့များက ကျူးကျော် အိမ်ထောင်စုဝင် မိသားစုများအား စမတ်ကတ်များ ထုတ်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ကျူးကျော်နေထိုင်သူများ စာရင်းကောက်ယူခြင်းလုပ်ငန်း အဖွဲ့(၈)အဖွဲ့ခေါင်းဆောင် ဦးစိုးနိုင် ဦးခေါင်းဆောင်သော စာရင်းကောက် အဖွဲ့ကွန်ပျူတာပညာရှင်အဖွဲ့နှင့် World Vision အဖွဲ့ဝင် ၄၂ ဦးတို့နှင့် မြို့နယ် ထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်စည်သူနှင့် ကော်မတီဝင်များ ပူးပေါင်းပါဝင်သော အဖွဲ့တို့က ကျူးကျော်စာရင်းကောက် အမှတ်(၂)နေရာဖြစ်သော ကြီးပွားရေး ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီး၌ ကြီးပွားရေးရပ်ကွက်၊ သွပ်ဝိုင်းကြီး ရပ်ကွက်နှင့် စံပြစီမံကိန်းရပ်ကွက် သုံး ရပ်ကွက်များမှ အိမ်မဲ့ရာမဲ့အစိုးရပိုင်မြေ ပေါ်မှ ကျူးကျော် နေထိုင်ကြသော အိမ်ထောင်စု ၅၀၀ ကျော်တို့အား စာရင်းကောက်ခြင်း၊ ကွန်ပျူတာများဖြင့် မှတ်တမ်းတင်ခြင်း နှင့်စမတ်ကတ်များ စိစစ်၍ထုတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ မြို့နယ်တွင်း (၃၈)ရပ်ကွက်၌ ကျူးကျော်စာရင်းမှာ ၁၀၇၈လုံးရှိကြောင်း သိရသည်။ ကျူးကျော် အိမ်ထောင်စုစာရင်း ကောက်ယူခြင်း ရည်ရွယ်ချက်များမှာ အစစ်အမှန် ကျူးကျော်သူများအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်သည့် ထောက်ပံ့မှုများ လုပ်ဆောင်ပေးနိုင်ရန် တို့နှင့် မသမာသော နည်းလမ်းများဖြင့် စီးပွားဖြစ်ကျူးကျော် သူများအား တရား ဥပဒေဖြင့် ရင်ဆိုင်နိုင်စေရန်ဖြစ်ပြီး စီးပွားဖြစ် ဆိုင်ခန်းကျူးများ၊ ကျူးကျော် အချင်းချင်း ပြန်လည်ငှားရမ်းကျူးကျော် များ၊ မြေသုံးစွဲပိုင်ခွင့်အား အလွဲသုံးစား ပြုလုပ်၍ ကျူးကျော်သူများအား စာရင်း ကောက်ယူခြင်းမပြုကြောင်း အမှန် တကယ်နေစရာမရှိဘဲ ကျူးကျော်ဘဝ ရောက်နေသူများကိုသာ စာရင်းများ ကောက်ယူသွားမည်ဖြစ်ကြောင်း တိုင်း ဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက် များမှ သိရသည်။

**တင်ကြည်(သဃ်္ဃန်းကျွန်း)**

# ငါးမဖမ်းရရာသီ ၊ ငါးမဖမ်းရဧရိယာ သတ်မှတ်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေး

**ကော့သောင်း ဇွန် ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကော့သောင်း ခရိုင် ငါးမဖမ်းရရာသီ (Closed Season )၊ ငါးမဖမ်းရဧရိယာ (Closed Area) သတ်မှတ်ခြင်းဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲကို ဇွန် ၁၀ ရက်က မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးမြင့်စန်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးတင်ထွန်းအောင်က အလုပ်ရုံ ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်၊ တိုင်းဒေသကြီးအတွင်း ငါးသယံဇာတ ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေ နှင့် ငါးလုပ်ငန်းဆိုင်ရာဥပဒေများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ကော့သောင်းခရိုင်အတွင်းရှိ ဌာနဆိုင်ရာ များ၊ ကမ်းနီးကမ်းဝေး ငါးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ ရေလုပ်သားများ ၁၀ ဦးစီပါဝင်သည့် အစု အဖွဲ့ ငါးဖွဲ့ ခွဲကာ ဒေသအတွင်း ငါးသယံဇာတစဉ်ဆက်မပြတ် ထုတ်ယူ သုံးစွဲနိုင်ရေး ငါးမဖမ်းရရာသီ (Closed Season )၊ ငါးမဖမ်းရဧရိယာ(Closed Area) သတ်မှတ်ဆောင်ရွက်မည့်ကိစ္စ ရပ်များအား အမြင်ချင်းဖလှယ်ကာ တစ်ရက်တာ စုပေါင်းဆွေးနွေးကြမည် ဖြစ်သည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲအား နော်ဝေနိုင်ငံ ငါးလုပ်ငန်းဆိုင်ရာ သုတေ သနပညာရှင်များ၏ မြန်မာ့ပင်လယ် အတွင်းရေပေါ်ရေအောက် ငါးသယံဇာတ တည်ရှိမှုအခြေအနေများအား ၁၉၉၇ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း လေးကြိမ် သုတေသနပြုချက် စာတမ်းများအရ ငါးသယံဇာတလျော့နည်းလာမှု လေ့လာ တွေ့ရှိချက်များကြောင့် နိုင်ငံတော်မှ ငါးသယံဇာတ ရေရှည်တည်တံ့ထိန်းသိမ်း နိုင်ရေး၊ နိုင်ငံသူ နိုင်ငံသားများစဉ်ဆက် မပြတ် ထုတ်ယူစားသုံးနိုင်ရေးနှင့် ကမ္ဘာ့ စားနပ်ရိက္ခာ ရှားပါးပြတ်လပ်လာမှု စိန် ခေါ်ချက်များကို ကျော်လွှားနိုင်ရေး ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရ သည်။

**ကျော်စိုး (ကော့သောင်း )**



# ကျောက်ဆည်မြို့ မြို့ရှောင်လမ်း အမြန်ဖောက်လုပ်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**ကျောက်ဆည် ဇွန် ၁၂**

ရန်ကုန်-မန္တလေးကားလမ်းမကြီးသည် ကျောက်ဆည် မြို့လယ်တွင် တည်ရှိပြီး ယာဉ်မျိုးစုံနှင့် မော်တော်ကား အကြီး အငယ်များ နေ့စဉ်ဖြတ်သန်း မောင်းနှင် လျက်ရှိသည့်အပြင်၊ ကျောက်ဆည်မြို့ အရှေ့ဘက်ရှိ စက်မှုဇုန်အတွင်းရှိ စက်ရုံများမှထွက်ရှိသော ကုန်ချောနှင့် ကုန်ကြမ်းများကိုလည်း မြို့ရှောင်လမ်း မရှိသည့်အတွက် ကျောက်ဆည်မြို့တွင်း လမ်းများမှပင် ၁၀ ဘီး၊ ၁၂ ဘီးနှင့် နောက်တွဲပါ ကားကြီးများနှင့်ပင် တင် ဆောင်၍ နေ့စဉ်ဝင်ထွက်ဖြတ်သန်းမောင်း နှင်လျက်ရှိသည်။

မြို့လယ်လမ်းမကြီးတွင် နေ့စဉ်နှင့် အမျှ ကားလမ်းပိတ်ဆို့မှုများ ဖြစ်ပွား နေသည့်အပြင် စက်မှုဇုန်စက်ရုံ ကားများ အဝင်အထွက်များသည့် ကျောက်ဆည်မြို့ နာရီစင်မှ မြို့နယ်ရဲစခန်းရှေ့ လမ်း တစ်လျှောက် တစ်ဖာလုံခန့်သည် မကြာခဏလမ်းပျက်စီးနေမှုများ ဖြစ်ပေါ် လျက်ရှိသောကြောင့် ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်နိုင် ဦးဆောင်ပြီး မြို့ရှောင်လမ်းဖောက်လုပ် ရေး ကော်မတီများ၊ စက်မှုဇုန်အတွင်းရှိ စက်ရုံများမှ တာဝန်ရှိသူများသည် မြို့မ ရဲစခန်းရှေ့လမ်း အကြီးစားလမ်းခင်း နိုင်ရေး နှင့် မြို့ရှောင်လမ်း အမြန်ဖောက် လုပ်နိုင်ရေးအတွက် ဇွန် ၉ ရက် နံနက် ပိုင်းက ခရိုင်အထွေထွေစီမံခန့်ခွဲရေး အစည်းအဝေးခန်းမ၌ ညှိနှိုင်းဆွေးနွေး မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မြို့ရှောင်လမ်းဖောက်လုပ် မည်ဆိုပါက လမ်းနှင့်မလွတ်ကင်းသည့် လယ်ယာခြံမြေ ၁၁၇ ဒသမ ၂၈၁ ဧက လူနေအိမ် ၃၅ အိမ်နှင့် သီးပင်၊ စားပင် အကြီး ၆၇၈ ပင်ရှိပြီး ပေးလျော်ရမည့် ငွေကြေးမှာ၊ စုစုပေါင်းငွေကျပ် သိန်း ၉၉၆ ဒသမ ၂၆၅ ရှိကြောင်းလည်း မြို့ရှောင်လမ်းဖောက်လုပ်ရေး ကော်မတီ ၏ ကောက်ယူပြုစု တွက်ချက်ထားသော စာရင်းများအရ သိရှိရသည်။ **သက်မောင်**

# ရှားပါးနေပြီဖြစ်သည့် စိန်ပန်းပြာပင်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်

**သာစည် ဇွန် ၁၂**

မြန်မာနိုင်ငံတွင် စိန်ပန်းပြာပင်များကို တွေ့မြင်ရမှု နည်းပါးသွားသည်ကို တွေ့ရသည်။ ပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် ထိုစိန်ပန်းပြာပင်များကို မြန်မာနိုင်ငံ၌ အများဆုံးတွေ့ရှိရသည့် မြို့မှာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင် ခရိုင် ပြင်ဦးလွင်မြို့ဖြစ်သည်။ ထို့ကြောင့် ပြင်ဦးလွင်မြို့ကို စိန်ပန်းပြာ ပန်းမြို့တော် ဟု အများက ခေါ်ဆိုကြသည်။ သို့ရာတွင် ပြင်ဦးလွင်မြို့မှာပင် စိန်ပန်းပြာပင်များ သည် ယခင်ကလောက်မရှိကြတော့ဘဲ အပင်အရေအတွက် နည်းပါးသွားပြီဟု သစ်ပင်ချစ်သူ များအဖွဲ့မှ ဒေသခံတစ်ဦး က ပြောပြသည်။

ထိုသို့ ရှားပါးသွားပြီဖြစ်သည့် စိန်ပန်းပြာပင်တစ်ပင်ကို မန္တလေး တိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ အမှတ်(၂) မီးရထားရပ်ကွက်အတွင်းရှိ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) ကျောင်းအုပ်ဆရာကြီး ရုံးခန်းရှေ့၌ အပွင့်များ ဝေဝေဆာဆာပွင့်လျက် တွေ့ရှိခဲ့ရသည်။ ယခင်က သာစည်မြို့တွင် စိန်ပန်းပြာပင် သုံးပင်ရှိခဲ့ပြီး နှစ်ပင်မှာ သေသွားခဲ့ပြီး ယခုတစ်ပင်သာ ကျန်ရှိခဲ့ ကြောင်း သိရသည်။ စိန်ပန်းပြာပင်သည် ဒေသမရွေး ပေါက်ရောက်နိုင်သော အပင်မျိုး ဖြစ်သည်။ စိန်ပန်းနီပင်ကဲ့သို့ပင် မေလနောက်ပိုင်းနှင့် ဇွန်လအတွင်း တို့တွင် အပွင့်များ ပွင့်ကြသည်။

ထိုသို့ ရှားပါးပြီးလုပသော စိန်ပန်း ပြာပင်မျိုးကို မြန်မာနိုင်ငံတွင် မျိုးသုဉ်း ပျောက်ကွယ်မှု မရှိစေရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တော ဦးစီးဌာနများမှ ရှိရင်းစိန်ပန်းပြာပင်များ ကို ထိန်းသိမ်းစောင့်ရှောက်ရင်း စိန်ပန်း ပြာအသီးများကို မိုးရာသီသစ်ပင်စိုက် ကာလတွင် ဒေသအနှံ့စိုက်ပျိုးသွားမည် ဆိုပါက သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရာရောက်သည့်အပြင် မြို့ သာယာလှပစေမည်ဖြစ်ကြောင်း သစ်ပင် ချစ်မြတ်နိုးသူများအဖွဲ့မှ ဦးစိုးဝင်းက ပြောသည်။ **မောင်ကို(သာစည်)**



# ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်က ကျောင်း ၁၃ ကျောင်းတွင် ရွေ့လျားစာကြည့်တိုက်များ ဖွင့်လှစ်ပေးထား

**ဖျာပုံ ဇွန် ၁၂**
အမျိုးသားစာဆိုကြီး ဆရာဇော်ဂျီအား ဂုဏ်ပြုသောအားဖြင့် ၂၀၀၈ ခုနှစ်မှ စတင်ကာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ ဖွင့်လှစ်ခဲ့သော ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်အနေဖြင့် မြို့နယ်အတွင်းရှိ ကျောင်းများသို့ ရွေ့လျားစာကြည့်တိုက်များ လိုက်လံဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

စာကြည့်တိုက်သို့လာရောက်ရန် အခက်အခဲရှိသည့် ဖျာပုံမြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူများအတွက် ရွေ့လျားစာကြည့်တိုက်(Mobile Library) များကို ကျောင်းများတွင် လိုက်လံဖွင့်လှစ်ပေးနေခြင်းဖြစ်သည်။ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်မှ ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဖျာပုံမြို့နယ်အတွင်းရှိ ကျုံတာကျေးရွာ အထက၊ ရှမ်းကွင်းကျေးရွာ အမက၊ သလိပ်ကြီးကျေးရွာ မူလတန်းလွန်ကျောင်း၊ ချောင်းတွင်းကျေးရွာ အမက၊ ဖျာပုံတမံကျေးရွာ အထက၊ ကျုံကူတူးမြောင်းကျေးရွာ မူလတန်းလွန်ကျောင်း၊ ကျုံကူကျေးရွာ အမက၊ အကြီးဝကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့အပြင် မြို့ပေါ်၌ စံပြအမက၊ တောင်ပိုင်းအမက၊ မန်းကျည်းတန်းအမက၊ ဓမ္မသုခ အမကနှင့် အမှတ်(၁၈)အမက စုစုပေါင်း ၁၃ ကျောင်း၌ ရွေ့လျားစာကြည့်တိုက်များ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။


ကျောင်းများတွင် ရွေ့လျားစာကြည့်တိုက်အဖြစ် ထားရှိပေးမည့် စာအုပ်ပုံးများ

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်မှူး ဦးမြင့်အောင်က "ကျွန်တော်တို့ Moblie Library ထွက်တဲ့အခါ မြို့ပေါ်ကျောင်းတွေထက် စာကြည့်တိုက်ကို နေ့စဉ်မလာနိုင်တဲ့ ကျေးရွာကျောင်းတွေကို ဦးစားပေးရွေးချယ်ပါတယ်။ မဖြစ်မနေ လက်ခံပေးရမယ်လို့ ကျောင်းတွေကို ဖိအားမပေးပါဘူး။ လျာထားတဲ့ကျောင်းတွေအရောက် စာကြည့်တိုက်အမှုဆောင်အဖွဲ့ဝင်တွေ၊ ဝန်ထမ်းတွေက အရင်ကွင်းဆင်းပါတယ်။ ကျောင်းတွေက စိတ်ဝင်တစား လက်ခံပြီဆိုမှ အဲဒီကျောင်းက စာကြည့်တိုက်ကို တာဝန်ယူမယ့် ဆရာ၊ ဆရာမထံ စာအုပ်တွေ လက်ရောက်အပ်ပါတယ်။ အဓိကက ကလေးတွေ စာဖတ်စေချင်တယ်။ တစ်ကျောင်းကို စာအုပ်တစ်ရာကို တစ်လထားပေးမယ်။ ပြီးရင် နောက်အုပ်တစ်ရာ ထပ်လဲပေးဖို့ စီစဉ်ထားပါတယ်။ စာအုပ်ပုံးတစ်ပုံးအတွက် ကာလတန်ဖိုး ကျပ်တစ်သိန်း ကျသင့်ပါတယ်။ စာကြည့်တိုက်မှာ ကလေးစာပေ ကာလတန်ဖိုး ကျပ်သိန်း ၂၀ ဖိုးလောက် စာအုပ်တွေ စုဆောင်းထားပါတယ်။ နေ့စဉ် ကလေးစာဖတ်ဆောင် သီးခြားဖွင့်လှစ်ထားပါတယ်"ဟု ပြောသည်။

ရွေ့လျားစာကြည့်တိုက် လိုက်လံဖွင့်လှစ်ထားသည့် ကျောင်းတစ်ကျောင်းမှ ဆရာမတစ်ဦးကလည်း "ကလေးတွေက တကယ်လေ့ကျင့်ပေးရင် ရပါတယ်။ သူတို့ စာဖတ်ကြတယ်။ ကျောင်းလွှတ်ရင် ကျောင်းမှာရှိတဲ့စာအုပ်လေးတွေ မျှဖတ်ကြတယ်။ တချို့ကလေးတွေဆို ဖတ်ပြီးသားတွေဖြစ်နေလို့ အသစ်ဖတ်ချင်ကြောင်း ပြောကြတယ်။ အခု စာကြည့်တိုက်က ကလေးဖတ်စာအုပ်တွေ လာပို့လို့ ဝမ်းသာပါတယ်။ ကလေးတွေဖတ်နိုင်အောင်လည်း သေချာစီစဉ်ပေးပါမယ်။ အခုလို Mobile Library ဖွင့်လှစ်ပေးတဲ့ ဆရာဇော်ဂျီစာကြည့်တိုက်မှ တာဝန်ရှိသူတွေကို ကျေးဇူးတင်တယ်"ဟု ပြောသည်။

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်အနေဖြင့် ဖျာပုံမြို့နယ်အတွင်းမှ အချို့သော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် သီလရှင်သင် ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူလေးများအား ကြိုပို့ယာဉ်ပါ စီစဉ်ပေး၍ စာကြည့်တိုက်သို့ လာရောက်လေ့လာနိုင်ရန်နှင့် စာအုပ်များဖတ်ရှုနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ရေရှားပါးနေဆဲဖြစ်သည့် ကျေးရွာသုံးရွာသို့ သောက်သုံးရေများသွားရောက်လှူဒါန်း

**ညောင်ဦး ဇွန် ၁၂**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရဆဲဖြစ်သော ရွာသစ်တောင်ကျေးရွာ၊ ပျဉ်တိုင်းကျေးရွာနှင့် လက်ပံပင်တဲတိုက်တို့မှ ပြည်သူများအတွက် သောက်သုံးရေများကို မြင်းကပါကျေးရွာ ရတနာဘုံစံတောရကျောင်းတိုက်ဆရာတော် အရှင်သာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာ ရေအလှူတော်အသင်းနှင့် သုမင်္ဂလာ ရေအလှူတော်အသင်းတို့ ပူးပေါင်း၍ ဇွန် ၁၀ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရန်အတွက် ဖြူစင်မေတ္တာ ရေအလှူတော်အသင်းဝင်များက သုမင်္ဂလာ ရေအလှူတော်အသင်းမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ရေဂါလန် ၇၅၀၀ ကို ရေသယ်ယာဉ်များဖြင့် သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ရွာသစ်တောင်ကျေးရွာ၊ ပျဉ်တိုင်းကျေးရွာနှင့် လက်ပံပင်တဲတိုက်မှ ပြည်သူများအတွက် ရေဂါလန် ၂၅၀၀ စီကို ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း၊ မိုးရာသီကာလဖြစ်သော်လည်း ညောင်ဦးမြို့နယ်အတွင်းမှ ကျေးရွာအချို့တွင် သောက်သုံးရေ ရှားပါးနေဆဲဖြစ်ရာ အဆိုပါကျေးရွာများမှ ဒေသခံပြည်သူများအတွက် သောက်သုံးရေများကို ဖြူစင်မေတ္တာ ရေအလှူတော်အသင်း အနေဖြင့် ဆက်လက် ဖြန့်ဝေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ဖြူစင်မေတ္တာ ရေအလှူတော်အသင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးဝင်းမင်းထွန်းက ပြောကြားသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# (၃၄)ကြိမ်မြောက် ဗုဒ္ဓယဉ်ကျေးမှု ဆုပေးပွဲကျင်းပ

**မိုင်းယောင်း ဇွန် ၁၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၏ (၃၄)ကြိမ်မြောက် ဗုဒ္ဓယဉ်ကျေးမှုဆုပေးပွဲကို မိုင်းယောင်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်၌ ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းတိုက် ဆရာတော်က ဆုပေးပွဲနှင့်စပ်လျဉ်း၍ ဩဝါဒမိန့်ကြားပြီး ထေရဝါဒဗုဒ္ဓသာသနာပြု(မိုင်းယု)ကျောင်းတိုက်ဆရာတော်က သီလချီးမြှင့်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူများ သင်တန်းပြီးမြောက်အောင်မြင်သည်အထိ ထောက်ပံ့လှူဒါန်းပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ သင်တန်းသား သင်တန်းသူများအား အောင်လက်မှတ်များနှင့် ထူးချွန်သူများအား ဆုများကိုလည်းကောင်း ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်း၊ မြို့နယ် သာသနာ့နုဂ္ဂဟဥက္ကဋ္ဌ ဦးစံသိန်း၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးရဲရင့်အောင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ ရက်သတ္တပါးပတ်ကြာ ဖွင့်လှစ်ခဲ့သည့် အဆိုပါသင်တန်းတွင် မိုင်းယောင်းနှင့် မိုင်းယုမြို့တို့မှ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တပ်မတော်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**နတ်တလင်း ဇွန် ၁၂**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ပဲမခမ်းကျေးရွာအုပ်စုမှ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို တပ်မတော်ဆေးကုသရေးအဖွဲ့က ဇွန် ၁၀ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တပ်မ(၆၆)နည်းဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ထွန်းဟန်၊ တပ်မတော်စစ်ဆေးရုံ အမှတ်(၆/၁၀၀)မှ ပါရဂူ ဗိုလ်ကြီးမင်းမင်းထွန်း၊ အမှတ်(၅) ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးထက်သူရိန်ကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ဆေးတပ်ဖွဲ့ဝင်များက ပဲမခမ်းကျေးရွာအုပ်စု သာယာကုန်းရွာ ဘုန်းတော်ကြီးကျောင်းသို့ ကွင်းဆင်းကာ ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ကွင်းဆင်း ဆေးဝါးကုသပေးရာတွင် ဒေသခံပြည်သူ ၂၃၀ ခန့်၏ အရိုးရောဂါ၊ သွားနှင့်ခံတွင်း၊ အထွေထွေရောဂါများကို စစ်ဆေးစမ်းသပ် ကုသပေးနိုင်ခဲ့ကြောင်း သိရသည်

**တင်မြင့်(နတ်တလင်း)**



# ရဲတပ်ဖွဲ့နှင့် လျှပ်စစ်ဌာန ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲပြုလုပ်

**စလင်း ဇွန် ၁၂**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ငွေတောင်ကျေးရွာနှင့် ဖောင်းလင်းကျေးရွာတို့တွင် မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့် လျှပ်စစ်အန္တရာယ်အကြောင်း ဒေသခံပြည်သူများအား အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်လျှပ်စစ်ဌာနတို့ ပူးပေါင်း၍ ဇွန် ၁၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် စလင်းမြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းနိုင်က မြို့နယ်အတွင်း ဆိုင်ကယ် မဆင်မခြင်စီးနင်းမှုများကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားနေပုံနှင့် ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းများ၊ ယာဉ်မတော်တဆမှုကြောင့် ကြုံတွေ့ရနိုင်သော ဆိုးကျိုးများဖြစ်သည့် လူငယ်များ၏ လုပ်အားတန်ဖိုးကျဆင်းခြင်း၊ သေဆုံးခြင်း၊ ဒုက္ခိတဖြစ်ခြင်း၊ အမှုအခင်းရင်ဆိုင်ရ၍ အချိန်ကုန် ငွေကုန်ခြင်းစသည့် ဆိုးကျိုးများအကြောင်း၊ ယာဉ်တိုက်မှုများမဖြစ်ပွားအောင် ဆောင်ရန် ရှောင်ရန်များ၊ မူခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးနှင့် မူခင်းကျဆင်းရေးအတွက် ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ရေးစသည်တို့ကို အသေးစိတ် အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလင်းအောင်က ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုရာတွင် အရည်အသွေးမီသည့် လျှပ်စစ်ပစ္စည်းများကို အသုံးမပြုခြင်းကြောင့်လည်းကောင်း၊ လျှပ်စစ်မီးကို ပေါ့ဆစွာ သုံးစွဲခြင်းကြောင့်လည်းကောင်း မလိုလားအပ်သည့် လျှပ်စစ်အန္တရာယ်များဖြစ်ပွားတတ်၍ လျှပ်စစ်မီးအသုံးပြုရာတွင် စနစ်တကျသုံးစွဲကြရန် သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ပြီး ဟောပြောပွဲအပြီးတွင် ဒေသခံပြည်သူများအား မူခင်းကျဆင်းရေးနှင့် လျှပ်စစ်အန္တရာယ်အကြောင်း အသိပညာပေးလက်ကမ်းစာစောင်များကို ရဲတပ်ဖွဲ့ဝင်များနှင့် လျှပ်စစ်ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြသည်။

**စစ်ကြည်(စလင်း)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို စာစီစာကုံးနှင့်ပန်းချီပြိုင်ပွဲ ကျင်းပ

**ပူတာအို ဇွန် ၁၂**
ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြို စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည့် အဆိုပါပြိုင်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တတာဝန်ခံ ဒုတိယဦးစီးမှူး ဦးစိုးမိုးနိုင်က ပြိုင်ပွဲကျင်းပခြင်း ရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကိုရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများကို စတင်ကျင်းပပေးခဲ့ရာ စာစီစာကုံးပြိုင်ပွဲတွင် အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

စာစီစာကုံးပြိုင်ပွဲကို 'လူသားတို့ကမ္ဘာ မပျက်သုန်းဖို့ အန္တရာယ်မူးယစ် ဆန့်ကျင်စို့' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပန်းချီပြိုင်ပွဲကို 'မူးယစ်ကင်းစင် ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုး စီးပွားတိုး' ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကိုသိရှိကာ ရှောင်ကြဉ်နိုင်ရန်နှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လိုစိတ်ရှိလာစေရန် ရည်ရွယ်၍ ပြိုင်ပွဲကို ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်ပြည်သူ့စာကြည့်တိုက် ခန်းမ၌ ဇွန် ၁၇ ရက်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ရေကြောင်းသွားလာသည့်ပြည်သူများ ဘေးကင်းစေရန် အသက်ကယ်အင်္ကျီများ ထောက်ပံ့ပေးအပ်

**တာချီလိတ် ဇွန် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာရှိ အပြည်ပြည်ဆိုင်ရာ ဝမ်ပုံဆိပ်ကမ်း၌ ရေကြောင်းခရီးသွားလာနေရသူ ပြည်သူများ မိုးရာသီကာလအတွင်း သဘာဝဘေးကြုံတွေ့ပါက အန္တရာယ်ကင်းရှင်းစေရေးအတွက် ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မောင်းနှင်သူများအား အသိပညာပေးဟောပြောပွဲနှင့် အသက်ကယ်အင်္ကျီများ ပေးအပ်လှူဒါန်းပွဲကို ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ)က ကြီးမှူး၍ ဇွန် ၁၀ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးလှမိုးက ရေယာဉ်မောင်းနှင်သူများအနေဖြင့် အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်းမပြုရန်၊ သတ်မှတ်လူဦးရေနှင့် ကုန်ချိန်ထက်ပို၍ တင်ဆောင်ခြင်းမပြုရန်၊ လှေအကူများ ထားရှိရန်၊ ရေယာဉ်တွင် စီးနင်းလိုက်ပါသည့် ခရီးသည်များအတွက် အသက်ကယ်အင်္ကျီတစ်ထည်စီ ထားရှိရန် စသည့်အချက်များကို ရေယာဉ်မောင်းသူများနှင့် ခရီးသည်များအား အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ဝမ်ပုံ)မှ တပ်ဖွဲ့ဝင်ရေယာဉ်မှူး ရဲမှူးရဲမင်းထက်က ရေယာဉ်များတွင် စီးနင်းလိုက်ပါသည့် ခရီးသည်များအတွက် အသက်ကယ်လှေ၊ ဖောင်များ၊ ဘောကွင်းများ ပြည့်စုံစွာထားရှိရန်၊ ရေယာဉ်မောင်းနှင်ခြင်းဆိုင်ရာ ဥပဒေသများ၊ ရေယာဉ်များ လိုင်စင်မရှိပါက လိုင်စင်များပြုလုပ်ကြရန်စသည့်အချက်များကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ဒေသတွင်းမှ ရေကြောင်းခရီးသွားလာနေရသူ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် စက်လှေများတွင် အဆင်သင့်ထားရှိပေးရန် အသက်ကယ်အင်္ကျီအထည် ၆၀ ကို တာဝန်ရှိသူများက စက်လှေအသင်းအဖွဲ့ခေါင်းဆောင် ဦးစိုးနိုင်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**



ခရီးသည်များအတွက် စက်လှေများပေါ်တွင် အဆင်သင့်ထားရှိပေးရန် အသက်ကယ်အင်္ကျီများ ပေးအပ်နေစဉ်



## တိုက်ပွဲရှောင်ပြည်သူများအား ပြည်နယ်အစိုးရက စားသောက်စရိတ်ထောက်ပံ့

**ကျောက်မဲ ဇွန် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၈)ရပ်ကွက်ရှိ သန္တိသုခဓမ္မာရုံ ကယ်ဆယ်ရေးစခန်းသို့ တိုက်ပွဲရှောင် ရောက်ရှိနေကြသည့် ကွန်ကော်ကျေးရွာအုပ်စု တော့ဖယ်ကျေးရွာနေ အိမ်ထောင်စု ၄၃ စုမှ လူဦးရေ ၁၄၈ ဦးတို့အတွက် စားသောက်စရိတ် ထောက်ပံ့ငွေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဇွန် ၉ ရက်က ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်အစိုးရမှပေးပို့သည့် စားသောက်စရိတ်ထောက်ပံ့ငွေများ ပေးအပ်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က ထောက်ပံ့ငွေ လာရောက်ပံ့ပိုးလှူဒါန်းရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်အစိုးရကိုယ်စား ကျောက်မဲမြို့နယ် စစ်ဘေးရှောင်ကော်မတီ အဖွဲ့ဝင်များက တိုက်ပွဲရှောင်အိမ်ထောင်စု ၄၃ စုတို့အတွက် တစ်ပတ်စာ စားသောက်စရိတ်ထောက်ပံ့ငွေ ကျပ် ၁၁ သိန်းနီးပါးကို ပေးအပ်လှူဒါန်းခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**



ပေါက်ခေါင်းမြို့နယ် ငါးမြွေဇင်းကျေးရွာရှိ ငါးမြွေဇင်းတံတားပျက်စီးနေမှုကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူးတို့ ဇွန် ၉ရက်က ပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးစဉ်
(မြို့နယ် ပြန်/ဆက်)

# ဧရာဝတီမြစ်အတွင်း ရေပြင်ရှာဖွေရေးနှင့် ကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်



**ရွှေကူ ဇွန် ၁၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့တွင် ဖွင့်လှစ်လျက်ရှိသော သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၇)သို့ တက်ရောက်လျက်ရှိသော သင်တန်းသားများ၏ ရေပြင်ရှာဖွေရေးနှင့် ကယ်ဆယ်ရေး သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုများကို ရွှေကူမြို့ အမှတ်(၂)ရပ်ကွက်သဘော်ဆိပ် ဧရာဝတီမြစ်အတွင်း၌ ဇွန် ၉ ရက်က ပြုလုပ်ခဲ့ကြသည်။

အရေးပေါ် ဘေးအန္တရာယ် ကြုံတွေ့နေရသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ ရေနစ်သူများကို ကယ်ဆယ်ပြီးနောက် ကြက်ခြေနီ ရှေးဦးသူနာပြုစုနည်းဖြင့် အသက်ကယ်တင်ပုံများကို သင်တန်းသားများက ဧရာဝတီမြစ်အတွင်း၌ လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြခြင်းဖြစ်သည်။

သရုပ်ပြလေ့ကျင့်မှု ပြုလုပ်ရာသို့ ကချင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှူး ဦးမင်းသိန်းနှင့် ဝန်ထမ်းများ၊ ရွှေကူမြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းချစ်နှင့် ကော်မတီဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးမျိုးဇော်သန်းနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက လိုအပ်သည်များ လာရောက်ကူညီဆောင်ရွက်ပေးကာ ဒေသခံပြည်သူများလည်း လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ဆီမီးခုံ-နန်းရီ**

## အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ကျောက်တန်း ဇွန် ၁၂**

၂၀၁၇ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် အထက(၂) ကျောင်း သော်ကရတနာခန်းမ၌ ဇွန် ၁၀ ရက်က ကျင်းပခဲ့ပြီး မြို့ပေါ်ရှိ အခွန်ထမ်းပြည်သူများနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး လက်ရှိကောက်ခံလျက်ရှိသော အခွန်ဆိုင်ရာကိစ္စရပ်များအကြောင်းကို မြို့နယ်အခွန်ဦးစီးမှူး ဦးဇာနည်ဟိန်းကလည်းကောင်း၊ စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခံလျက်ရှိသော အခွန်ဆိုင်ရာကိစ္စရပ်များကို မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးကိုကိုနောင်ကလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကိုမေးမြန်းရာ သက်ဆိုင်ရာ ဦးစီးဌာနမှူးများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **စိုးဝင်း(ကျောက်တန်း)**



နေပြည်တော် တိုင်းရင်းဆေးဦးစီးဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်းတိုင်းရင်းဆေးမှူး ဒေါ်ဥမ္မာမြတ်နှင့် ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအဖွဲ့က ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာအုပ်စု အတွင်းရှိ ဈေးကုန်းကျေးရွာ၊ ဆင်သေကျေးရွာ၊ ဈေးကုန်းကွက်သစ်ကျေးရွာနှင့် စက်ရုံကျေးရွာများမှ ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဇွန် ၁၀ ရက်က ကွင်းဆင်းဆောင်ရွက်ပေးနေစဉ်။ မင်းမဟော်(ပြန်/ဆက်)

## ဆိုင်ကယ်စက်ပြင်သင်တန်းဖွင့်

**သံတွဲ ဇွန် ၁၂**

သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်စက်ပြင်သင်တန်းကို မေလနောက်ဆုံးပတ်ကကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က အမှာစကား ပြောကြားပြီး သံတွဲမြို့နယ် ကျေးလက်မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးက အသက်မွေးဝမ်းကျောင်းအထောက်အကူဖြစ်စေရန်နှင့် ဝင်ငွေရှာဖွေနိုင်စေရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ကြောင်း ပြောကြားပြီး၊ သံတွဲမြို့ စက်မှုလက်မှုသိပ္ပံမှ စက်မှုအင်ဂျင်နီယာမှူး ဦးဖြိုးဝေအောင်က သင်တန်းသင်ကြားမှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါသင်တန်းသို့ သံတွဲမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄ စု၊ ကျေးရွာပေါင်း ၁၇ ရွာမှ သင်တန်းသား ၉၄၀ တက်ရောက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေးကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**နမ့်ခမ်း ဇွန် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ရပ်ကွက်အလိုက် စီမံချက်ဖြင့် အပတ်စဉ်ဆောင်ရွက်ပြီး ခြင်များခိုအောင်းနိုင်သည့်နေရာများကို ဆေးဖျန်းခြင်း၊ ရေတွင်းရေကန်များတွင် ပိုးလောက်လမ်းသတ်ဆေးထည့်ခြင်း၊ ခြင်ပေါက်ပွားနိုင်သည့်နေရာများကို ရှင်းလင်းခြင်း၊ ပြည်သူများအား အသိပညာပေးခြင်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး ဇွန် ၁၀ ရက်က အမှတ်(၅) နှင့် အမှတ်(၆)ရပ်ကွက်အတွင်း လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ
ဒေါက်တာမင်းသန့်(ခ)မင်းဌေး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကျောင်းအုပ်ကြီး၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ
စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်)-ဒေါ်သီတာအောင်တို့၏သားကြီး
မောင်အောင်သန့်ကို M.E(Arch), Thesis၊ မောင်ထက်လင်းအောင် 1st Year, AGTI (Civil) တို့၏အစ်ကိုကြီး

**ဗိုလ်ကြီးမင်းရဲထွဋ်**

**B.E(Mechanical), M.E(Mechanical), D.S.T.A**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးဝင်းလှိုင်[လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားလွှတ်တော်ရှေ့နေ]-ဒေါ်နွယ်ဝင်းတို့၏သမီးငယ်
မဆုထက်လှိုင်၏ညီမ

**မထက်စန္ဒီလှိုင်**

**B.A(EPP), ACCA(Part-2), CISI(Level-4), Diploma in France Intermediate**

တို့၏ ၂-၆-၂၀၁၇ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဥပဒေချုပ်ရုံး၌ ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဝင်းတင်အားလည်းကောင်း၊ ၈-၆-၂၀၁၇ ရက်တွင် မဟာစည်သာသနာ့ရိပ်သာ(ဗဟန်း)၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဒီဂရီကောလိပ်(ရန်ကုန်)နှင့် ဗလကတို့မှ လုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း၊ ၁၁-၆-၂၀၁၇ ရက်တွင် NOVOTEL YANGON MAX HOTEL ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများချီးမြှင့်၍ စုလျားရစ်ပတ်ထိမ်းမြားပေးပါသော နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)ဦးသန်းဝင်းနှင့်ဇနီးဒေါ်သန်းသန်းအေး၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ချုပ် တရားသူကြီးဦးအောင်နိုင်နှင့် ဇနီးဒေါ်ညိုညိုလွင်အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၏ဇနီး ဒေါ်ခိုင်မေကြူ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၏ ဇနီး ဒေါ်နီလာလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးရဲနိုင်နှင့် ဇနီးဒေါ်သီသီခိုင်၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးနှင့် ဇနီး ဒေါ်ခိုင်ငြိမ်းအေးတို့အားလည်းကောင်း၊ စစ်ဘက် နယ်ဘက် ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ အငြိမ်းစားအရာရှိကြီးများနှင့်ဇနီးများ၊ မင်္ဂလာဧည့်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဥက္ကဋ္ဌ၊ မြို့တော်ဝန်(ငြိမ်း)၊ နိုင်ငံတော်သမ္မတရုံး ဝန်ကြီး(ငြိမ်း) ဦးသိန်းညွှန့်နှင့် ဇနီးဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း(ငြိမ်း)နှင့် ဇနီးဒေါ်ခင်လေးမြင့်၊ စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် မိတ်ဆွေသင်္ဂဟအပေါင်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်တေး သီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်၊ ချစ်ချစ်ကျော်တေးဂီတအဖွဲ့နှင့်တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးပါသော မောင်ဇေယျာလင်း၊ မစိုးရတနာထက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မတင်ဇာအောင်၊ မင်္ဂလာ လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မကေသီသွယ်၊ မင်္ဂလာသတို့သားအရံများဖြစ်သော မောင်အောင်သန့်ကို၊ မောင်ထက်လင်းအောင်၊ မင်္ဂလာသတို့သမီးအရံများဖြစ်သော မမေသူကျော်၊ မဆုမြတ်ဝေလွင်၊ မင်္ဂလာဝတ်စုံနှင့်လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော Lin Lin (Make up Artis) နှင့် မင်္ဂလာပန်းအလှဆင်ပေးပါသော မာမီကျော်၊ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံများရိုက်ကူးပေးပါသော Love Diary အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲနှင့် ညစာစားပွဲတွင် လိုအပ်ချက်မရှိ ဆောင်ရွက်ပေးပါသော NOVOTEL YANGON MAX HOTEL မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စေရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုး မိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးမင်းရဲထွဋ်-မထက်စန္ဒီလှိုင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၅၄၄၆၂ Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင်သိန်း ၉/မရတ(နိုင်)၀၄၁၄၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉၅/၂၉၁၆၇ Forland BJ 2810 CD9(F/T) ယာဉ်လက်ဝယ်ရှိသူ Shwe Tun Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5J/5735 CHENGLONG DUMP TRUCK (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၁၂/လကန(နိုင်)၂၁၅၉၉၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/1402 Toyota Belta KSP 92 SALOON (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်း ၉/မနတ(နိုင်)၀၁၆၇၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ဦးဘဟန်လမ်း၊ အိမ်အမှတ်(၆၇)၊ (အလျား၄၅×အနံ၂၅) အကျယ်အဝန်းရှိ မြေပေါ်တွင်ဆောက်လုပ်ထားရှိသော ၄ထပ်တိုက်အဆောက်အအုံရှိ (အလျား ၁၂×အနံ၄၀)ပေ မြေညီထပ်ခြေရင်းခန်းအား မြေပိုင်ရှင်ဖြစ်သူ ဒေါ်ဝင်းမော် (TGKN-၀၅၆၈၅၃)ထံမှ ၈-၆-၂၀၁၇ရက်တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရောင်းဖိုးငွေအား ပေးချေ၍ တိုက်ခန်းအား လက်ရောက်ဝယ်ယူထားရှိခဲ့ပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းထွဋ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၁၅၃)**
**အမှတ်(၄၀/ခ)၊ တကောင်းလမ်း၊ ၅ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၃၆၈၇၆၇၆၂**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/3311 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/3029 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/7782 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/7687 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**


Number One Directory in Myanmar
YELLOW PAGES

# ဘာပဲလိုလို ?

## ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ကြော်ငြာရှင်များသို့အသိပေးအကြောင်းကြားခြင်း.....

ဘာပဲလိုလို ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်ကို တည်ထောင်ခဲ့သည့် နှစ်ပေါင်း ၂၅နှစ်အတွင်း ယုံကြည်စွာ လက်တွဲခဲ့ကြသော စီးပွားရေးလုပ်ငန်းရှင်များ၊ အားကိုးသုံးစွဲခဲ့ကြသော မိဘပြည်သူများ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။ ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် ၂၀၁၈အတွက်ကြော်ငြာများလည်း လက်ခံလျက်ရှိပါသည်။ ယခုအခါ ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန်ကို ယုံကြည်စွာအားပေးနေကြသော လုပ်ငန်းရှင်များထံသို့ အချို့သော လမ်းညွှန်စာအုပ်များမှ ရန်ကုန်လမ်းညွှန်နှင့် မန္တလေးလမ်းညွှန် မှ ဝန်ထမ်းများအယောင်ဆောင်၍ ကြော်ငြာများအား နည်းမျိုးစုံ လိမ်လည်လှည့်ဖြားပြီး ကောက်ယူသွားသဖြင့် ဆုံးရှုံးမှုများဖြစ်နေသည်ကို အချို့ကြော်ငြာရှင်များထံမှ ပြန်လည်သိရှိ၊ ကြားသိရပါသည်။



သို့ပါသောကြောင့် ကျန်ရှိနေသောကြော်ငြာရှင်နှင့်လုပ်ငန်းရှင်များမှ ထပ်မံဆုံးရှုံးမှုမဖြစ်စေရန် ရန်ကုန်လမ်းညွှန်နှင့်မန္တလေးလမ်းညွှန်မှ ဝန်ထမ်းများ၏ယူနီဖောင်းများတွင် ? အမှတ်တံဆိပ်များရိုက်နှိပ်ပေးထားပါသည်။
လူကြီးမင်းတို့ကြော်ငြာထည့်သွင်းခဲ့သည့်ဝန်ထမ်းများ၏ယူနီဖောင်းတွင် ? အမှတ်တံဆိပ်ပါရှိမှသာ ရန်ကုန်လမ်းညွှန်နှင့်မန္တလေးလမ်းညွှန်မှ ဝန်ထမ်းအစစ်အမှန်ဖြစ်ကြောင်းလေးစားစွာဖြင့်အသိပေးအကြောင်းကြားအပ်ပါသည်။

PRINT + WEBSITE + MOBILE

“ စီးပွားလာဘ်လာဘများ ဒီရေအလားကြီးပွားတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ”

Advertise with us: 09 448001662 (YGN), 02 4000611 (MDY) | www..yangondirectory.com | www.mandalaydirectory.com



M50A
4G SMARTPHONE
MPT
ရှေ့သို့လှမ်းချီမြန်မာပြည်
MPT ၏ အထူးမြန်နှုန်းမြင့် 4G ကွန်ရက်အတွက်
အလိုက်ဖက်ဆုံးရွေးချယ်မှု
အပိုဆုလက်ဆောင်များ နှင့် ကြာရှည်ခံ ဘက်ထရီ
89,000 Ks
2.5GBx6
SIM : Dual SIM and Standby
Display : 5"HD
Memory : ROM 8GB+RAM 1GB
Camera : 5.0MP(Front) + 8.0 AF MP (Back)
Network : 2G/3G/4G(LTE)
Battery : 2800mAh
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များအတွက် လိုအပ်သောအောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Copier | 60 Nos |
| (ခ) | Desktop Computer | 215 Sets |
| (ဂ) | Laptop Computer | 28 Nos |
| (ဃ) | Laser Printer | 72 Nos |
| (င) | Colour Printer | 37 Nos |
| (စ) | Digital Copy Printer | 1 No |
| (ဆ) | UPS | 30 Nos |
| (ဇ) | Ricoh (Digital Duplicator) | 1 No |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၇ရက်မှ ၃၀-၆-၂၀၁၇ရက်အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၂-၇-၂၀၁၇ရက် ညနေ ၁၅:၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန (ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ် (၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၁၀သို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆရာဝန်များ အသင်းကြီး၏
# ညီလာခံကျင်းပခြင်း
## 17th ASEAN ORL-HNS Federation Congress

အထက်ပါညီလာခံကြီးကို အရှေ့တောင်အာရှဆိုင်ရာ တိုင်းပြည်များတွင် (၂)နှစ်လျှင် တစ်ကြိမ် ကျင်းပလျက်ရှိရာ ယခုနှစ် (၁၇)ကြိမ်မြောက်ကို မြန်မာနိုင်ငံ ဆရာဝန်များအသင်း လက်အောက်ရှိ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆရာဝန်များအသင်းမှ ဦးစီးတာဝန်ယူ၍ ပထမဆုံးအကြိမ်အဖြစ် အောက်ပါအစီအစဉ်များအတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကျင်းပမည့်ရက်များ** - ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၆၊ ၁၇၊ ၁၈ ရက်
**ကျင်းပမည့်နေရာ** - ရန်ကုန်မြို့ Melia' Yangon Hotel အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ပါဝင်မည့်အစီအစဉ်များ**

ညီလာခံအကြို အလုပ်ရုံဆွေးနွေးပွဲများ။

၁။ Microvascular Surgery Workshop
**နေရာ** နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
**နေ့စွဲ** ၁၅ နိုဝင်ဘာ ၂၀၁၇

၂။ Laryngeal Laser Surgery Workshop
**နေရာ** နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
**နေ့စွဲ** ၁၅ နိုဝင်ဘာ ၂၀၁၇

၃။ Cochlear Implant Surgery Workshop
**နေရာ** ဝိတိုရိယဆေးရုံ၊ ရန်ကုန်မြို့
**နေ့စွဲ** ၁၅ နိုဝင်ဘာ ၂၀၁၇

၄။ Facial Plastic & Reconstructive Surgery by AOCMF
**နေရာ** မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ ရန်ကုန်မြို့။
**နေ့စွဲ** ၁၄၊ ၁၅ နိုဝင်ဘာ ၂၀၁၇

၅။ Hearing International Workshop
**နေရာ** Inya Lake Hotel၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့။
**နေ့စွဲ** ၁၄၊ ၁၅ နိုဝင်ဘာ ၂၀၁၇

**ညီလာခံကြီးအစီအစဉ်များ**

နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းရောဂါများ၊ ကင်ဆာရောဂါများ၊ မျက်နှာနှင့်မေးရိုးရောဂါများ၊ မျက်နှာနှင့်လည်ပင်း ပြုပြင်/ပြင်ဆင်ဘာသာရပ်များ၊ မှန်ပြောင်းခွဲစိတ်မှုများ၊ အသက်ရှုလမ်းကြောင်းရောဂါများ စသည့်ဘာသာရပ်များ စုံစုံလင်လင်ပါရှိသဖြင့် အောက်ပါပုဂ္ဂိုလ်များတက်ရောက်နိုင်ပါသည်။

**တက်ရောက်နိုင်သူများ**

၁။ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆရာဝန်များ
၂။ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းဆိုင်ရာ ဘာသာရပ်များနှင့် နီးနွယ်ပညာရှင်များ (Maxillo-facial Surgeons,Plastic Surgeons,General Surgeons, Neuro Surgeons, Endoscopic Surgeons,Audiologists,Speech Therapists စသည်များ။)

**စာရင်းပေးသွင်းရန်**

ဤကမ္ဘာ့အဆင့်အတန်းမီ ညီလာခံကြီးကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သက်ဆိုင်သူများ တက်ရောက်နိုင်ရန် တက်ရောက်ခွင့်ဝင်ကြေးကို နိုင်ငံခြားဆရာဝန်များနှုန်း၏ တစ်ဝက်ကိုသာ သတ်မှတ်ထားပြီး၊ နီးနွယ်ဘာသာရပ်ဆိုင်ရာ ဆရာဝန်များအနေဖြင့် မိမိတို့ဆိုင်ရာ တစ်ရက် (သို့မဟုတ်) နှစ်ရက်ကိုသာ ဈေးနှုန်းချိုသာစွာဖြင့် တက်ရောက်ခွင့်ပြုထားပါသည်။

စိတ်ဝင်စားသူများ အောက်ပါပုဂ္ဂိုလ်များအား ဆက်သွယ်စုံစမ်း စာရင်းသွင်းနိုင်ပါသည်။

တွဲဖက်ပါမောက္ခဒေါက်တာ ဒေါ်ခင်စန်းလွင်
ဖုန်း-၀၉-၂၀၁၂၉၅၁
**E-mail:** lwin.khinsan11@gmail.com
**လိပ်စာ** နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းအထူးကုဆေးရုံကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီ။

အသေးစိတ် Academic Program သိရှိနိုင်ရန် Website: (www.aseanorl 2017.org)တွင် ရှာဖွေကြည့်ရှုနိုင်ပါသည်။

လူကိုယ်တိုင် မေးမြန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ မေးမြန်းနိုင်ပါသည်။

၁။ Prof. Soe Tin,President of the Congress
E-mail: Phillip.samual27@gmail.com
Tel: 09-459148592,09-5166495

၂။ Prof. Phone Myint Tun, Academic Chairman
E-mail: phonemyinttun@gmail.com
Tel:09-965030391

## ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နုတ်ယူပေးသွင်းရေးနှင့်စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ ဝင်ငွေခွန်ဥပဒေအရ ပေးချေငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးချိန်တွင် ငွေထုတ်ပေးသူက ပင်ရင်းမှနုတ်ယူ၍ သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရန် တာဝန်ရှိပါသည်။

၂။ အဆိုပါပင်ရင်းမှ နုတ်ယူပေးသွင်းငွေနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၇ နှင့် အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၇ တို့ကို ထုတ်ပြန်ခဲ့ပါသည်။

၃။ သို့သော်လည်း အခွန်ထမ်းပြည်သူများအနေဖြင့် အဆိုပါအမိန့်ကြော်ငြာစာများအရ အခွန်ဆိုင်ရာတာဝန်များကို လိုက်နာဆောင်ရွက်ရန် အခက်အခဲအချို့ ပေါ်ပေါက်လျက်ရှိကြောင်းသိရှိရသည့်အတွက် ပြန်လည်ပြင်ဆင်ထားသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၇ကို ၂၂-၅-၂၀၁၇ ရက်တွင် ထပ်မံထုတ်ပြန်ထားရှိခဲ့ပြီး ဖြစ်ပါသည်။

၄။ အဆိုပါအမိန့်ကြော်ငြာစာ ၅၁/၂၀၁၇ဖြင့် ယခင်ထုတ်ပြန်ထားရှိခဲ့သော အမိန့်ကြော်ငြာစာများကို လွှမ်းမိုးပယ်ဖျက်လိုက်သော်လည်း အခွန်နှုန်းထားများနှင့် အခွန်ပေးသွင်းရမည့်အခြေအနေများ၊ အကျိုးသက်ရောက်သည့်ကာလများမှာ မပြောင်းလဲကြောင်း အသိပေးအပ်ပါသည်။

၅။ ထိုသို့အမိန့်ကြော်ငြာစာအသစ် ထုတ်ပြန်ခြင်းကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့် ဆောင်ရွက်မှုတစ်ရပ်တည်းအတွက် အခွန်နှစ်ထပ် မကျသင့်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာတစ်ရပ်ရပ်အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရထားပါလျက် ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်း မပြုစေရန်လည်းကောင်း၊ နုတ်ယူခြင်းခံရမည့်သူက သက်ဆိုင်ရာအခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးတို့ထံ လျှောက်ထားလိုပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ ထိုသို့လျှောက်ထားလာလျှင် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးက ငွေထုတ်ပေးသူထံ ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းမပြုရန် (သို့မဟုတ်) ခုနှိမ်ပေး၍နုတ်ယူရန် အကြောင်းကြားစာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ထို့အပြင် ပေးချေငွေနှင့်စပ်လျဉ်း၍ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်တွင် အခွန်တာဝန်ထမ်းဆောင်ကြသည့် အခွန်ထမ်းများ၏ ငွေထုတ်ပေးရန် တာဝန်ရှိသူက အခွန်နုတ်ယူ၍ ပေးသွင်းခြင်းဖြစ်ပါက တစ်ကြိမ်လျှင် ကျပ် ၁၅သိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း၊ အခြားလုပ်ငန်းများဖြစ်လျှင် တစ်ကြိမ်လျှင် ကျပ်ငါးသိန်းထက်မကျော်လွန်လျှင်သော်လည်းကောင်း နုတ်ယူပေးသွင်းရန် မလိုအပ်ကြောင်းကိုလည်း ထပ်မံအသိပေးအပ်ပါသည်။

၈။ ယင်းအပြင် လယ်ယာထွက်ကုန်သီးနှံများ အရောင်းအဝယ်ပြုလုပ်ရာ၌ တစ်ဦးချင်းပုဂ္ဂိုလ်များသို့ ပေးချေငွေပေါ်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နှစ်ရာခိုင်နှုန်းအား နုတ်ယူပေးသွင်းရန်မလိုအပ်ဘဲ အပြည့်အဝပေးချေရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**ဖုန်း-၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉**

**ပြည်တွင်းအခွန်များဦးစီးဌာန**

## စစ်ကိုင်းတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း) မုံရွာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး (သာမန်/ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ မြန်မာငွေကျပ်ဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန်နှင့် အခြားလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား ဌာနသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) ဘိလပ်မြေ
(၂) မြစ်သဲ
(၃) ၆"၉"ကျောက်ကြီး
(၄) မြစ်ကျောက်စရစ်

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၅-၇-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၅-၇-၂၀၁၇ ရက် ၁၆:၀၀ နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

၂။ တင်ဒါတင်သွင်းလိုသူများသည် အသေးစိတ်အချက်အလက်နှင့် လျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၃၆၂၅၊ ၀၇၁-၂၃၆၂၆၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး(မုံရွာ) ဖုန်း-၀၇၁-၂၁၀၅၇၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး(ရေဦး) ဖုန်း-၀၇၅-၄၀၆၇၄နှင့် လက်ထောက်ညွှန်ကြားရေးမှူးရုံး(ကသာ) ဖုန်း-၀၇၅-၂၅၀၅၁များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/မစိုးရိမ်မြောက်၊ မြေကွက်/ဦးပိုင်အမှတ်(၉၆င)၊ ဧရိယာ ၀ဒသမ ၀၅၁ဧကရှိ ဦးထွန်းကျော်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်မာမာ ၉/လဝန(နိုင်)၀၇၄၇၃၇ (ဘ)ဦးချစ်မောင်မှပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်မူရင်း ကျမ်းကျိန်ချက်မူရင်း၊ ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ လမ်းဦးစီးဌာနမှ (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် လမ်းတာရှည်ခြင်း၊ Shotcrete နံရံတည်ဆောက်ခြင်း လုပ်ငန်းနှင့် လမ်း၊ တံတား၊ အဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ကတ္တရာ၊ ဒီဇယ်ဆီ၊ ဘိလပ်မြေ၊ သံချောင်း(ရွယ်စုံ)၊ ကျောက်(ရွယ်စုံ)၊ သဲ၊ အုတ်၊ Concrete Pipe, Gabion box၊ ယာဉ် (Double Cab/Extra Cab)နှင့် သစ်ခွဲသားပေးသွင်းခြင်း ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၆-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၇-၂၀၁၇ ရက် (ညနေ ၄:၃၀ နာရီ)
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၁-၇-၂၀၁၇ ရက် (နံနက် ၁၀:၀၀ နာရီ)

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ ဟားခါးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၇၀-၂၁၁၄၃ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအတွင်းရှိ အောက်ဖော်ပြပါစက်ရုံ/ဌာနများအတွက် ဆောက်လုပ်ရေးနှင့် စက်နှင့်စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းများအား (CIF, YGN)နိုင်ငံခြားငွေ (USD/EURO) (သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တည်နေရာ/အမျိုးအမည် | အရေအတွက်(မျိုး) |
|---|---|---|
| (က) | ဆောက်လုပ်ရေး | |
| | (၁) ဆေးဝါးစက်ရုံ(အင်းစိန်) | ၄ |
| | (၂) ဆေးဝါးစက်ရုံ(အင်ရောင်း) | ၃ |
| | (၃) သုတေသနဌာန(အင်းစိန်) | ၁ |
| (ခ) | **စက်နှင့်စက်ပစ္စည်း** | |
| | (၁) ဆေးဝါးစက်ရုံ(အင်းစိန်) | ၁၁ |
| | (၂) ဆေးဝါးစက်ရုံ(အင်ရောင်း) | ၁၀ |
| | (၃) သုတေသနဌာန(အင်းစိန်) | ၁ |

**တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၄-၆-၂၀၁၇ ရက် ၉:၃၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၄-၇-၂၀၁၇ ရက် ၁၆:၀၀နာရီ
**Website** - www.moi.industry.gov.mm
**တင်ဒါပေးသွင်းရမည့်နေရာ** - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အောက်ပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)စီမံရေးဌာန**
**ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၁၉၅**

## ဖခင်အမည်မှန်

တောင်ငူခရိုင်၊ ထန်းတပင်မြို့၊ သူကောင်းဖြစ် မူလွန်ကျောင်း စတုတ္ထတန်းမှ မောင်ဇင်မင်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးသန်းထိုက်အောင် ၇/ထတပ(နိုင်)၀၀၀၇၆၄ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(ဆောင်းပြောင်း) စတုတ္ထတန်းမှ ခွန်ထူးကြွယ်၏ဖခင်အမည်မှန်မှာ ခွန်မောင်စိန် ၁၃/ပလန(နိုင်)၀၇၆၁၀၃ ဖြစ်ပါကြောင်း။

**ခွန်မောင်စိန်**

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(ခွဲ)ထီတလိ အဋ္ဌမတန်းမှ မူရတနာသင်း၏ ဖခင်အမည်မှန်မှာ ခွန်သောင်းဆွေ ၁၃/ပလန(နိုင်)၀၃၈၀၄၈ ဖြစ်ပါကြောင်း။

**ခွန်သောင်းဆွေ**

## တစ်ဦးတည်းဖြစ်ကြောင်း

ကသာခရိုင်၊ ပင်လည်ဘူးမြို့၊ အထက၊ သတ္တမတန်းမှ မောင်သန့်ဇင်အောင်၏ ဖခင် ဦးဝင်းနိုင်(ခ) ဦးနေရိုင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကသာမြို့၊ အလက(၁)၊ အဋ္ဌမတန်း(A)မှ မောင်ဇင်ကိုဝင်း၏ ဖခင်အမည်မှန်မှာ ဦးမာန်ဇော အောင် ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးမော်လောက်အဲ၏ သမီး ကျောက်မဲမြို့၊ အမက(၃)မှ ပထမတန်းအောင်မြင်ခဲ့သော မမော်ကျားယိ(ခ)မရွှေရည်၏ အမည်မှန်မှာ မရွှေရည်ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ညောင်ရွှေမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းအောင်၏ဖခင်အမည်မှန်မှာ ဦးစောနိုင်ဦး ၁၃/ညရန(နိုင်)၀၀၇၂၉၃ ဖြစ်ပါကြောင်း။

**ဦးစောနိုင်ဦး**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၃)၊ နဝမတန်းမှ မောင်ဇင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြည် ၁၃/ဖခန(နိုင်)၀၅၆၃၁၆ ဖြစ်ပါကြောင်း။

**ဦးအောင်ကြည်**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ငဲပျိုအား ယနေ့မှစ၍ မောင်ဒါညေးလက်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဒါညေးလက်**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အေးသာယာ အလက(ခွဲ)၊ သတ္တမတန်းမှ မထက်ထက်စန်းဦး၏ ဖခင်အမည်မှန်မှာ ဦးတင်မျိုးလှိုင် ၉/သစန(နိုင်)၁၃၇၆၂၈ ဖြစ်ပါကြောင်း။

**ဦးတင်မျိုးလှိုင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

